www.burmeseclassic.com

# ရန်ကုန်သူလေးသိပါစေ

ရင်ခုန်တတ်ခဲ့
ဆယ်ကျော်သက်အရွယ်
အချစ်ဆိုတဲ့အရာ
ရူးသွပ်စက်မောကြွတာကို
ဟာသအလွမ်းကဗျာများဖြင့်
ရေးဖွဲ့လိုက်သည်
ရန်ကုန်သူလေးသိပါစေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်သူလေးသိပါစေ



## အခန်း(၁)

"ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး၊ တစ်ခုခုလုပ်ရင် တစ်ခုခု ဖြစ်သွားတော့တာပဲ"

လပြည့်က လက်ဖက်ရည်ဆိုင်ထိုင် ထိုင်ခြင်း လက်ညှိုးမှာ ပတ်ထားတဲ့ ပလာစတာလေးကိုထောင်ပြကာ ပြောလိုက်လို့ သုတ မျက်မှောင် ကြုံ့မိသွားတယ်။

"မင်း ဘာဖြစ်လာတာလဲ လပြည့်"

လပြည့်က သက်ပြင်းတစ်ချက်ချကာ ရီဝေဝေလေးနဲ့…

"မနက်ကကွာ မေမေ မအားလို့ ငါကြက်ဥကြော်ရင်း လက်ကို ဓားထိသွားတာလေ"

လပြည့်စကားကြောင့် သုတ မျက်မှောင်ပိုပြီးကြုံ့သွားပြီး။

"မင်းက ကြက်ဥအစိမ်းကို ဓားနဲ့ပါးပါးလှီးပြီး ကြော်လို့ လက်ကို ဓားထိသွားတာလား လပြည့်"

"ဟာ…မဟုတ်တာ၊ကြက်ဥထဲထည့်မလို့ကြက်သွန်လှီးရင်း နဲ့ လက်ကို ဓားထိသွားတာ၊ ကျွတ်…ကျွတ် ပြောရင်းနဲ့ ဒဏ်ရာက တဆစ်ဆစ်နဲ့ နာလာပြန်ပြီ"

လပြည့်မျက်နှာလေး ရှုံ့မဲ့ကာ ပါးစပ်ထဲမှ ထွက်လာတဲ့လေနဲ့ လက်ချောင်းလေးကို တဖူးဖူးမှုတ်နေတယ်။ ပုံစံက အရမ်းနာသလိုမျိုးပေါ့၊ အဲ့ဒါကို မြင်တော့ သုတစိတ်ထဲ အမြင်ကပ်သွားတယ်။

"ပြစမ်း…မင်းဒဏ်ရာ တော်တော်များလား"

www.burmeseclassic.com

www.burmeseclassic.com



“အေး…ထိုတုန်းကတော့ သွေးအနီတွေ ထွက်လာတယ်”

“မင်းဘိုးအေမှပဲ…သွေးက အဖြူရှိလို့လား”

သုတပြောရင်း လပြည့်ရဲ့လက်ကို ဆတ်ခနဲလှမ်းကိုင်ကာ ညှစ်လိုက်ပါတယ်။ ဒါကြောင့် လပြည့်ရဲ့ရှူးစူးဝါးဝါးအော်သံက တစ်ဆိုင်လုံးကို ဖုံးလွှမ်းသွားတယ်၊ တော်သေးတာပေါ့၊ ဆိုင်မှာလူရှင်းလို့။

“မင်း ဖတော်တော် ရက်စက်တဲ့ကောင်ကွာ၊ နာလိုက်တာ ကျွတ်…ကျွတ်…ကျွတ်”

“ဆောရီးကွာ…ငါ့ယောင်သွားလို့၊ ဘာဖြစ်သွားလဲ ပြစမ်း”

လပြည့်က ချက်ချင်းပဲ ဘယ်ဘက်လက်ညှိုးလေးကို ညာဘက်လက်နဲ့ ဆုတ်ကိုင်ဖုံးကွယ်လိုက်တယ်။

“ပြစမ်းပါ”

“ဟင့်အင်း”

“ပြပါကွာ”

“မပြပါဘူးဆို”

“မဖျစ်တော့ဘူးလေ”

“လုံးဝ မယုံဘူး သုတ”

“ငါ ဖျစ်တာ မင်းနာလို့လား”

“နာတာပေါ့ကွ”

“ဒါဆို စိတ်မကောင်းစရာပဲ”

“ဟင်…ဘာဖြစ်လို့လဲ”

“ဒဏ်ရာဆိုတာ နာရင်မကောင်းဘူးကွ၊ ဒီအတိုင်းဆို မင်းလက်ဖြတ်ပစ်ရလိမ့်မယ်”

“ဘာ”

“တကယ်ပြောတာ မယုံရင် မင်းအမေကို မေးကြည့်ပါလား”

“တကယ်ပြောတာနော်”

“သြော်…တကယ်ပါဆို”



“ဒါဆို ငါ့လက်ချောင်းဖြတ်ရတာ မင်းကြောင့်ပဲ သုတ”

“ဟိုက်…မြတ်စွာဘုရား၊ ဘာမှမဆိုင်ဘူး”

“မသိဘူးကွာ…မင်းလက်ချောင်း ပြန်တပ်ပေးရမယ်”

ဒုက္ခပဲ…အဲဒါမှ တကယ့်ပြဿနာ၊ လပြည့်ကိုကြည့်လိုက်တော့ ကျတဲ့မျက်ရည်ကို သုတ်နေပြီး ရှာတော့မယ့်မိုးလို မျက်နှာတစ်ခုလုံး ပြုံးဆင်းလာတယ်။ ဒီကောင် တကယ်ဆိုရင် လုံးဝမလွယ်ဘူး၊ တစ်ခါဆိုရင် တစ်ခါခြင်းကနေ နှစ်နာရီလောက်အထိကြာတတ်တာ၊ ခုအချိန်မှာ ချော့ရင်မီသေးတယ်။ ဒီလိုဆို ဘယ်လိုချော့မလဲ၊ ထိုအချိန်မှာပဲ ဆိုင်ရှေ့ကိုပန်းဖောင်းရောင်းတဲ့ လူဖြတ်သွားတာ မြင်လိုက်လို့ အာရုံတစ်ခုလွှဲပေးဖို့ အကြံရသွားတယ်၊

“ဟာ…ပူဖောင်းလေးတွေ လှလိုက်တာ”

“ဟင်…ဘယ်မှာလဲ”

“ဟိုမှာလေ”

လပြည့်က သုတလက်ညှိုးထိုးပြတဲ့ဆီကို လှမ်းကြည့်လိုက်တယ်…

“အေးနော်…လှလိုက်တာ”

“မင်းလိုချင်ရင် ငါဝယ်ပေးမယ်လေ”

“တကယ်လား သုတ၊ ဒါဆို ဟို ဘဲရုပ်ပူဖောင်းလေး ဝယ်ပေးကွာ”

သုတ ကဗျာကယာထကာ ပူဖောင်းသည်ဆီက လပြည့်ပြောတဲ့ ဘဲရုပ်ပူဖောင်းလေးကို ဝယ်လိုက်တယ်။

“ရော့…မင်းလိုချင်တဲ့ ဘဲရုပ်”

“လှလိုက်တာကွာ…အိမ်ပြန်ပြီး သေချာမွေးလိုက်ဦးမယ်”

လပြည့်က ဘဲရုပ်လေးကို သက်ရှိသတ္တဝါ တစ်ကောင်အလား ယုယသပ်ချော့မော့ပြီး ဆိုင်ထဲက မပြောမဆို ပြေးထွက်သွားပါတယ်။

“လပြည့်”

သုတ လှမ်းခေါ်ပေမယ့် လပြည့်က လုံးဝအရေးမစိုက်တော့ပေ၊ ဘယ်လောက်အထိ ပတ်ဝန်းကျင်ကို မေ့လျော့သွားသလဲဆိုရင် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်လာနေတဲ့ သူရိန်ကိုတောင် မမြင်တဲ့အထိပါပဲ။ ဒါကြောင့် သူရိန်လည်း တစ်ခုခုတော့ တစ်ခုခုပဲလို့တွေးကာ ဆိုင်ထဲဝင်လာပြီး၊ သုတကို မေးလိုက်တယ်။

"လပြည့်ပျော်သွားတယ်ကွ၊ မင်း ဘာဝယ်ပေးလိုက်တာလဲ သုတ"

"ဘဲရုပ်ပုဖောင်းလေးပါကွာ၊ ငါ စတော့ ငိုတော့မလို့၊ အဲဒါ သူ့လိုချင်တာ ဝယ်ပေးပြီး အာရုံလွှဲပေးလိုက်တာ"

သူရိန်က သုတနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တယ်။ သူတို့တွေဟာ တစ်ရပ်ကွက်ထဲနေ၊ တစ်ရေတည်းသောက်၊ တစ်တန်းထဲကျောင်းတက်ပြီး အတူတူကြီးပြင်းလာကြတဲ့ ငယ်သူငယ်ချင်းတွေလေ၊ ဒါပေမယ့် ချွင်းချက်အဖြစ် ဆယ်တန်းဖြေတဲ့အထဲမှာ လပြည့်တော့ မပါပေ။

"လပြည့်က သိပ်ကြွပ်ပြည့်တာ မဟုတ်ဘူး၊ မင်းလုပ်ကာမှ ပိုရှုးသွားဦးမယ်"

"အပျော့စားလေးပါ၊ ဘာပဲဖြစ်ဖြစ် ကလေးအထာနဲ့ အကဲ ပိုလွန်းအားကြီးလို့ နောက်လိုက်တာ"

"အရှုးအကြောင်း ထားလိုက်တော့ကွာ၊ ငါအခုလာတာ မင်းဆီက အကူအညီတစ်ခု တောင်းစရာရှိလို့"

"ဘာကိစ္စလဲ...ငါ့မှာ မေမေခိုင်းထားတဲ့ ကိစ္စရှိသေးတယ်၊ ပြီးတော့ ပိုက်ဆံကလည်း လက်ဖက်ရည်ရှင်းဖို့ပဲပါတာ။ အဲဒါကြောင့် အကူအညီတောင်းချင်ရင် နောက်မှတောင်းကွာ၊ ခုလောလောဆယ် ဘယ်လိုမှ မဖြစ်နိုင်လို့ပါ"

"မရဘူး သုတ...ငါ့ကိစ္စက တော်တော်အရေးကြီးတယ်။ ခု ချက်ချင်းကူညီမှ ဖြစ်မှာ"

"ငါ့မှာ ပိုက်ဆံမပါ..."

"ဘာလဲမင်းစိတ်ထဲမှာ ပိုက်ဆံချေးမယ်လို့ထင်နေတာလား"

"ပြောလို့ မရဘူးလေ၊ ချေးပြီးလည်း ဘယ်တော့မှ ပြန်မရ



...တော့ မင်းကို ငါကြောက်တာပေါ့"

"တော်စမ်းပါ သုတရယ်၊ အခုတောင်းမယ့် အကူအညီဆို ...ာ မင်းဦးနှောက်ထဲက စကားလုံးလှလှလေးတွေကို အသုံးပြုပြီး ကဗျာ ...စပ်ပေးဖို့ရေးခိုင်းမလို့ကွ၊ အဲဒီအတွက် ဒီဝိုင်းကို ငါရှင်းမယ်"

"အံမယ်...ကြားသားမိုးကြိုး...ကဗျာ၊ ဘာကဗျာလဲ"

"ဟဲ...ဟဲ...အချစ်ကဗျာလေ"

သုတက တအံ့တသြဖြစ်သွားပြီး...

"အချစ်ကဗျာ...မင်းနဲ့ဘာဆိုင်လို့လဲ"

"ဟ...ဆိုင်တာပေါ့ကွ၊ ငါလဲလူပဲ"

"လူတော့ ငါသိတာပေါ့၊ မင်းလိုလူမျိုးက အချစ်ကဗျာ ရေး ...ိုင်းဘယ်ဆိုတော့ ကောင်မလေးတစ်ယောက်ယောက်ကိုပေးဖို့ပဲ ဖြစ်ရ ...ယ်၊ ဘယ်သူ့ကိုပေးမှာလဲ မှန်မှန်ပြောစမ်း၊ ဒေါ်စပ်စုသမီးလား၊ ကိုလှမြင့် ...ယ်မလား၊ ဒေါ်ငြိမ်းအေးသမီး အငယ်မလား"

"ဟာကွာ"

ချက်ချင်းဆိုသလိုပဲ ပျော်ရွှင်နေတဲ့ သူရိန်မျက်နှာကြီးက စိတ် ...ျက်တဲ့ အသွင်သဏ္ဍာန်ကို ပြောင်းလဲသွားပါတယ်။ နဂိုထဲက ရုပ်ဆိုးပါ ...ယ်ဆိုမှ၊ ပိုလှမလားဆိုပြီး စိတ်ပျက်ပြနေသလိုပါပဲ၊ ကမ္ဘာဦးအစက ...ောင် သူရိန့်မျက်နှာကို စောစောစီးစီး တွေ့ခွင့်ရမယ်ဆိုရင် လူဖြစ်ရ ...ဘဝကို နှောင်တရသွားကြမှာအသေချာပါပဲ၊

"ဘယ်လိုလဲ ငါပြောတာမှန်လား"

"မင်းကွာ...ငါ့လို လူမျိုးက အဲဒီလို မိန်းကလေးမျိုးကို စိတ် ...လား၊ ဦးနှောက်ကလေးနဲ့ စဉ်းစားတွက်ချက်ပြီး ပြောစမ်းပါ"

"မသိဘူးလေ၊ မင်းက အချစ်အကြောင်းစတော့ တန်ရာ၊ ...န်ရာကို တွေးမိတာပေါ့"

"အဲဒီလောက်ထိ ငါ ရုပ်ဆိုးနေလို့လား သုတ"

"မျက်လုံးမှိတ်ကြည့်ရင်တော့ လှပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေ၊ အဲ...ငါ့အဒေါ်"

သုတ ခပ်ဟဟလေး ရယ်မောလိုက်မိတယ်။ သူရိန်ဟာ...သူ့ကို ရုပ်ဆိုးတယ်လို့ပြောရင် ဘယ်တော့မှကြိုက်တာမဟုတ်ဘူး၊ ချောလားဆိုတော့လည်း မိန်းကလေးတိုင်း နှာခေါင်းရှုံ့သွားတဲ့အထိပဲ ချောတာ၊ ဒီ့ထက် နည်းနည်းပိုပြောရရင် မမြင်ဘူးရင် တစ်ခါတော့ ကြည့်တတ်ကြပါတယ်၊ အဲဒီတစ်ခါကလည်း တစ်ခါဆို ဆိုသလောက်ပဲ ဘယ်တော့မှ နောက်တစ်ခါ မကြည့်ကြတော့ဘူး၊ ပြည့်စုံလုံလောက်သွားလို့ ထင်ပါရဲ့။

"ငါအတည်ပြောတာ သုတ၊ ကောင်မလေးတစ်ယောက်ကွ ရန်ကုန်ကနေ ရောက်လာတာမကြာသေးဘူး၊ လှတာကတော့ တော်တော်လှတာ၊ ရွှေအစင်းလိုဝင်းဝါနေတဲ့အသားအရည်၊ မရှည်လွန်းမပိုင်းလွန်းတဲ့ မျက်နှာအကျ၊ စိုလက်တောက်ပနေတဲ့ မျက်လုံးရွှဲကြီး တစ်စုံ၊ စင်ရောက်တောင်ကဲ့သို့ ကော့ပျံလန်ထွက်နေတဲ့ မျက်ခုံးနှစ်ခု၊ ပွင့်ခါနီး ပန်းဖူးလေးလို ဖောင်းဖောင်းလေးဖြစ်နေတဲ့ နှုတ်ခမ်းနှစ်လွှာ၊ နက်မှောင်သန်စွမ်းတဲ့ ဆံပင်အရှည်ကြီး၊ အို...အားလုံးကို ခြုံကြည့်ရင် ပက်ပက်စက်စက်ကြီးကို လှတာ၊ နာမည်ကလည်း သက်ထားရွှေစင်တဲ့၊ ငါတို့လိုပဲ ဆယ်တန်းဖြေထားတာ၊ အေးမြသွယ်နဲ့ ညီအစ်မ တစ်ဝမ်းကွဲ တော်တယ်။ ငါနဲ့ ဖူးစာဆုံချင်လို့ဆိုပြီး ဒီမြို့ကို လာလည်တာ ဖြစ်မယ်"

သူရိန်က ပြောပြီးထွက်ကျလာတဲ့ သားရေတွေကို လက်ဝါးနဲ့ သုတ်ကာ ပါးစပ်ထဲ ပြန်ထည့်လိုက်တယ်။ ဟွန်း...သူ့မို့လို့ မရွံမရှာ။

"အဲဒီလောက်လှနေတဲ့ ကောင်မလေးကို အချစ်ကဗျာ သွားပေးလို့ဖြစ်ပါ့မလားကွာ၊ တော်ကြာ ပြဿနာတတ်နေဦးမယ်"

"ရေးပေးစမ်းပါကွာ၊ သူ့ဘက်က ကျိန်းသေနေပြီ၊ ငါကသာ ဖွင့်မပြောသေးဘဲ အချိန်ဆွဲနေတာ"

"ဒီရုပ်ကိုများ"

"ဘာဖြစ်လို့လဲ ချောပါတယ်"

"မင်းကို ဘယ်သူပြောတာလဲ"



"အမေ"

"သေပါတော့"

သုတ မေးမိတဲ့ပါးစပ်ကို လက်ဝါးနဲ့ ရိုက်လိုက်မိတယ်၊

ဒါကိုသူရိန်က ဥပက္ခာပြုပြီး၊

"သုတ...မြန်မြန်လေး ရေးပေးစမ်းကွာ၊ တော်ကြာ ငါသွားပေးရမှာ အမှန်ပြောရရင် သက်ထားရွှေစင်က အရမ်းသနားဖို့ကောင်းတာ၊ တစ်နေ့တစ်နေ့ ငါ့ဆီက အချစ်ကို မျှော်လင့်နေရတာနဲ့ပဲ ဖျိုင်းကြီးလို လည်ပင်းကြီး ရှည်ရှည်လာနေပြီ၊ ခက်တာကလည်း ငါက အကြည့်လေးတွေက လွှဲပြီး ချစ်တယ်လို့ မပြောသေးတော့ သူ့ခမျာ တစ်ညာ၊ တစ်ညာ၊ သုံးလိမ့်နေအောင် ခံစားရမှပေါ့ကွာ၊ ကိုယ်ချင်းစာပါတယ်။ ဒီအသက်အရွယ်ဆိုတာ အချစ်ကို ကိုးကွယ်ကြတာ မဟုတ်လား၊ အင်း...သူ့ဆန္ဒလေးတွေ မကြာခင် ပြည့်တော့မှာပါ၊ ဧကန္တ ဘုရားရှိခိုးပြီးတိုင်း ငါ့ဆီက အချစ်ကို ရပါစေဆိုပြီး ဆုတောင်းလို့ဖြစ်မယ်"

သူရိန်ပြောပြီး နှာခေါင်းကို ပွတ်သပ်လိုက်ပါတယ်။ ခံစားချက်အပြည့်ကြောင့် ထင်တယ်၊ ပါးစပ်ထဲမှ သားရေတွေလည်း စီးကျလာပြန်တယ်။ ဒါကို မရွံမရှာ လက်ဝါးနဲ့သုတ်ပြီး ထုံးစံအတိုင်း ပါးစပ်ထဲ ပြန်ထည့်လိုက်တယ်။ သူ့စိတ်ထဲ လက်မှာပေနေတဲ့ လျှက်ဆားကို ရက်နေတယ်လို့ ထင်သလားပဲ၊ ပြီးတော့ စိုစွတ်သွားတဲ့လက်ကို ပုဆိုးနဲ့ သုတ်ပြီး အင်္ကျီအိတ်ကပ်ထဲမှာ ခေါက်ထည့်လာတဲ့ A4 လျှော်လွှာစာရွက် ကို သတ်ကာ သုတရှေ့ချပေးလိုက်တယ်။

"ရော့...သုတ၊ အဲဒီမှာ ရေး"

"ဟာ...မရေးချင်ဘူးကွာ၊ ပြဿနာတတ်လိမ့်မယ်"

"ငါပြောပြီးပြီလေ...အားလုံးဟာ အေးဆေးပါဆို"

"အဲဒီအေးဆေးဆိုတာကြီးပဲ ငါကကြောက်တာ"

"ဘာမှမဖြစ်ပါဘူးကွာ...သက်ထားရွှေစင်အကြောင်း ငါသိတယ်၊ အရှုံးအမှုံးနဲ့ တစ်ဖက်သတ်ချစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်းပြောတဲ့ သက်ထားရွှေစင်ကို သနားလို့ ငါရေးပေးမယ် ဒါပေမယ့် သိပ်တော့မယုံဘူး၊ တကယ်လို့ ပြဿနာ ဖြစ်လာရင် လုံးဝဆွဲမထည့်နဲ့"

"စိတ်ချစမ်းပါကွာ…သူရိန်ဆိုတာ မပိုင်ရင် ထိတောင်ထိုးတဲ့ကောင်မဟုတ်ဘူး၊ တကယ်လို့ထိုးရင်လည်း ချေးပြီးပြန်မပေးရတဲ့ပိုက်ဆံနဲ့ပဲ ထိုးတယ်"

သုတလည်းတကယ်လား၊ ကြွားတာလားဆိုတာ ထပ်မစဉ်းစားတော့ဘဲ လောလောဆယ် နားငြီးသက်သာအောင် ကဗျာတစ်ပုဒ်ရေးလိုက်ပါတယ်။ ထိုကဗျာက သက်ထားရွှေစင်သို့တဲ့။

ကာရန်ပျက် ကဗျာတစ်ပုဒ်လို
ငါရဲ့အချစ်တွေ ဦးတည်ရာမဲ့နေသလား
ဟင့်အင်း မဟုတ်ပါဘူးကွယ်၊
မင်းဟာ ငါ့အတွက်တော့
ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့
ဦးတည်ချက် ပန်းတိုင်တစ်ခုပါ
မင်းကြောင့် ငါ့နှလုံးသားတွေ
တတ်ကြွ ရှင်သန်းလာသလို
မင်းကြောင့် အချစ်ဆိုတဲ့
ဝေါဟာရ တစ်ခုကိုလဲ
မက်မက် စက်စက်
ဆွဲကိုင် ယုံကြည်မိတယ်လေ
ဒါကြောင့် မင်းကိုချစ်မိချိန်ကစပြီး
ငါ့ဘဝရဲ့ပန်းတိုင်က
မင်းကိုပိုင်ဆိုင်ခွင့်ရဖို့နဲ့
ဘဝတစ်ခုလုံး အဓိပ္ပါယ်ရှိရှိ
ရှင်သန်စေဖို့ပါပဲကွယ်။



"ဟား…ဟား…သိပ်ကောင်းတဲ့ ကဗျာလေးပဲ၊ အရမ်းကြိုက်ဘယ်ကွာ၊ ဒီမှာသုတ ကဗျာရေးတဲ့နေရာမှာ မင်းကို ဘယ်သူမှ မမှီဘူး ဒါဘော့ ငါသေချာပြောရဲတယ်"


သူရိန်က ဖတ်ပြီးတဲ့ကဗျာစာရွက်ကို သေချာခေါက်ပြီး ညီညီညာညာ ဖြစ်တဲ့အခါမှာ အင်္ကျီအိတ်ကပ်ထဲကိုပြန်ထည့်တယ်။ သုတလည်း သူရေးတဲ့ကဗျာ ချီးကျူးခံရတယ်ဆိုတော့ စိတ်ထဲ ပျော် သွားပါတယ်၊ ဒါပေမယ့် ချီးကျူးတဲ့လူက ပညာရှင်မဟုတ်လဲ သူရိန်လို ပေါတောတော အောင် ဖြစ်နေတော့ နည်းနည်းတော့ ခံရခက်နေတယ်။

"ငါသွားမယ်သုတ၊ သက်ထားရွှေစင်ဆီက အဖြေယူပြီးရင် မင်းဆီ ချက်ချင်းပြန်လာခဲ့မယ်…အိမ်ကစောင့်"

သူရိန် ရုတ်ချည်းဆိုင်ထဲမှ ထွက်သွားတယ်။ ဒီတော့မှ သုတလည်း ပျင်းကြောတစ်ချက် ဆန့်ကာ ပြန်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ အဲဒီအချိန်မှာ သတိရသွားတာကတော့ ကဗျာရေးခအဖြစ် သူရိန် လက်ဖက်ရည်ဖိုး ရှင်းမသွားဘူးဆိုတာကိုပဲ…

"ဟင်…ခွေးကောင် ငါ့ကို လူလိမ်လုပ်သွားပြန်ပြီ"

သူ ဒီလို ခံရတာ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ်တော့ ဒါပေမယ့် ဘယ်တော့မှ အမှတ်မရှိ၊ နောက်ဆုံး စိတ်ပျက်ပျက်နဲ့ လက်ဖက်ရည်ဖိုး ရှင်းပြီး ပြန်လာခဲ့ရတယ်။….။



www.burmeseclassic.com



၁

"သား...သီတာဝင်းနဲ့ တွေ့ခဲ့လား"

သုတအိမ်ပြန်ရောက်ရောက်ခြင်း မိခင်ဖြစ်သူ ဒေါ်စံပယ်က ဆီးပြီး မေးလိုက်တာပါ။ မျက်နှာမှာလည်း ဖေခွဲမရတဲ့ အရိပ်အရောင်တွေ ထင်ဟပ်နေတယ်။

"မတွေ့ဘူး မေမေ၊ ဘာဖြစ်လို့လဲ"

"မသိပါဘူးကွယ်၊ စောစောက အိမ်လာပြီး သားကိုမေးတယ်။ မျက်နှာတစ်ခုလုံးလဲ ဘယ်လောက်ငိုထားသလဲ မသိဘူး၊ နီရဲမို့ မောက်နေတာပဲ"

"ဒါဆို သူ့အဖေ သေလို့ဖြစ်မှာပေါ့"

သုတရဲ့ပညာရှိဆန်ဆန် ထင်မြင်ချက်ကို ဒေါ်စံပယ်က မထောက်ခံပါ။

"မဖြစ်နိုင်ဘူးသား၊ မနက်က မေမေဈေးသွားတော့ ဦးတင်ဝင်းကို အရှင်လတ်လတ်ကြီး မတ်တပ်ရပ်နေတာ တွေ့မိသေးတယ်"

"ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ဆိုတဲ့ စကားရှိတာပဲ မေမေရယ်။ ဒီလူကြီးက အရွယ်နဲ့မလိုက်အောင် နာဘူးကျနေတော့ တဏှာစိတ်နဲ့ ကိုယ့်ကိုကိုယ် သေလို့သေမှန်းမသိဘဲ လမ်းသွား၊ လမ်းလာတွေကို ကိုယ်ထင်ပြပြီး ငမ်းနေမှာပေါ့"

ဒေါ်စံပယ်ပြုံးသက်စွာ စဉ်းစားသွားတယ်၊ တစ်ခါက တစ်နေရာမှာ ဦးတင်ဝင်းဆိုတဲ့ နာဘူးကြီးနဲ့ အလုပ်အတူတူ လုပ်ဖူးပါတယ်။ အဲဒီတုန်းက



...ည်း ဦးတင်ဝင်းက သူမကို ရစ်သီရစ်သီနဲ့ သရက်စေ့တွေ့တဲ့ ယင်ကောင်...တဝဲလည်လည် အထာပေးဖူးတယ်။

"အင်း... သားပြောတာတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ...ပ်ကွက် ထဲမှာ ဘာသံမှ မကြားမိဘူး"

ထိုအချိန်မှာပဲ သုတနားခေါင်းထဲကို အနံ့တစ်ခုက မွှေးခနဲ ဝင်...ရောက်လာတယ်။

"ညှော်နံ့ရတယ် မေမေ၊ ဘာအိုးတည်ထားလဲ"

"ဟင်...ကြက်သားကြော်အိုး တူးပြီထင်တယ်"

ဒေါ်စံပယ် ကယောင်ခြောက်ခြားနဲ့ မီးဖိုထဲ ပြေးဝင်သွားတယ်။ ခဏ...ကြာတော့ ညှော်နံ့ပျောက်သွားပြီး အသံထွက်ပေါ်လာပါတယ်။

"သားရေ...ကြက်သားတော့ နည်းနည်းတူးသွားပြီ၊ သီတာ...ဝင်းက တော်ကြာပြန်လာမယ်တဲ့၊ ဒီကောင်မလေး ဘာတွေဖြစ်နေတာလဲ...သိဘူးနော်၊ သား...ထမင်းစားတော့မလား၊ ဦးနိုင်စိုးကြီး လေဖြတ်လို့...ဆေးရုံတင်လိုက်ရတယ်။ ပြီးတော့ လမ်းဥပိပ်က ကိုလှမြင့်လေ နှစ်လုံး...ဆောင်းလို့ ရဲကဖမ်းသွားပြီ"

သုတ ဘာမှပြန်မပြောဘဲ မီးခလုတ်ကိုဖွင့်ကာ ညက ကြည့်လက်...ကိုမ်းစ်ဘွန်းကို အောက်စက်ထဲထည့်လိုက်တယ်။ ပြီးတော့ ခုံမှာ ကျကျ...ထိုင်ကာ ကြည့်လိုက်တယ်။

"သား...မေမေပြောတာ ကြားလား၊ ရပ်ကွက်ထဲကလူတွေ...လှမြင့်အမှုကို စိတ်ဝင်စားနေကြတယ်။ ပြီးရင် မေမေလည်း ဒေါ်စပ်စု...အိမ်သွားပြီး စကားပြောရဦးမယ်၊ ဪ...ဒေါ်တင်ရီသမီး အကြီးမ...ကုန်မှာ အလုပ်သွားလုပ်တာ ပိုက်ဆံတွေအများကြီး ပြန်ပို့ နိုင်တယ်၊ ...ရာအိုကေဆိုင်မှာ အဆိုတော်ဆိုလားပဲ၊ အဲဒါကို ဒေါ်တင်ရီက သူ့သမီး...အဆိုတော်ဆိုပြီး ရပ်ကွက်ထဲမှာ လှည့်ပတ်ကြွားနေတယ်"

ဒေါ်စံပယ်အကျင့်က ဒီလိုပါပဲ၊ ပါးစပ်က တစ်ခုခုကို ပြောနေရမှ...သက်ရှူဝတယ်လို့ထင်ကာ၊ သုတကတော့ မွေးထဲက ကျင့်သားရနေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘာမှပြန်မပြောပဲ ဇာတ်လမ်းထဲကိုပဲ အာရုံနစ်ထားနေတယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲကို သီတာဝင်းရောက်လာပါတယ်။ ပထမတော့ သုတလည်း ခြေသံကြောင့် လှည့်ကြည့်လိုက်တယ်။ သူမ မှန်းသိတော့ မထူးဆန်းသလိုနဲ့ ခွေကိုပဲ ပြန်ပြီးအာရုံစိုက်လိုက်ပါတယ်။ ဒါပေမယ့်...

"နင့်ကို ငါ လိုက်ရှာနေတာ တစ်ရပ်ကွက်လုံးနှံ့နေပြီ၊ ဘယ်သွားသေနေတာလဲ သုတ၊ အီး...အီး...အင့်...ရှုတ်"

သီတာဝင်းက သုတဘေးမှာထိုင်ပြီး ပြောလဲပြော၊ ငိုလဲငိုချလိုက်ပါတယ်၊ ပြီးတော့ ထွက်လာတဲ့ နှပ်တွေကို လက်နဲ့ညှစ်ကာ သုတ ဘက်ခါလိုက်တယ်။ ရုတ်တရက်ဆိုတော့ သုတလည်း အငိုက်မိ သွားတာပေါ့။

"ဟာ...နင်ဘာဖြစ်နေတာလဲ၊ ဒီမှာ နှပ်တွေပေကုန်ပြီ"

"နင်က နှပ်ပဲစဉ်တာပါဟာ၊ ငါမှာတော့ အသည်းတွေ တစ်စစီကွဲအက်ကုန်ပြီ၊ အီး...အီး...အီး...အင့်...ရှုတ်...ရှုတ်၊ သုတ ငါ့ကို ကူညီပါဟာ၊ နင်သာမကယ်ရင် ငါ့ဘဝတစ်ခုလုံး အချစ်ဆိုတဲ့ နွံကြီးထဲမှာ ပက်လက်ကြီးမျောတော့မှာ၊ အီး...အီး...အဲဒါမှ ဒုက္ခ ငါ ရေမကူးတတ်ဘူး သုတ"

"ဟာ...ဘာတွေလည်း၊ နွံဆိုတာ နစ်တာဟ"

သီတာဝင်းက သုတကို မျက်စောင်းထိုးပြီး ကြည့်လိုက်တယ်။ ပြီးတော့ ပြုံးကြောင်ကြောင်နဲ့...

"ဟင်...နင်...သုတ ဟုတ်ပါတယ်နော်"

သုတ စိတ်ညစ်သထက် ပိုပြီး ညစ်သွားပါတယ်။ ဘာတွေမှန်းလည်းမသိဘူး၊ သူ့ကိုရှေ့မှာထားပြီး သုတဟုတ်ပါတယ်နော်တဲ့၊ ငယ်ငယ်လေးထဲက နေ့တိုင်းနီးပါး မြင်တွေ့လာကြတဲ့ လူတွေဖြစ်ပြီး ဘာဖြစ်လို့ သေချာမမှတ်မိတာလဲ၊ လက်ဖက်ရည်ဆိုင်ကနေ အိမ်ပြန်လာတဲ့ အကွာအဝေးမှာ ပိုပြီးချောလာလို့လား၊ အရေးထဲ မှန်ကလည်း အနားမှာမရှိဘူး။

"ဟော့...သုတ၊ ငါမေးနေတယ်လေ၊ နင်က သုတလား"

"ထင်တာပဲဟာ"



"ဒါဆို မထင်နဲ့တော့...ငါအပြတ်ပြောလိုက်မယ်၊ နင်ဟာ သုတပဲ"

"သေချာလို့လား"

သူက နားထင်ကို လက်ညှိုးနဲ့ထောက်ပြီး

"အဲဒါဆို သေချာစဉ်းစားစမ်း သုတ ဘယ်ရောက်သွားလဲ"

"ဟာ...ဒုက္ခပဲ၊ သုတဆိုတာ ငါလေ၊ ဒီမှာထိုင်နေတာ မတွေ့ဘူးလား"

"ဟင်...နင်က သုတ ဟုတ်လား"

သုတခေါင်းကိုပုတ်သင်ညိုလိုတဆက်ဆက်ညိမ့်ပြလိုက်တယ်၊ အဲဒီမှာ သူမထအော်တော့တာပဲ။

"အန်တီရေ...လာပါဦး၊ သုတက သူ့ကိုယ်သူ သုတဆိုပြီး ခေါင်းငြိမ့်ပြနေတယ်"

"ဟဲ့...ဘယ်လိုဖြစ်နေကြတာလဲ"

သုတတောင် တားချိန်မရ၊ သီတာဝင်းအော်သံကြောင့် မီးဖိုထဲမှ မေမေပယ် ထွက်လာတယ်။

"အီး...အီး...ကယ်ပါဦး အန်တီ၊ သုတက သမီးကို နွံထဲနစ်သေခိုင်းနေတယ်"

"ဟာ...မဟုတ်ဘူးလေ၊ နင်ပဲပက်လက်ကြီး မျောမယ်ဆိုလို့ ငါပြောရတာ"

"ငါ တစ်ခါမှ မပြောဘူး သုတ"

"စောစောက နင်ပြောပါတယ်ဟာ"

"ပြောင်မလိမ်နဲ့နော်"

"မြတ်စွာဘုရား"

"ငါသွားတော့မယ်"

သီတာဝင်း ဝုန်းခနဲ ပြန်ထွက်သွားတယ်။ ခုမှပဲ သုတလည်း သက်ပြင်းကြီး ချမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်မလေး ဘာဖြစ်တာလဲ သား"

"ဘယ်သိမလည်း မေမေရယ်"

"ဟုတ်ပြီ…ဒါ သတင်းဦးပဲ၊ ဒေါ်စပ်စုကို သွားကြွားရမယ်"

ဒေါ်စပ်ယပ်တ အားရဝမ်းသာနဲ့ ထဘီတိုတို့ဝတ်ကာ ရပ်ကွက်ထဲ ထွက်သွားတယ်။ ဒါကြောင့် သုတလည်း စိတ်ပျက်သလိုနဲ့ ခေါင်းခါပြီး ထမင်းစားခန်းထဲ ဝင်လာခဲ့ပါတယ်။



"မကျေနပ်ဘူး…လုံးဝမကျေနပ်ဘူး"

"ဟာကွာ"

သုတ ထမင်းစားမလို့ ခူးပြီးယုံပဲ ရှိသေးတယ်။ ဧည့်ခန်းထဲမှ သူရိန်ရဲ့အော်သံကြောင့် စိတ်ပျက်သွားတယ်။

"မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

သုတ ခူးပြီးသား ထမင်းပန်းကန်ကို စားပွဲပေါ်တင်ပြီး အပြင် ထွက်လာခဲ့တယ်။ သူရိန်က လက်ကိုအပေါ်မြှောက်ပြီး အော်နေတာပါ။ သုတ ကိုမြင်တော့ အော်တာရပ်သွားတယ်။

"မင်း…ဘာဖြစ်နေတာလဲ"

"မကျေနပ်လို့ပေါ့ကွာ"

"ဘယ်သူ့ကို မကျေနပ်တာလဲ"

"မင်းကို"

"ဒါဆို မင်းသေလိုက်တော့"

"ဟာ…ဘာဆိုင်လို့ သေရမှာလဲ"

""သေသင့်တယ် သူရိန်၊ ငါလောက်ကောင်းတဲ့ သူငယ်ချင်းကို မင်းက မကျေနပ်ဘူးဆိုတော့ သေသင့်တဲ့လူတစ်ယောက် ဖြစ်သွားပြီ"

"အပိုတွေ မပြောစမ်းပါနဲ့ကွာ…၊ တကယ်တော့မင်းဟာ ကောင်သူတော် ကြွက်သူခိုးပဲ၊ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး ငါ့ကို ခွက်ထဲကန်ချခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဒါဘာမှနားမလည်ဘူး သူရိန်”

သူရိန် ဟင့်ခနဲ နှာခေါင်းရှုံ့လိုက်တယ်။ ပြီးတော့ ခုံမှာထိုင်ကာ ဘယ်ခြေထောက်ပေါ် ညာခြေထောက် ပစ်တင်လိုက်တယ်။ ထို့နောက် ဗွီဒီယိုထဲက လူကြမ်းတစ်ယောက်ရဲ့ရယ်သံမျိုးနဲ့…

“ဟား…ဟား…ဟား… ဟား မင်းနုပါသေးတယ် သုတရယ်၊ အချစ်ခြင်းတူရင် သူရိန်လို ကောင်မျိုးက လူချင်းယှဉ်ဖို့ ဝန်မလေးဘူးကွ၊ မှတ်ထား၊ အဲဒါ သူရိန့်ရဲ့မတ်သပ်ပဲ”

ပြဿနာပဲ၊ ဘာဖြစ်လာပြန်ပြီလည်း မသိဘူး။ စောစောကမှ သီတာဝင်း ပြန်သွားတယ်၊ အခုလာပြန်ပြီ နောက်တစ်ယောက်၊ ဒီနေ့မှ ကမ္ဘာကြီးဟာ ပိုစောင်းပြီးတော့များ လည်နေသလား။

“ဒီမှာ သုတ၊ သက်ထားရွှေစင်ကို ငါဘယ်လောက် ချစ်သလဲဆိုတာ မင်းသိရဲ့လား”

“ဘယ်လိုလုပ် သိမှာလဲကွာ”

“ဒါဆို မသိဘဲနဲ့ ဘာဖြစ်လို့ ကဗျာရေးပေးလဲ”

သုတမျက်ခုံးအစုံ အပေါ်ကို မြင့်တက်သွားတယ်။ သေချာပါပြီ၊ ဒီနေ့ ကမ္ဘာကြီး ပိုစောင်းပြီး လည်နေတာပါ။

“မဟုတ်သေးဘူး သူရိန်၊ ကဗျာကို မင်းက အတင်းရေးခိုင်းလို့ငါရေးပေးရတာလေ၊ ပြီးတော့ လက်ဖက်ရည်ဖိုးရှင်းမယ် ဆိုပြီး မရှင်းဘဲ ထွက်သွားတယ်။ အဲဒါကြတော့ ဘာပြောမလဲ”

“ဟား…ဟား…ဟား၊ ဒီလိုစကားလုံး ပါးပါးလေးနဲ့ ငါ့ကို ချုပ်နှောင်ဖို့ ဘယ်တော့မှမကြိုးစားနဲ့ သုတ၊ မရဘူးမှတ်”

“မသိဘူးကွာ…မသိဘူး…မင်းသွားတော့”

သုတ စိတ်ညစ်ညစ်နဲ့ အော်ဟစ်နှင်ထုတ်လိုက်တယ်။ တကယ် လည်း ဘာတွေမှန်းမသိဘူး၊ ကြာလာရင် ရူးသွားနိုင်တယ်။ ဒါပေမယ့် ခက်တာက သူရိန်ပဲ၊ ဒီလောက် အော်ဟစ်နှင်ထုတ်တာတောင် နေရာ မရွှေ့ဆက်ထိုင်ပြီး ခြေထောက်လေး နှံ့နေသေးတယ်။



“ငါသက်ထားရွှေစင်ကို အရမ်းချစ်ခဲ့တယ် သုတ၊ ချစ်တာမှ ပိုင်ဆိုင်လိုခြင်းတစ်ခုထဲနဲ့ ချစ်တာ၊ မင်း စဉ်းစားကြည့်စမ်းပါ။ ငါ့ဘက်က ဒီလောက်ချစ်နေရဲ့သားနဲ့ ဘာဖြစ်လို့ ပြန်မချစ်တာလဲ”

“ဟင်…မင်းပြောတော့ သူ့ဘက်က ကျိန်းသေနေပြီဆို”

“အဲဒါ…ငါထင်နေတာကွ”

“မှားပါတယ်…ငါက တကယ်မှတ်လို့”

“ဒါပေမယ့် ငါ့အတွက် ဝမ်းသာစရာက သက်ထားရွှေစင်မှာ ချစ်ရမယ့်သူ ရှိတယ်ကွ”

“ဒါဆို မင်းဖြစ်နိုင်တာပေါ့”

သူရိန်ခေါင်းခါပြီး သက်ပြင်းချလိုက်တယ်။

“ဟင်…မင်းမဟုတ်ဘူးလား”

“မဟုတ်ဘူး သုတ၊ ငါမတွေ့တဲ့ အခြားတစ်ယောက်က သက်ထားရွှေစင်ရဲ့ချစ်သူပဲ”

“စိတ်မကောင်းစရာပဲ”

သုတ ရင်ထဲရှိတဲ့အတိုင်း အမှန်ပြောလိုက်တာပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့သူငယ်ချင်းဆိုတော့ သူချစ်တဲ့ချစ်သူနဲ့ အဆင်ပြေစေချင်ပါတယ်၊

“မင်း…တကယ်စိတ်မကောင်းဖြစ်ရင် ရှောင်ပေးပါလား သုတ”

“ဟာ…ငါနဲ့ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့ကွာ၊ မင်းရေးမပေးတဲ့ကဗျာကို သက်ထား ရွှေစင်ဆီ သွားပေးတော့ ချက်ချင်းပဲဖတ်တယ်။ ပြီးတော့ ဒါကဗျာ မဟုတ်ဘူးတဲ့၊ သူ့ကို သွယ်ဝိုက်တဲ့နည်းနဲ့ ရည်းစားစာ ပေးတာဆိုပြီး ဘွင့်ပစ်တယ်။ မင်းကွာ အရမ်းရက်စက်တာပဲ၊ ကဗျာရေးပေးပါ ဆိုတာ ဘာဖြစ်လို့ ရည်းစားစာရေးပေးတာလဲ၊ အေးပေါ့… မင်းက သက်ထား ရွှေစင်ရဲ့ချစ်သူဆိုတော့ နိပ်ကွက်ထားပေါ့”

ခုမှ သုတသဘောပေါက်သွားတယ်။ ဒါကြောင့် ဒီလိုတွေပြီး

www.burmeseclassic.com

www.burmeseclassic.com



သူကိုပြုသနာလာရှာတာပါလား။

"မင်း...ဘာတွေပြောနေတာလဲ သူရိန်၊ ငါဟာ မင်းပြောတဲ့ သက်ထားရွှေစင်ရဲ့ချစ်သူမပြောနဲ့ မျက်နှာတောင်မမြင်ဖူးဘူး၊ ဦးတည်ရာ ဘေးပြီး ပြောချင်တာ လျှောက်မပြောစမ်းပါနဲ့ကွာ၊ မင်းစကားကြောင့် ငါရဲ့ သိက္ခာ အရမ်းထိခိုက်တယ်"

"ဘာ...ဘယ်လို...မင်းက သက်ထားရွှေစင်ရဲ့ချစ်သူ မဟုတ်ဘူးလား"

"ငါပြောပြီးပြီလေ...ဒီမှာ....သက်ထားရွှေစင်လိုမိန်းကလေး မျိုးငှေဟာ ယောကျ်ားတစ်ယောက်ကိုရည်းစားထားရင်တောင် အပျော်ပဲ ဖြစ်မှာပါ"

သူရိန်ငြိမ်သက်သွားတယ်။ စဉ်းစားနေတာ ဖြစ်မှာပါ၊ ပြီးတော့ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ ဝုန်းခနဲ ထရယ်တယ်။

"ဟား...ဟား...ဟား...ဟား ငါသိသွားပြီ၊ ငါသိသွားပြီ၊ အရင်က သက်ထားရွှေစင်ရဲ့ချစ်သူဟာ မင်းပဲလို့ ထင်နေတာ။ ဒါ ငါ ဂေါက် ပြီးတွေးမိတာကွ၊ အေး...ခုတော့ ရှင်းလင်းပြတ်သားတဲ့ အဖြေတစ်ခုကို သိတဲ့နောက်တော့ သက်ထားရွှေစင်ရဲ့အချစ်ကို ရအောင်ကြိုးစားမယ်။ အဲဒီအတွက် ငါးပတ်ရမလား၊ ဖားရိုက်ရမလား၊ ကြိုက်တာနိုင်း၊ အဆင် သင့်ပဲ"

သူရိန်တစ်ယောက် သူရဲကောင်းလို ကြွေးကြော်ရင်း အိမ်ထဲက ပြန်ထွက်သွားတယ်။ ခုမှပဲ သုတလည်း သက်ပြင်းချမိပါတော့တယ်။

တကယ်တော့ သူ့ရဲ့အပေါင်းအသင်းတွေက တစ်ယောက်မှ အမြီးအမောက် တည့်တာမဟုတ်ဘူး၊ ဒါတောင် တာရာဆိုတဲ့ ခပ်ကြောင်ကြောင်လူတစ်ယောက် ကျန်သေးတယ်။

ဟူး
ရင်မောရပါလားနော်...
သက်ထားရွှေစင်ရေ



အဲဒါ နင့်ကြောင့်
ရုပ်ဆိုးဆိုးနဲ့ ပုပ်လောက်ကြီးကို ဝပါစေ၊
အဲ မဝချင်ရင်တော့ ရေကူးပေါ့...



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ရှက်ဖို့ကောင်းတယ်။ ကိုယ့်မျက်နှာကိုယ် ဘယ်မှာထားရမှန်းတောင် မသိတော့ဘူး၊ တစ်သက်လုံး ထိန်းလာတဲ့ နာမည်ဒီဘဝ်ခါတည်းနဲ့ လွှင့်ပစ်လိုက်ရပါပြီ"

အိမ်ပေါ်တက်လာရင်းပြောတဲ့ မိခင်စကားကြောင့် သုတ ခန္ဓာကိုယ် တစ်ချက်တွန့်သွားတယ်။ ခုနကမှ သူ့ရှိန်ပြန်သွားတာ၊ နားတောင်မအေးသေးဘူး၊ အခုလာပြန်ပြီ၊ တော်သေးတာပေါ့၊ ထမင်းစားပြီးသွားလို့၊ ဒါကြောင့် မိခင်ဖြစ်သူ ထမင်းစားခန်းထဲဝင်လာတဲ့အချိန်မှာ ပန်းကန်ဆေးလိုက်တယ်။

"သား...ထမင်းစားပြီးပြီလား၊ မေမေကတော့ ရှက်လွန်းအားကြီးလို့ ထမင်းတောင် မစားချင်တော့ဘူး"

"ဘာဖြစ်လာလို့လဲ"

ဒေါ်စံပယ်က ထမင်းစားပွဲက ခုံမှာဝင်ထိုင်ပြီး...

"ဒီလိုသားရဲ့ သီတာဝင်းကိစ္စကို သတင်းဦးဆိုပြီး ဒေါ်စပ်စုကို အတင်းသွားပြောတာ ပြန်ပြီးအလှောင်ခံလိုက်ရတယ်။ တော်တော်ရှက်စရာပဲ၊ ရပ်ကွက်ထဲမှာနေပြီး ကိုယ့်သားရဲ့သူငယ်ချင်း ဘာကြောင့်ရူးသွားတယ်ဆိုတာတောင် မသိဘူး"

သီတာဝင်းက ရူးသွားတာတဲ့။ သုတ စိတ်ဝင်စားသွားပါတယ်။ ဒီအကြောင်းကို အရမ်းသိချင်နေမိတယ်။ ဒါကြောင့်မိခင်ဖြစ်သူကို မေးလိုက်မိတယ်၊



"ဘာကြောင့် သီတာဝင်း ရူးသွားတာလဲ မေမေ"

"ပြောပြမယ်...ပြောပြမယ်...ဒီလိုတဲ့"

"ဟင် ဘယ်က ဘယ်လိုဒေါ်စံပယ်တစ်ယောက်မျက်စိလည်ပြီး ရောက်လာတာလဲ"

"အဟင်း...ဒီကိုသက်သက်ပဲ ဒေါ်စပ်စုရေ၊ အရေးကြီးတဲ့သတင်းတစ်ခု ပြောစရာရှိလို့ မအားတဲ့ကြားထဲက ထွက်လာခဲ့တာ"

"သြော်...ဝမ်းသာစရာပဲ၊ ကျွန်မလည်း ဒေါ်စံပယ်ကို ပြောရော သတင်းရှိလို့ စောင့်နေတာ"

"ဟုတ်လား...ဒါဆို ကျွန်မအရင်ပြောမယ်နော်"

"ပြောပါ...ဒေါ်စံပယ်ရယ် ရှင်ကစည့်သည် မဟုတ်လား"

ဒေါ်စံပယ် သဘောကျသွားပြီး။

"ဟို...ဒေါ်စပ်စု သီတာဝင်းကို သိတယ်မဟုတ်လား"

"သိတယ်လေ...နာဘူးတင်ဝင်းရဲ့သမီးလေ"

ဒေါ်စံပယ်က အားရဝမ်းသာလေသံနဲ့ ...

"ဟုတ်တယ်...ဟုတ်တယ် အခုသီတာဝင်း ဒီလိုဖြစ်နေပြီ—"

"ဒါများ ဒေါ်စံပယ်ရယ်၊ ရူးနေတဲ့လူဆိုတော့ ဘယ်သိမလဲ၊ ...တော့ ရောဂါက လင်တရူးဆိုတော့ ပိုဆိုးတာပေါ့"

"ဟင်...ဘယ်လို"

ဒေါ်စံပယ်က တအံ့တသြနဲ့ ပါးစပ်အဟောင်းသားလေးဖြစ်သွားတယ်။ ဒါကိုကြည့်ပြီး ဒေါ်စပ်စုက ဖြည်းညင်းစွာ ရယ်မောနေလေရဲ့။

"ဒါ...ဒေါ်စပ်စု ဘယ်လိုလုပ် သိတာလဲ"

"သီတာဝင်းက ပြီးခဲ့တဲ့တစ်ပတ်ထဲက ရူးသွားတာ၊ ဖြစ်ပုံက ...သီတာဝင်းမှာက ချစ်သူရှိတယ်။ တစ်ည သူ့ချစ်သူနဲ့ ...ကထွက်အလာမှာ နာဘူးတင်ဝင်းက မိပြီးခဲ့လိုက် တယ်။ ...တော့ ...တာဝင်းကိုလည်း အခန်းထဲမှာ သော့ပိတ်ထားလိုက် တယ်။ အဲဒီမှာ ...တာဝင်းတစ်ယောက် အချစ်စိတ်တွေ တောက်လောင် ပြင်းပြပြီး၊

www.burmeseclassic.com



ရှုသွားတာ၊ ကောင်မလေးက သနားပါတယ်။ ယောက်ျားမှန်ရင် အကုန်ယူမယ်ဆိုတဲ့ သဘောဖြစ်နေတယ်"

"ဟင်…ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ အဲဒါတင် ဘယ်ကမလဲ၊ အခု သူ့အိမ်က ဘီလီယက်ခုံမှာဆို ဘယ်ယောက်ျားလေးမှ လာမထိုးရဲတော့ဘူး၊ ဈေးဆိုင်လည်း ပိတ်ထားရတယ်"

"ဒါတွေကို ခုမှ ကျွန်မသိတာ"

ဒေါ်စပ်စုက ဝင့်ကြွားစွာနဲ့ ထပ်မံရယ်မောလိုက်လို့ ဒေါ်စံပယ်တစ်ယောက် မခံချင်ဖြစ်မိနေပါရဲ့၊ တွေကြံသေးတာပေါ့ ဒေါ်စပ်စုရယ်၊ နောက်တစ်ခါ ရှင့်ထက်သာအောင် စုံစမ်းပြမယ်။

"ဒေါ်စံပယ်…ဟိုသတင်းကြားပြီးပြီလား"

"ဘာသတင်းလဲ"

"ဦးထွန်းစန်းတို့ မကေသွယ်ကျော်လေ၊ ရန်ကုန်မှာ အလုပ်သွားလုပ်တာ အဖမ်းခံရတယ်"

"ဟင်…လှိုင်သာယာမှာနေပြီး အထည်ချုပ်စက်ရုံမှာ လုပ်တာဆို"

"အဲဒါ လူကြားကောင်းအောင် ပြောတာ၊ ရိုးရိုးသားသား လုပ်စားရင် ဘာဖြစ်လို့ အဖမ်းခံရမှာလဲ၊ စုဟာက အနှိပ်ခန်းမှာ လုပ်တာဆိုပဲ"

"ဒေါ်စပ်စုတို့ကတော့ သတင်းစုံစမ်းတဲ့နေရာမှာ ကျွန်မထက် သာပါတယ်"

"အဟင်း…ဒေါ်စံပယ် သဘောပေါက်သွားပြီပဲ"

"ကျွန်မ ပြန်ဦးမယ် ဒေါ်စပ်စု"

"ကောင်းပါပြီ…နောက်လဲ ထူးထူးဆန်းဆန်း သတင်းကြားချင်ရင် ကျွန်မဆီ လာခဲ့ပေါ့"

ဒေါ်စံပယ်အောင့်သက်သက်နဲ့ပြန်လာခဲ့ရပေမယ့်ရင်ထဲမှာတော့



ရှက်ခြင်းနဲ့အတူ ဒေါ်သတွေအပြည့်ပဲ…

ဘာကြောင့်များ ဒေါ်စပ်စုဟာ သူ့မထက်သာနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

မိခင်စကားကို နားထောင်ပြီး သုတာသက်ပြင်းချမိတယ်။ ဩော်… လူတွေဟာ ကိုယ့်ဒုက္ခ၊ ကိုယ်ကြံဖန်ပြီး ရှာတတ်ပါလား၊ ကေသွယ်ကျော်ကလည်း ဘာကြောင့် အနိပ်ခန်းမှာ အလုပ်လုပ်ရတာလဲ၊ ဒါဟာ အနာဂတ်ရဲ့သမီးပျိုတွေအတွက် နမူနာယူစရာပါ။ နယ်သူနယ်သားတွေဟာ ရိုးသားကြတယ် မဟုတ်ပါလား။

ပြီးတော့ သီတာဝင်းကလည်း အချစ်ကြောင့် ရူးသွားတယ်တဲ့ စာရေးဆရာတွေကလည်း ဒီလောက် ပူလောင်ပြင်းပြတဲ့အရာကို လှပမက်မောအောင် ကြံဖန်ရေးဖွဲ့တတ်ကြတယ်။

သူလည်း ဘယ်လိုဖြစ်လာမလဲ။

ခုလောလောဆယ်တော့အချစ်ဆိုတာကြီးကိုမတွေ့ချင်သေးပါ။

နောက်ပြီး

မိခင်ဖြစ်သူရဲ့စပ်စုပြီး အတင်းပြောတတ်တဲ့ ဝါသနာကိုလည်း ပျောက်စေချင်ပါတယ်။….။



## အခန်း ၂

"ဒီနေ့ ဘာမှမလုပ်လို့ ဘာမှမဖြစ်ဘူး၊ ဒါတောင် မင်းညီဘာမလို့ လုပ်နေချိန်မှာ တီဗွီကြော်ငြာက ဝင်လာတယ်။ စိတ်မဝင်စားဘူးကွာ၊ ကြော်ငြာထဲက ကောင်မလေးတွေက ငါ့ကိုမှ မကြိုက်တာ"

လပြည့်က ရောက်ရောက်ခြင်း စိတ်ထဲရှိရာပြောပြီး ထိုင်ကာနဲ့ဘာစ်ခုကို ကောက်ကိုင်လိုက်ပါတယ်။ ထို့နောက် ငြိမ်သက်နေတဲ့ သုတာမျက်နှာကို တစ်ချက်ကြည့်ပြီး။

"သုတာ…မင်းဝယ်ပေးတဲ့ ဘဲရုပ်လေးကို ငါတူ လွတ်လွှတ်ပလပ် နေပါစေဆိုပြီး ရေကန်ထဲမှာ လွှတ်ထားတာ မနက်ကျတော့ အအေးပတ်ပြီး သေသွားတာ သနားစရာလေးကွာ၊ စွန့်လိမ့်ပြားကပ်နေတာပဲ"

လပြည့်…ကိုင်ထားတဲ့မုန့်ကို တစ်ကိုက်ကိုက်ရင်း လှမ်းပြောတယ်၊ အဲဒီအချိန်ထိ သုတာက ငြိမ်သက်နေတုန်းပါပဲ။

"သုတာ…ညကလာတဲ့ ကိုရီးယားကား တွေ့တော် ကောင်းတယ်ကွ၊ ဟိုဘက်က ကောင်လေးနဲ့ ဒီဘက်ကကောင်မလေး ချစ်နေကြတာ ကြားထဲက အဘိုးကြီး မသိဘူး၊ တော်တော်ညံ့တယ်ကွာ၊ ငါတောင် အဲလို လှမ်းအော်ပြောလိုက်သေးတယ်"

"ဟင်း"

သုတာသက်ပြင်းချမိတယ်။ လပြည့်ရောက်လာကာမှ စောစောကပြုံးနေတာလေးတွေ ပျောက်ကွယ်သွားတယ်။

www.burmeseclassic.com



"သုတ...အမေက ပြောတယ်။ စားတုလို့ရရုန် ဖင်ကျိုးယုံပဲ ရှိတယ်တဲ့၊ ခုရုမှာ ဖင်ရှိလို့လား"

"ဟာကွာ...ခုန်း"

သုတ စိတ်တိုတိုနဲ့ အော်ပြီး စားပွဲထုလိုက်တော့ လပြည့်လန့်ဖျန့်သွားတယ်။

"အေးပါ...ငါ ဘာမှမပြောတော့ပါဘူး၊ စိတ်မဆိုးပါနဲ့"

ဒီလိုကြတော့လည်း သုတခုဏ်ထဲ စိတ်မကောင်းဖြစ်သွားပြန်ရော၊ လပြည့်ဆိုတာ ငယ်ငယ်လေးထဲက ဦးနှောက်တချပ်မပြည့်တဲ့ လူလေး၊ ဒါကို သိရဲ့သားနဲ့ ဘာကြောင့် သဘောထားကြီးစွာ နားလည်မပေးနိုင်ရတာလဲ။

"ဆောရီးပဲ လပြည့်၊ ငါ စဉ်းစားစရာတွေများလို့ စိတ်တိုသွားတာပါ"

ခုလိုပြောလိုက်တော့ လပြည့်မျက်နှာလေး ကြည်ကြည်လင်လင် ပြန်ဖြစ်သွားတယ်၊ ထိုအချိန်မှာပဲ သုတို့ဝိုင်းကို သုရိန်ရောက်လာတယ်။

"မင်းတို့နှစ်ယောက် ရောက်တာကြာပြီလား"

"စောစောကပဲ"

သုရိန်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်တယ်။

"ဟေ့...ဝမ်းတော်းနိုင်ပါ"

"ဒီတစ်ခါ မင်းရှင်းရမှာနော်"

သုတစကားကြောင့် သုရိန် ဟက်ခနဲ ရယ်မောလိုက်ပါတယ်။ ထို့နောက် အိတ်ထဲကတစ်ထောင်တန်တစ်ရွက်ကိုထုတ်ပြကာ ခပ်ကြွားကြွားလေး ပြောလိုက်တယ်။

"ငါ့ဘဝမှာ ငွေဆိုတာ ရေလိုပါပဲကွာ၊ ဒါပေမယ့် ဒီနေ့တော့ မင်းပဲ ရှင်းလိုက်ပါဦးကွာ၊ ငါ သက်ထားရွှေဝင်ဆီသွားရင် မုန့်ဝယ်သွားမလို့"

"မရဘူး သုရိန်၊ အဲဒီလို အညာခံရတာ ထပ်နေပြီ"

"ဒီတစ်ခါ နောက်ဆုံးပဲကွာ လက်ဖက်ရည်လည်း မှာပြီး



သွားပြီ"

သုတခေါင်းကို ခါယမ်းလိုက်ပါတယ်။ သုရိန် ဘယ်လိုပြောပြော သူလက်မခံဖို့ ဆုံးဖြတ်ထားတယ် မဟုတ်ပါလား။

"ကဲပါ...မင်းတို့ စကားမများနဲ့ တော်ကြာ သုတစိတ်ဆိုးပြီး ထပ်ထုနေဦးမယ်၊ ဒီဝိုင်းကို ငါရှင်းမယ်"

လပြည့်က သုတစိတ်ဆိုးမှာစိုးလို့ အိတ်ထဲထိုးကြိတ်ထည့်လာတဲ့ ပိုက်ဆံကို ထုတ်ပြီး စားပွဲပေါ်တင်ပေးတယ်။

"ဟာ...အများကြီးပါလား၊ မင်းဘယ်ကရတာလဲ"

"မုန့်ဖိုးရတာတော"

သုရိန်မြန်မြန်ဆန်ဆန်ပဲ ပိုက်ဆံကို ထပ်ရွက်ဖြန့်ဖြန့်တာ ရေလိုက်တော့ အားလုံးပေါင်း တစ်ထောင်တန် ရှစ်ရွက်တိတိ။

"လပြည့်...ငါ့ကိုပေးပါလား"

"ရတယ်လေ...ယူချင်ယူပါ"

သုရိန် မျက်နှာကြီး ပြုံးရွှင်သွားတယ်။ ဒါ သတ်သတ် လူလည်ကျတာလို့ သုတထင်ပါတယ်၊ လပြည့်မျက်နှာကို ကြည့်လိုက်တော့ မျက်ဝန်းတွေက နမြောတွန့်တိုခြင်းဆိုတာ လုံးဝမရှိပေ။

"သုရိန်...မယူပါနဲ့ကွာ၊ လပြည့်သုံးချင်တာ သုံးရအောင် ပြန်ပေးလိုက်ပါ"

"မင်း ကြားထဲက မနာလိုမဖြစ်စမ်းပါနဲ့ကွာ၊ လူဆိုတာ သူ့ကုသိုလ်ကံနဲ့ သူလာဟာ၊ ဟုတ်တယ်နော် လပြည့်"

"မသိဘူးလေ"

သုရိန်ကိုင်ထားတဲ့ပိုက်ဆံကို အိတ်ထဲအမြန်ထည့်လိုက်ပါတယ်။ သုတလည်း ကာယကံရှင်ကိုယ်တိုင် လက်ခံနေမှတော့ အမှန်ပြီး ဆက်မပြောချင်တော့။

"သုတ...သက်ထားရွှေဝင်ကို ပေးဖို့၊ ငါ ရည်းစားစာ တစ်စောင်ရေးလာတယ်၊ မင်းဖတ်ပြီး ဝေဖန်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိညောင်းတယ် သူရိန်"

"ရော့ပါကွာ ဖတ်ပေးစမ်းပါ ငယ်သူငယ်ချင်းတွေဟာကို"

"မဖတ်ချင်ပါဘူးဆို"

"မဖတ်ချင်လည်းဖတ်ကွာ၊ ရော့...ဒီမှာ၊ ငါ့ရှယ်ရေးလာတာ၊ ဖွန့်ပုံစံလေးတောင် ပါသေး"

သူက စိတ်ပျက်စွာနဲ့စာကို လှမ်းယူလိုက်တယ်။ ဒီစာကို မဖတ်မချင်း သူရိန် ဆိုတဲ့ကောင်က ငြိမ်နေမှာမဟုတ်၊ အိမ်ပြန်ရင် အိမ်အထိ လိုက်ဖတ်ခိုင်းမယ့်ကောင်မျိုး၊ ဒါကြောင့် မဖတ်ချင်ဘဲနဲ့ စာကို ဖတ်လိုက်ရတယ်။

"TH

မင်းရဲ့အချစ်ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် အရာအားလုံး စွန့်လွှတ်ရဲသူပါ၊ တကယ်တော့ မင်းရဲ့အကြင်နာ မျက်ဝန်းထဲက အချစ်ရိပ်တွေ ပြည့်လျှံနေတဲ့ အကြည့်တစ်ချက်နဲ့တင် ငါဟာ ကျေကျေနပ်နပ်ကြီး သေဆုံးရဲပါတယ်။ ဘဝမှာ မင်းသာမုန်းခဲ့ရင် အနာဂတ်ရည်မှန်းချက်ဆိုတာလည်း အလိုလို ပျက်သုန်းသွားမှာ သေချာပါတယ်။

ချစ်တဲ့

သူရိန်

"TH ဆိုတာ ဘယ်သူလဲ သူရိန်"

သုတက စာဖတ်ပြီး မေးလိုက်တာပါ၊ သူရိန့်မျက်နှာ ငါးရှပြုံး ပြုံးသွားတယ်။

"အဲဒါ သက်ထားရွှေစင်ရဲ့ နာမည်အတိုကောက်လေ၊ ငါက ချစ်လွန်းလို့ အဲဒီလိုပဲ ခေါ်တယ်။ ကဲ...ဘယ်လိုလဲ အခြေအနေ"

"အင်း...မဆိုးပါဘူး"

သူရိန့်မျက်နှာ ပီတိတွေနဲ့အတူ လှမ်းချိုသွားပြီး...

"သူရိန်ပါကွာ၊ စာရေးဆရာ လုပ်ဖို့တောင် စိတ်ကူး ထားတဲ့ကောင်၊ ဒီလောက်ညံ့မလား၊ အရင်က ရေးရတာပျင်းလို့ မင်းကို ညာပြီး



ရေးခိုင်းတာ မင်းကလူပေါကြီးဆိုတော့ ငါညာခိုင်းတာကို မသိဘဲ ဘဝ မြင့်ပြီး အဟုတ်ကြီးထင်နေမှာပေါ့"

သုတစိတ်ထဲ အချဉ်ပေါက်သွားတယ်။ ဒါ သက်သက်ကိုဖဲ့တာ၊ နောက်တစ်ခါ မျက်နှာငယ်လေးနဲ့ လာရေးခိုင်းမှ တွေ့မယ်။ ထိုအချိန်မှာ ... တို့စကားဝိုင်းထဲကို တာရာရောက်လာပါတယ်။ တာရာက ရောက် ရောက်ချင်းပဲ သုဖတ်ပြီး ချထားတဲ့စာကို တွေ့သွားတယ်။

"ဒါ ဘာစာလဲ"

"ဟဲဟဲ...ငါ့ရဲ့ရည်းစားစာလေ၊ တာရာ မင်းဖတ်ကြည့်စမ်းပါ၊ ... တာကတော့ မဆိုးဘူးလို့ ပြောတယ်"

"ဝေဖန်လို့ ရမလား"

"ရတယ်...ကြိုက်သလို ဝေဖန်စမ်းပါ၊ သူရိန်ပါကွ...ရသ ... ပြောက်၊ ဂန္ထဝင်မဆန်ရင် စာတစ်လုံးတောင် ရေးချင်တဲ့ကောင် မဟုတ် ... ဘာ စာရှက်နဲ့ဘောပင်ကို အားနာလို့"

တာရာ လွှတ်နေတဲ့ခုံမှာ ဝင်ထိုင်ပြီး၊ လျှို့ဝှက်စွာပြုံးလိုက်ပါတယ်။ ... နောက် လက်ထဲကိုင်ထားတဲ့စာကို အားလုံးကြားအောင် ဖတ်လိုက် ... ယ်၊

"အဟမ်း...မင်းရဲ့အချစ်ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ... ရာအားလုံးကို စွန့်လွှတ်ရဲသူပါ၊ တကယ်တော့ မင်းရဲ့အကြင်နာ မျက် ... ဝန်းထဲက အချစ်ရိပ်တွေ ပြည့်လျှံနေတဲ့အကြည့်တစ်ချက်နဲ့တင် ငါဟာ ... တော့ကျေနပ်နပ်ကြီး သေဆုံးရဲပါတယ်။ ဘဝမှာ မင်းသာမုန်းခဲ့ရင် အနာ ... ဂတ်ရည်မှန်းချက်ဆိုတာလည်း အလိုလိုပျက်သုန်းသွားမှာ သေချာ ... ပါတယ်။

ချစ်တဲ့

သူရိန်

တာရာ စာဖတ်ပြီး၊ သူရိန့်ကို ကြည့်လိုက်တယ်။ အဲဒီအချိန် မှာ ... သူရိန်က ဖီးအပြည့်နဲ့ပြုံးနေပါရဲ့။ ဒီတစ်ခါတော့ ငါးရှပြုံးထက် ... အဆင့်မြင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါးသလောက်ပြုံး ပြုံးနေတာပါ။ အံ့မယ်...ပြုံးရင်း ဒူးလေးတောင် နဲ့လိုက်သေးတယ်။

"သူရိန်"

"ပြော"

"နည်းနည်း ဝေဖန်မယ်နော်"

"နည်းနည်းမဟုတ်ဘူး၊ ကြိုက်သလောက် ဝေဖန်၊ အားရှိပါးရှိ ဝေဖန်၊ ဉာဏ်စွမ်းရှိသလောက် ဝေဖန်"

တာရာထပ်ပြုံးလိုက်ပါတယ်။ ဒီတစ်ခါအပြုံးက ပိုပြီး လျှို့ဝှက်တယ်။

"အဟမ်း...မင်းရဲ့အချစ်ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် အရာအားလုံးကို စွန့်လွှတ်ရဲသူပါဆိုတော့ မင်းကိုပြောပြီကွာ၊ ဘာသာနဲ့ မိဘကို စွန့်လွှတ်ပါတဲ့၊ အဲဒီတော့ မင်းက စွန့်လွှတ်မှာလား"

"ဟာကွာ"

သူရိန်မျက်နှာ ချက်ချင်းပဲ သုန်မှုန်သွားတယ်။ ဒါကို တာရာ ဂရုမစိုက်ဘဲ...

"တကယ်တော့ မင်းရဲ့အကြင်နာမျက်ဝန်းထဲက အချစ်ရိပ်တွေ ပြည့်လျှံနေတဲ့ အကြည့်တစ်ချက်နဲ့တင် ကျေကျေနပ်နပ်ကြီး သေဆုံးရဲပါတယ်လို့ ပြောတာ အမှန်လား"

"ဒါ တင်စားတာကွ"

"ဒါဆို ဘေးမှာ မှတ်ချက် တကယ်မဟုတ်ဘူး၊ တင်စားတာပါလို့ ရေးလေ"

"မင်း........"

သူရိန် မျက်လုံးကြီးပြူးကာ တာရာ့ကို ကြည့်လိုက်တယ်၊ ဒါကို တာရာက ထုံးစံအတိုင်း ဂရုမစိုက်ဘဲ...

"မဟုတ်တာကို လုပ်ဇာတ်ခင်းပြီးရေးတော့ မင်းချစ်တဲ့ ကောင်မလေး တကယ်ထင်ရင် ဘယ်လိုလုပ်မလဲ"



"တော်ပြီကွာ...မဝေဖန်နဲ့တော့ ငါ့စာပြန်ပေး"

သူရိန်က တာရာဖတ်နေတဲ့စာကို လှမ်းယူလိုက်တယ်၊ ဒါပေမယ့်တာရာက ခန္ဓာကိုယ်ကို နောက်ကိုယို့ပြီး လက်ရုပ်လိုက်သဖြင့် မရလိုက်ပေ။

"ပေးနော်"

"ခဏ...ကျန်သေးတယ်။ ဘာတဲ့ ဘဝမှာ မင်းသာမှန်းရင် အနာဂတ်ရည်မှန်းချက်ဆိုတာလဲ အလိုလို ပျက်သုန်းသွားမှာ သေချာပါတယ်တဲ့။ ဟာ...တယ်လာတဲ့စာသားပါလား။ နေစမ်းပါဦး၊ နဂိုထဲက မင်းမှာ ရည်မှန်းချက်ဆိုတာ ရှိလို့လား၊ ကလေကချေကများ ကြီးကြီးကျယ်ကျယ်ရေးရတယ်လို့"

"ကဲကွာ"

သူရိန် ဒေါသမထိန်းနိုင်တော့ဘဲ တာရာကိုလက်သီးနဲ့ လှမ်းထိုးလိုက်တယ် ဒါပေမယ့် တာရာရှောင်တိမ်းပုံက ဂျက်လီတက် မြန်ပါတယ်၊ သူရိန်လက်သီးလာတာ မြင်ထဲက စာကိုပစ်ချပြီး ဆိုင်ထဲမှ ပြေးထွက်သွားတယ်။

"ဟင်း...တောက်"

သူရိန် စိတ်တိုတိုနဲ့ တာရာ့ကျောပြင်ကို ကြည့်ကာ တောက်ခေါက်လိုက်တယ်။ အဲဒီအချိန်မှာပဲ ဆိုင်ရှေ့ကနေ ချစ်အောင် ဖြတ်လာတာကို တွေ့လိုက်မိတော့တာပါပဲ။

"ဟော့ကောင် ချစ်အောင်၊ ဘယ်တုန်းက ပြန်လာတာလဲ"

သူရိန့်အသံကြောင့် ချစ်အောင်လှမ်းနေတဲ့ ခြေထောက် ရပ်သွားပြီး လှည့်ကြည့်တယ်။ သူရိန်တို့အုပ်စုကိုမြင်တော့ အားရဝမ်းသာ နဲ့ ဆိုင်ထဲ ဝင်လာပါတယ်။ သူ့စိတ်ထဲမှာ လက်ဖက်ရည်အလကားသောက်ခံမယ်လို့ ထင်နေသလားပဲ။

"လာထိုင်ကွာ...မင်းရန်ကုန်ပြောင်းသွားတယ်ဆိုပါတောင် မင်းဘယ်မှာနေလဲဆိုတာ အိမ်သွားမေးသေးတယ်၊ ဆင်းလိုက် ဟံသာ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မွန်မှာ ဆိုလားပဲ"

ချစ်အောင်က သူရိန့်စကားကို နားထောင်ပြီး တာရာထသွားတဲ့ ခုံမှာ ထိုင်လိုက်ပါတယ်။ ထို့နောက် အားလုံးကို တစ်ချက်ဝေ့ဝိုက်ကြည့်ပြီး။

"အခုငါခဏပြန်လာတာကွ၊ အလုပ်ကတော့ ထွက်လိုက်ပြီ"

"ဟင်...ဘာဖြစ်လို့လဲ"

"ရန်ကုန်သူတွေ မမိုက်ပါဘူးကွာ၊ ဟိုမှာ ငါကောင်မလေး တစ်ယောက်နဲ့ ချစ်သူတွေဖြစ်ကြတယ်၊ ဒါပေမယ့် ငါကဆင်းရဲတော့ အနှိမ်ခံရတာပေါ့၊ ကြာလာရင် သည်းမခံနိုင်မှာဆိုးလို့ ရန်ကုန်ကနေ ပြန်လာတာ"

ချစ်အောင်က စိတ်ပျက်တဲ့ပုံစံနဲ့ပြောပြီး အိတ်ထဲထည့်ထားတဲ့ ဟန်းဖုန်းကို စားပွဲပေါ်တင်လိုက်တယ်။

"ဟာ...မိုက်တယ်ကွာ၊ မင်းဝယ်လိုက်တာလား"

သူရိန် ဟန်းဖုန်းကို အားရဝမ်းသာနဲ့ ကောက်ကိုင်လိုက်တယ်။ ဒါပေမယ့် လက်ထဲ ဟန်းဖုန်းရောက်သွားတဲ့အချိန်မှာတော့ မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

"ဟင်...မင်းဟာက အခွံကြီးပါလား"

"အေးလေ...ဘာဖြစ်လို့လည်း"

"ငါက အမှန်အကန်ဖုန်းထင်ပြီး မင်းကို အထင်ကြီးသွားတာ"

"နဂိုထဲက အထင်ကြီးတဲ့စိတ်ရှိလို့ပါကွာ၊ ငါက ရန်ကုန်မှာ GSMဖုန်းလျှောက်ခဲ့တာကွ၊ အဲဒါဖုန်းကျလာရင် အဆင်သင့်ဖြစ်အောင် ဟန်းဆက်ကြိုဝယ်ထားတာ၊ ငါကိုင်မလို့တော့ မလုပ်ပါဘူးကွာ၊ ကောင်မလေးကို လက်ဆောင်ပေးမလို့ပါ"

"စိတ်သစ်ပါတယ်...ဘာတွေမှန်း မသိဘူး"

သူရိန်စိတ်ပျက်စွာနဲ့ ခေါင်းကုတ်လိုက်တယ်။

"မင်း ဘာကြောင့် ခေါ်တာလဲ သူရိန်"

"ဪ...အေး"



သူရိန်က မိချောင်းပြုံးပြုံးပြီး ပြုံးလိုက်ပါတယ်။ ဒီနေ့ သူချည်း နှိပ်ခံနေရတာ၊ ဒီတစ်ခါတော့ အလှည့်ရောက်ပြီ။

"ဒီလိုကွ...မင်းက သိပ္ပံပညာကို စိတ်ဝင်စားတယ်၊ မဟုတ်ဘူးလား အလကားနေရင်း စက်ပစ္စည်းတွေ ကလိနေတာ တစ်ခုမှ အကောင်း မရှိတော့ဘူးလို့ မင်းအမေကပြောတယ်။ အဲဒါကြောင့် ငါ တစ်ခုလောက် မေးချင်လို့"

ချစ်အောင် နားထောင်ရင်း အောင့်သက်သက်ဖြစ်သွားတယ်။ ဒါပေမဲ့ ပညာရှိကြီးဟန်နဲ့

"မေးချင်လဲ မြန်မြန်မေးကွာ"

"မြန်မြန်မေးကွာ...ငါ့မှာ အချိန်သိပ်ရှိတာ မဟုတ်ဘူး"

"အေးပါ...နယူတန်က ခေါင်းပေါ်ကပန်းသီး ပြုတ်ကျတာ ကြည့်ပြီး ကမ္ဘာမြေကြီးမှာ ဆွဲငင်အားရှိတယ်လို့ တွေးမိတာမဟုတ်လား"

"သိပ်မှန်တာပေါ့"

"ဒါဆို ငါသိချင်တာက ခေါင်းပေါ်ပြုတ်ကျတဲ့ ပန်းသီးကို နယူတန် စားသလား၊ ဒါမှမဟုတ် သူ့မိန်းမကို ကျွေးသလား၊ ခေါင်းပေါ် ပြုတ်ကျတာ နာတယ်ဆိုပြီး လွှတ်ပစ်သလား၊ အဲဒါ ငါသိချင်လို့"

"ဟင်"

ချစ်အောင် တခဏမင်သက်သွားတယ်။ ပြီးတော့မှ စဉ်းစားကာ တစ်လုံးချင်း ပြောလိုက်တယ်။

"အဲဒီအကြောင်း စာထဲမှာ မသင်ရဘူးကွ"

"ဟ...မသင်ရလို့ မေးတာပေါ့ကွ၊ သင်ရမှဖြင့် ငါလည်း သိတာပေါ့၊ သောက်ရူး၊ တော်း၊ အော၊ အလကားကောင်၊ ဘာမှပဟုသုတ မရှိဘူး သွားမယ်"

သူရိန့်ဆိုင်ထဲက တကယ်ထွက်သွားပါတယ်။ အနိုင်ရသူလိုတော့

www.burmeseclassic.com


www.burmeseclassic.com

နက်နာကပြုးလို့ကျန်ခဲ့သူ ချစ်အောင်သာကြောင်တောင်တောင်လေးနဲ့။

"ဘာတွေမှန်းလည်း မသိဘူး"

တော်တော်ကြာမှ ဒီစကားကို ပြောနိုင်တာပါ၊ ပြီးတော့ ဟန်းဆက်ကို အိတ်ထဲပြန်ထည့်ကာ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထွက်သွားတယ်၊

ခုတော့ လက်ဖက်ရည်ဆိုင်မှာ သူတနဲ့လပြည့် နှစ်ယောက်ဘည်းရယ်။





"ပဲပလာတာ ရှိသေးလား"

ထူးခြားသော ဆွဲငင်အားရှိသော သာယာချိုမြိန်ဖွယ်ကောင်းသော အသံကြောင့် သုတနဲ့လပြည့် ပြိုင်တူ လှမ်းကြည့်မိသွားတယ်၊ အဲဒီအချိန်မှာပဲ လပြည့် အလန့်တကြား အော်လိုက်ပါတယ်။

"ဟာ....ဒီကောင်မလေး"

"ဘာဖြစ်လို့လဲ လပြည့်"

"ငါ့ကို မိုးထိတောင်လိုက်ခဲ့ဖို့ စိန်ခေါ်သွားတာ"

"မင်း ဘာတွေပြောနေတာလဲ၊ ငါ့ကို သေချာရှင်းပြစမ်းပါ"

လပြည့်က ပဲပလာတာဝယ်ပြီး ပြန်ထွက်သွားတဲ့ ကောင်မလေးကို တမ်းတမ်းတတငေးကြည့်လိုက်ပါတယ်။ နောက်ဆုံးကြည့်လို့ မမြင်တော့မှ သုတဘက်ပြန်လှည့်လာပြီး။

"မနေ့က ငါ သိုင်းဇာတ်လမ်းခွေသွားဝယ်ရင်းနဲ့ သူနဲ့တွေ့တော့ ချက်ချင်းဆိုသလို ချစ်မိသွားတယ်။ အဲဒါနဲ့ ကလိကလိဖြစ်ပြီး သွားမိတ် ဆက်တော့ ဘာပြန်ပြောသလဲ သိလား"

"ဘယ်သိမလဲကွ၊ မင်းကိုပြောတာပဲ၊ ငါမှမကြား...က"

"ထူးဆန်းတယ်ကွာ၊ တကယ့်ကိုထူးဆန်းတာ၊ နှစ်ဘစ်ထောင်အသီးကိုစားပြီး သံမဏိလက်ဝါးသိုင်းကို ကျင့်ထားတာဘဲ၊ အတွင်းအားထည့်ပြီး လူတစ်ယောက်ရဲ့ပါးကို ရိုက်လိုက်မယ် ဆိုရင် ပွဲချင်းပြီး သေသွားလိမ့်မယ်၊ ဒါကို မယုံလို့ နာမည်မေးပြီး သိုင်းပညာ

www.burmeseclassic.com



ပြိုင်မယ်ဆိုရင် မိုးထိတောင်ကို လိုက်ခဲ့တဲ့၊ တော်တော် ကံကောင်းတဲ့ မိန်းကလေးကွာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်အဆင့်မြင့်ပြီး နှစ်တစ်ထောင်အသီးကို စားရဲတဲ့ သိုင်းသမား ငါတို့ဆီမှာ ရှိမယ်လို့ မထင်ခဲ့ဘူး"

ဩော်...လက်စသတ်တော့ ဒါကိုး၊

ခုမှ သုတလည်း သဘော ပေါက်သွားတယ်။

"အဲဒါမင်းကိုတမင်းသက်သက်နောက်သွားတာကွ၊ ဘာလို့ တကယ်ယုံနေတာလဲ"

"ဟာ...ယုံတာပေါ့ကွ၊ ငါကိုယ်တိုင် သိုင်းဇာတ်လမ်းတွေ ကြည့် ထားတာ၊ သူပြောတာတွေအကုန်လုံး ရှိတယ်၊ မင်းမယုံရင် ကြည့် ကြည့်ပါလား"

"နေစမ်းပါကွာ"

"အဲဒါကြောင့် မင်းဗဟုသုတ နည်းတာ"

"အမယ်လေး...မင်းကပဲ ပြောရတယ်ရှိသေး၊ ဟုတ်ပါပြီ ငါ ဗဟုသုတနည်းတယ်ပဲ ထားလိုက်ပါတော့၊ ဗဟုသုတရှိတဲ့ မင်းက ဘာ ပြန်ပြောလဲ"

"ဘယ်ပြောရဲမလဲကွ၊ သူပြောတဲ့ သိုင်းပညာနဲ့ အတွင်း အားက အထွဋ်အထိပ်ကို ရောက်နေတော့ ကြောက်ကြောက်နဲ့ ကိုယ် ဖော့ပညာသုံးပြီး အမြန်ပြေးလာခဲ့ရတာပေါ့"

"သေစမ်းပါ လပြည့်ရယ်။ မိန်းမတစ်ယောက်ကို ကြောက် လို့ ပြေးရတဲ့ယောက်ျား ဒီတစ်ခါပဲ တွေ့ဖူးတယ်"

"မင်းမသိပဲနဲ့ မပြောနဲ့ သုတ၊ သိုင်းဇာတ်လမ်းတွဲတွေထဲ မှာဆိုရင် မိန်းမတွေကြောင့် သေသွားတဲ့ ယောက်ျားတွေ အများကြီးပဲ"

ဦးနောက်ကျပ်မပြည့်တဲ့ လပြည့်စကားကြောင့် သုတစိတ်ပျက် သွားတယ်။ သိုင်းဇာတ်လမ်းနဲ့ပတ်သက်လာရင် လပြည့်က အရမ်းကို ခရေစီဖြစ်တာ၊ တစ်ခါတစ်လေလမ်းလျှောက်နေရင်းနဲ့တစ်ယောက်တည်း



သိုင်းချရင် ချတတ်တယ်၊ မောသွားတဲ့အခါ အတွင်းအားကျင့်တာဆိုပြီး လမ်းအလယ်ကောင်မှာ ထိုင်နေတတ်တယ်။ ဒီလို ရှုးသွပ်နေတဲ့ လူတစ် ယောက်ကို သိုင်းဇာတ်လမ်းထဲမှာ ပါတဲ့အကြောင်းအရာတွေနဲ့ ဘာဖြစ်လို့ နှိုင်းယှဉ်သွားတာလဲ နာမည်မပြောချင်လည်းအသာရောင်ထွက်သွားပေ့ါ ခုတော့ဒီလိုမဟုတ်တဲ့အတွက်သူငယ်ချင်းဘက်ကနေအမျက်သိုမိတယ်၊

"မင်း တကယ်ချစ်လား လပြည့်"

"ဟာ...သိပ်ချစ်တာပေါ့"

"ဒါဆို အားမလျှော့နဲ့ ဆက်ကြိုးစား"

"မဖြစ်နိုင်တော့ပါဘူးကွာ၊ ငါက သူ့လောက်မှ သိုင်းပညာ အဆင့်မမြင့်တာဘဲ၊ ဘယ်ကြိုက်မလဲ"

လပြည့်ရဲ့ဆွေးမြေ့နေတဲ့ လေသံကြောင့် ကောင်မလေးကို ဘစ်စုံတစ်ရာ လက်စားချေဖို့ ဆုံးဖြတ်လိုက်ပါတယ်၊

"သူက နေ့တိုင်းစွေလာဝယ်တာလား"

"ငါ ဆက်တိုက်တွေ့တာ သုံးရက်ရှိပြီ"

"ဒါဆို ညနေ မင်းခွေဆိုင်သွားရင် ငါ့ကို ခေါ်ကွာ"

"မင်း လိုက်မလို့လား"

"အေး...မင်းပြောတဲ့ကောင်မလေးရဲ့ သိုင်းပညာ ဘယ် လောက်ရှိတယ်ဆိုတာ အရှိုးအဆစ်တွေကို သေချာကြည့်ပြီး စန့်မှန်း ချင်လို့"

"ကောင်းတယ်...ကောင်းတယ်၊ ငါတို့နှစ်ယောက် ဝိုင်းချရင် သိုင်းကွက် သုံးရာအတွင်းမှာ သူ့ကိုနိုင်မှာပဲ"

လပြည့်က အားရဝမ်းသာနဲ့ ပြောလိုက်တာကို နားထောင်ပြီး သုတ ပြုံးမိသွားတယ်၊ ထို့နောက် လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ကနေ ပြန်လာခဲ့ကြပါတယ်။ တွေ့ကြပြီပေါ့ ကောင်မလေးရယ်။ သူငယ်ချင်းတွေ ရှေ့မှာ သုတရှိတယ်ဆိုတာ မကြာခင် မင်းသိစေရမယ်မှတ်။

www.burmeseclassic.com



ညနေရောက်တော့တကယ်ပဲလပြည့်ကသုတကိုလာခေါ်တယ်။ အဲဒီ အချိန်မှာ သုတက ပန်းပင်ရေလောင်းနေတာ အိမ်မှာက သားအမ် နှစ်ယောက်ထဲဆိုတော့ ဒါတွေဟာ သုတတာဝန်လေ။

"သွားတော့မှာလား လပြည့်"

"အေး...သွားမယ်"

"ဒါဆို ခဏစောင့်ကွာ"

သုတ ပန်းပင်ရေလောင်းတာကို ရပ်ပြီး ရေမချိုးတော့ပဲ အိမ်ပေါ် ပြန်တက်ကာ အဝတ်အစားလဲလိုက်တယ်။ ပြီးမှ လပြည့်နဲ့အတူတူ ရွှေ ဆိုင်ကိုခြေလျင်ထွက်လာခဲ့တယ်။ လမ်းမှာ ကိုယ်စီအတွေးတွေနဲ့ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြပေ။

ရွှေဆိုင်ရောက်တော့ လူကပြည့်နေတယ်။ လပြည့်က လာနေ ကြဆိုတော့ လူကြားထဲအတင်းတိုးဝင်ကာ အသစ်ထွက်တဲ့ သိုင်းဇာတ်လ မ်းခွေကိုဝယ်လိုက်ပါတယ်။ ပြီးတော့ သုတ ဘက်လှည့်မေးတယ်။

"သုတ...မင်းဘာခွေကြည့်မှာလဲ"

"ငါးရာ့ငါးဆယ် ဇာတ်ငှိပါတ်တော်ကြည့်မယ် လပြည့်"

သုတ စကားကြောင့် ရွှေဆိုင်မှာရှိတဲ့ လူတော်တော်များများ ဝိုင်းကြည့်ကြပါတယ်။ သူလိုချင်တာ ဒါပဲလေ။ ရောက်လေရာ နေရာတိုင်း မှာ သုတဆိုရင် လူတော်တော်များများက ဂရုပြုမိနေရမယ်။ သုတ ထင်ပေါ်ကျော်ကြားခြင်းကိုမမက်မောပေမယ့် လူစိတ်ဝင်စားခြင်းကိုတော့



...ချင်ပါတယ်။

"ရော့...သုတ၊ မင်းကြည့်ချင်တဲ့ခွေ"

"လပြည့်...မင်းကောင်မလေး မတွေ့ပါလား"

သုတက ခွေလှမ်းယူရင်း မေးတော့ လပြည့်မျက်လုံးတွေ ...တချောင်းနေတဲ့ ကျီးတစ်ကောင်လို ဖြစ်သွားတယ်။

"ဟာ...ဟိုမှာလာနေပြီ"

သုတလှမ်းကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ အဲဒီ ကောင်မ ...လေးပါပဲ၊ အဝေးကကြည့်တာတောင် တော်တော်လေးကို လှနေတာ၊ ...ကြောင့်လည်း လပြည့်လိုကြပ်မပြည့်တဲ့လူ စွဲလမ်းသွားတာ ဖြစ်မယ်။

"လပြည့်...ဒီမှာမင်းခဏနေခဲ့၊ ငါကောင်မလေးရဲ့သိုင်းပညာ ...ယ်လောက်အဆင့်မြင့်လည်းဆိုတာ အရိုးအဆစ်နဲ့ ခန္ဓာကိုယ် အစိတ် ...ပိုင်းအားလုံးကို သွားလေ့လာလိုက်မယ်"

"အေး...သေချာကြည့်လာခဲ့နော်"

"စိတ်ချ...ဘာတစ်ခုမှ မကျန်စေရဘူး"

သုတက မျက်နှာချင်းဆိုင်လာနေတဲ့ ကောင်မလေးဆီ လျှောက် ...လိုက်ပါတယ်။ အနီးကပ်လေ ကောင်မလေးက ပိုပြီးလှလာလေပဲ၊ ...နှ ဖန်ဆင်းရှင်တစ်ယောက် ယောက်ကများ ဖန်ဆင်းလိုက်တာလား။ ...ချင်း ကောင်မလေးနားရောက်လာတယ်။

"ဟိတ်...ခွေလာဝယ်တာလား"

"ဟင်"

သုတမေးခွန်းကြောင့် ကောင်မလေးကြောင်ပြီး ခြေလှမ်း ရပ် ...သွားတယ်။ ဒီအခွင့်အရေးကို သုတက လုံးဝလက်လွှတ်မခံပါ။

"ဟဲ...ဟဲ ကျွန်တော်လည်း ခွေလာဝယ်တာလေ၊ ဒီမှာ တွေ့ ...အား ငါးရာ့ငါးဆယ်ဇာတ်နိပါတ်"

သုတပြောရင်းပြလိုက်လို့ ကောင်မလေးနှုတ်ခမ်းမှာ ရိပ်ခနဲ တွန့် ...သွားတယ်။ ဒါလည်း လှနေတာ ပဲ၊ သုတဟာ ကောင်မလေးအလှပေါ်မှာ

www.burmeseclassic.com



တခဏ မျှောပါသွားချိန်မှာပဲ သူမဆီကအသံ ထွက်ပေါ်လာတယ်။

"ရှင်...ဘာ...ဘာသာ ကိုးကွယ်တာလဲ"

"ကျွန်တော်လား...ဗုဒ္ဓဘာသာပါ"

ကောင်မလေးက ခန့်မှန်းရခက်တဲ့ အပြုံးနဲ့

"ဒါဆို ဒု၊ သ၊ န၊ သော ကို သိလား"

"ဟာ...သိတာပေါ့"

"မကြောက်ဘူးလား"

"ဘာကို ပြောတာလဲ"

"ရှင်...ဒု၊ သ၊ န၊ သော ကို မကြောက်ဘူးလားလို့ မေးတာ"

"ကြောက်တာပေါ့ဗျာ...ငရဲရောက်မယ့် ကိစ္စပဲ"

"ဒါဆို ကျွန်မနားက အမြန်ဆုံးထွက်သွားပါ"

"ဟာ"

သုတလန့်ဖျန့်ပြီး နောက်ကို ခြေတစ်လှမ်းဆုတ်မိသွားတယ်။ တကယ်ထင်မထားတာပါ။ သူမှ မဟုတ်ပါဘူး၊ ဘယ်သူကမှ ဒီအရွယ် ယောက်ျားရှိမယ်လို့ မထင်မိကြပါဘူး။

"ရှင် မသွားသေးဘူးလား"

သုတ မျက်နှာပူပူနဲ့ ဆတ်ခနဲလှည့်ထွက်လာခဲ့တယ်။ လှမ်းနေတဲ့ ခြေထောက်တွေတောင် နေးနေသလိုပဲ၊ ခဏကြာတော့ နောက်မှ ပြေးလိုက်တဲ့ လပြည့်ခြေသံကို ကြားလိုက်ရတယ်။

"သုတ...မင်းကွာ၊ ငါ့ကိုတောင် မစောင့်ဘူး။ ကောင်မလေး အခြေအနေဘယ်လိုလဲ၊ သူ့ရဲ့သိုင်းပညာက ထင်တာထက်ပိုပြီး အဆင့်မြင့်တယ်မဟုတ်လား။ မင်းတောင် ထွက်ပြေးရတယ်ဆိုတော့ အဆင့်မြင့်မှာ သေချာပါတယ်"

"ဟာ"

တရစပ်ပြောနေတဲ့လပြည့်စကားကြောင့် သုတစိတ်တိုတိုနဲ့ ခြေလှမ်းရပ်ပစ်လိုက်တယ်။ ဒါကို အလိုက်ကန်းဆိုးမသိတဲ့ လပြည့်က



ဆက်ပြောနေရဲ့

"ငါက မင်းတစ်ယောက်ထဲချလို့ မနိုင်ရင် ကူချမလို့ အတွင်း ညွှန်းထားတာကွ၊ ရုတ်တရက်ကြီး မင်းကထွက်ပြေးသွားတော့"

"လပြည့်...မင်းပါးစပ် ပိတ်ထားစမ်း"

"ဘာဖြစ်လို့လဲကွာ...ငါက အမှန်အတိုင်းပြောတာပဲ"

"မပြောနဲ့ကွာ၊ ပြီးတော့ အစအဖြစ်အပျက်ကိုလည်း ဘယ်တော့မှ သိခွင့်မရှိဘူးဆိုတာ မှတ်ပါ၊ ငါကိုယ်တိုင်လဲ မေ့ပစ်လိုက်မယ်"

သုတ အပြတ်ပြောပြီး လမ်းဆက်လျှောက်လာခဲ့တယ်။ လပြည့် ဘယ်လိုဖြစ်သွားလဲဆိုတာ သူ မသိချင်တော့ပါ၊ လောလောဆယ် ဆုတောင်ကံကောင်းလို့ ငရဲမကျတာ၊ တောက်...အပျိုမှန်းမသိ၊ အအိုမှန်း ဆိုတဲ့ကောင်... ဒု၊ သ၊ န၊ သော။

သွားစမ်းကွာ...

သုတ စိတ်တိုစွာနဲ့ လမ်းပေါ်က ကျောက်ခဲကို ကန်ထုတ်လိုက် ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



*ကိုယ်ရပ်တည်နေတဲ့*
*ကမ္ဘာမြေပေါ်ကနေ*
*လှပတဲ့ကြယ်ပေါင်းများစွာ*
*မိုးကောင်းကင်ပေါ်မှာ*
*မြင်တွေ့နေရတာကို*
*ဘယ်လိုပါလိမ့်လို့*
*အဖြေရှာကြည့်မိတယ်။*
*ရှိတော့ရှိတယ်။*
*ဒါပေမယ့်*
*အဖြေကလုံးဝထွက်မလာဘူး၊*
*သဘာဝတရားကြီးဟာ*
*လူတွေကိုခေါင်းစားဖို့များ*
*ဖြစ်ပေါ်နေသလား*
*အေးလေ*
*ဒါမှလဲသံကွဲတဲ့အမှန်တရားတွေ*
*ပေါ်လာပေမှာပေါ့နော်။*



## အခန်း(၃)

ဒီလက်ဖက်ရည်ဆိုင်က တစ်ရပ်ကွက်လုံးရဲ့တစ်ခုတည်းသော ဆိုင်ပါ။ သူတို့လေးယောက်ရဲ့ဆုံမှတ်ဆိုရင်လည်း မမှားဘူး။

အခုသုတနဲ့လပြည့်ထိုင်ပြီးစကားပြောနေကြတယ်။ ထိုအချိန်မှာ ဆိုင်ထဲကို ဆောင့်ကြွားကြွားအမူအယာနဲ့ သူရိန်ဝင်ရောက်လာလို့ ကားဆိုင်းလေးဟာ မီးကိုပြာနဲ့ဖုံးလိုက်သလို အခိုးသေသွားကြတယ်၊

သူရိန်ကထိုင်ပြီး သုတနဲ့လပြည့်ကိုကြည့်လိုက်တယ်။ ပြီးတော့ မျက်နှာကို လေးနက်တဲ့အသွင်သဏ္ဍာန်အဖြစ် ပြောင်းလည်း လိုက်ပါ သည်၊

"အဟမ်း"

သူရိန် ချောင်းဟန့်လိုက်တာပါ၊ ပြီးတော့ ခြောက်သွေ့နေတဲ့ နှုတ်ခမ်းလေးကို လျှာဖျားလေးနဲ့ သပ်လိုက်တယ်။ အဲဒီအထိ သုတနဲ့ လပြည့်တို့ငြိမ်သက်နေတုန်းပါပဲ။

"ညက ဖေဖေက အလုပ်လုပ်ဖို့အရင်းအနှီးထုတ်ပေး မယ် လို့ပြောတယ်ကွ"

သူရိန်စကားစပြီး နှစ်ယောက်စလုံးရဲ့ မျက်နှာကို ဖျက်ခနဲ ကြည့်လိုက်တယ်။ သုတနဲ့လပြည့်တို့ မသိမသာ စိတ်ဝင်စားနေမှန်း သိ တော့ ဆက်ပြောတယ်။

"ခက်တာက ပေးတဲ့ငွေကနည်းတော့ ငါက ဘာမှမလုပ် တတ်ဘူးဖြစ်နေယ်"

www.burmeseclassic.com

www.burmeseclassic.com

သူရိန် စကားရပ်ပြီး စိတ်ဝင်စားသလားဆိုတဲ့ အတွေးနဲ့ထပ်ကြည့်တယ်။ အိုကေ...နှစ်ယောက်စလုံး သူ့ရဲ့စကားကို အာရုံစိုက်နေကြတယ်။

"တစ်ရာ...သိန်းတစ်ရာလေးပါ။ ဘာလုပ်လို့ရမှာလဲ၊ မင်းတို့သိတဲ့အတိုင်းပဲ၊ ခုခေတ်က စီးပွားရေးလုပ်ရင် အပြိုင်အဆိုင်တွေက အရမ်းများတယ်။ ငါက အသေးအမွှားဆိုရင် အမိုက်ရှုပ်ခံပြီး ဘယ်တော့မှ ငြီးစားတဲ့ လူမှုဟုတ်ဘူး၊ မင်းတို့သိသားပဲ၊ သိန်းတစ်ရာကွာ၊ ပါးပါးလေးရယ်၊ ဘာမှလုပ်လို့ရတာမဟုတ်ဘူး။ ငါပြောတာ သဘောပေါက်လား၊ သိန်းတစ်ရာဆိုတာ စီးပွားရေးလောကမှာ ပိုက်ဆံမှ မဟုတ်တာ၊ သိန်းတစ်ရာ ဘာလုပ်ဖို့လဲ မဟုတ်ဘူးလာ၊ စီးပွားရေးလုပ်ရင် ကလေးကစားသလို ဖြစ်နေမှာပေါ့၊ ငါ့စိတ်ထင်တော့ ဖေဖေနဲ့မေမေ နောက်နေတာ ဖြစ်မယ်။ ဟား..ဟား...ဟား...ရယ်ရတယ်နော်၊ မင်းတို့ စဉ်းစားကြည့်စမ်း၊ ငါ့လို တစ်ဦးတည်းသော သားချော၊ သားလှလေးကို သိန်းတစ်ရာ ထုတ်ပေးပြီး စီးပွားရေးလုပ်ခိုင်းတယ်။ သိန်းတစ်ရာကွာ၊ ငါက အဲဒီပိုက်ဆံကို ဘာလုပ်လို့ရမှာလဲ၊ သက်ထားရွှေစင်နဲ့ ဆီဒိုးနားမှာ မင်္ဂလာဆောင်ရင်တောင် သိန်းငါးထောင်လောက် ကုန်မှာ။ ဒါတောင် ဂျပန်နဲ့ အင်္ဂလန်နိုင်ငံကို ဟန်းနီးမွန်းထွက်တာ မပါသေးဘူး၊ အဲဒီတော့ ဒီသိန်းတစ်ရာ မီးသွေးရောင်းလို့တောင် မရဘူး၊ ငါပြောတာ ဟုတ်လား၊ ဒီလောက် ပိုက်ဆံလေး၊ ဘာလုပ်လို့ရမှာလဲ"

သူရိန် အားပါးတရပြောပြီး ဘယ်သူ့ဆီက လက်ဖက်ရည်ကပ်သောက်ရမလည်းဆိုတာ လေ့လာလိုက်ပါတယ်။ ထိုအချိန်မှာ သူတို့ဝိုင်းကိုတာရာရောက်လာလို့ သူရိန်က အိတ်ကပ်ကိုအရင်ရှိုးလိုက်တယ်။ အားပါးပါး ဖောင်းကားနေပါလား....

"ဘာတွေပြောနေကြတာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ၊ မင်းကို စောင့်နေတာ"

တာရာထိုင်ရင်းနဲ့ သူရိန်ကို ကြည့်လိုက်ပြီး...



"ဘာကိစ္စလဲ"

"ပိုက်ဆံပါမလာလို့"

"မင်းမှာ ဘယ်နှစ်ခါ ပိုက်ဆံရှိဖူးလို့လဲ"

တာရာရဲ့ မညှာမတာ နှိပ်ကွပ်စကားကြောင့် သူရိန် ဆွံ့အသွားတယ်၊ အဲဒီအချိန်မှာပဲ သုတ အချက်တွေသွားပါတယ်။ တွေကြုံပြီမေ့သူရိန်ရယ်၊ စောစောက လေအခွန်မဆောင်ရတိုင်း ကြွားထားတာ တွေငြိမ်ခံရစေမယ်။

"ဒီမှာတာရာ သူရိန့်ကို လျှော့မတွက်နဲ့၊ စီးပွားရေးလုပ်ဖို့ သိန်းတစ်ရာပေးတာကို ပါးပါးလေးဆိုပြီး ငြင်းလာခဲ့တဲ့ကောင်ကွ"

"ဟင်...ဟုတ်လား...ဘယ်သူက ပေးတာလဲ သုတ"

"သူ့အဖေကလို့ ပြောတာပဲ၊ လပြည့်လည်း ကြားတယ်"

"ဟုတ်တယ် တာရာ၊ ငါ့ကိုပေးရင်လည်း ဘာမှမလုပ်တတ်ဘူး"

"မင်းက သောက်ရှုးပဲ၊ ဘာလုပ်တတ်မှာလဲ"

လပြည့် ပါးစပ် စိခနဲ ပိတ်သွားတယ်။ ထို့နောက် တာရာက ခေါင်းကို ပွစိပွစိလုပ်ကာ သူရိန့်ကို ပြောလိုက်ပါတယ်။

"သူရိန်...မင်းဆီက ပုပ်စော်နံတယ်ကွာ၊ ရေချိုးနဲ့ ထားပြီး ပါးစပ်သွားဆေးဦး၊ ပြီးရင် ငါ့ဝဋ်နဲ့ ဝေးဝေးနေ ဟုတ်လား"

"ဘာ...မင်း....."

"ပါးစပ်မဟပါနဲ့ကွာ...နံလို့ပါ"

"ငါ့ကို မင်းအထင်သေးတာလား"

"လုံးဝ အထင်မကြီးခဲ့တာပါ"

"အေး...မင်းစကားမှတ်ထား။ တစ်နေ့ကြရင် သူရိန်ဆိုတာ ထိပ်အပေါ်ဆုံးမှာ ရှိနေရမယ်၊ အဲဒီကျမှ မင်းမော့မကြည့်နဲ့"

"ဟာ ...နံလိုက်တာကွာ"

"တောက်...မင်းနဲ့ငါ တွေ့မယ်၊ ဘယ်တော့မှ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



မပြောတဲ့ကောင်"

"ဟ…မင်းကရော ကောင်းလို့လား၊ ထစ်ခနဲဆို သူငယ်ချင်းတွေ အပေါ်မှာ လူလည်ကျဖို့လောက်ပဲ စဉ်းစားနေတာ၊ ကြာလာတော့ သည်းမခံနိုင်တော့ဘူးကွ"

တာရာရဲ့ထိမိတဲ့စကားကြောင့် ချက်ချင်းဆိုသလိုပဲ သူရိန့် မျက်နှာကြီး နီရဲလာပါတယ်။ ပြီးတော့ အံတစ်ချက်ကြိတ်ကာ စားပွဲပေါ် မှာရှိတဲ့ မုန့်တွေအကုန်လုံးကို လက်နှစ်ဖက်နဲ့ သိမ်းကြုံးယူပြီး၊ ဆိုင် ထဲမှ ထွက်သွားတယ်။ ဒါသူရိန်ရဲ့အကျင့်လေ၊ စိတ်ဆိုးဒေါသထွက်လာပြီဆိုရင် တွေ့တဲ့အရာကို ယူသွားတော့တာပဲ။

"ဟူး…ခုမှပဲ နားအေးတော့တယ်"

သုတက သူရိန်နောက်ကျောကို ကြည့်ကာ ပြောလိုက်တော့ တာရာက…

"ဒီကောင်…မလွယ်ဘူး၊ အပေါင်းအသင်းအပေါ်မှာ နည်းမျိုးစုံ အနိုင်ယူ ဆိုးနေတာ"

"ခွင့်လွှတ်လိုက်ပါကွာ…ငါတို့က ငယ်သူငယ်ချင်းတွေ မဟုတ်လား"

"ငါကတော့ သည်းခံစိတ်လျော့ပါးလာပြီ"

တာရာတကယ်ပြောမှန်း သုတ နားလည်လိုက်ပါတယ်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်က အရမ်းကို ဖြတ်ရခက်တယ် မဟုတ်ပါလား။

"သုတ"

"ဟင်…ဘာလဲ"

တာရာက တံတွေးကို မျိုချလိုက်ပြီး…

"မင်း အချစ်ဆိုတာ ဘယ်လိုမြင်လဲ"

သုတအကြည့်က တာရာ့ဆီ ပြုံးကျသွားတယ်။ ခုတစ်လော သူရဲ့သူငယ်ချင်းတွေ ဘာဖြစ်နေကြတာလဲ၊ တွေ့လိုက်တိုင်း အချစ်



ကြောင်းပဲ ပြောနေကြတယ်။

"ငါမေးတာ ဖြေလေကွာ"

"မသိဘူးကွာ၊ တကယ်ဆို ငါတို့အသက်အရွယ်က ပညာ ကိုပဲ ပြီးဆုံးတဲ့အထိ သင်ကြရမှာ၊ အချစ်ဆိုတာ ခဏဘေးဖယ်ပြီး ဘွဲ့ ရအောင်တော့ အရင်ကြိုးစားသင့်တယ် တာရာ"

"မင်းပြောတာ မှန်ပါတယ်ကွာ၊ ဒါပေမယ့် ငါ့ရင်ထဲမှာ မိန်းက လေးတစ်ယောက်ကို ချစ်မိသွားပြီ၊ နောက်ဆုတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ် တော့ဘူး"

သုတ အထိတ်တလန့်နဲ့ တာရာကိုကြည့်မိသွားတယ်။ မျက်လုံး ထဲက ဖြာထွက်လာတဲ့ အချစ်ရဲ့အငွေ့အသက်တွေကို တွေ့လိုက်တော့မှ ဟုတ်တယ်ပဲဆိုတာ လက်ခံယုံကြည်မိလိုက်တယ်။

"စဉ်းစားပေါ့ကွာ…လူဆိုတာ မစခင်မှာ စဉ်းစားတာ ကောင်းဆုံးပဲ"

"မလိုတော့ဘူး သုတ၊ ငါ တကယ်ချစ်မိသွားတာ၊ အဲဒါ ကြောင့် ရအောင်ကြိုးစားမယ်"

တာရာ ထထွက်သွားတယ်။ အဲဒီတော့မှ သုတလည်း သက်ပြင်း ချလိုက်မိပါတယ်။ ဒါဟာ စိတ်ကစားတာပဲ ဖြစ်ပါစေ၊ သူရဲ့ ငယ်ချင်းတွေအားလုံး အချစ်ကြောင့် နှနယ်တဲ့ နှလုံးသားမှာ ဒဏ်ရာ ဒဏ်ရာ မရကြပါစေနဲ့၊ သူ့မှာသာ တားမြစ်ပိုင်ခွင့် ဗီတိုအာဏာရှိရင် အချစ်ကို ပယ်ချမိမှာပါ။

ခုတော့…

ကိုယ့်လမ်းကိုယ်ရွေးချယ်သွားကြပြီ။

သူလဲ ဘာမှ ပြောခွင့်မရှိပေ။

www.burmeseclassic.com



တိုက်ဆိုင်မှုဆိုတာ
နေရာတိုင်းမှာရှိနိုင်သလား
ဒါဟာ
တမင်ကြိုတင် အကွက်ချထားတဲ့
ထောင်ချောက်တစ်ခုတော့ မဟုတ်ပါစေနဲ့ကွယ်
အဲဒီဆိုရင်
ငါဟာ မင်းရဲ့အပြုံးတစ်ပွင့်ကို
မြတ်နိုးစွာနဲ့ ခံယူလိုက်မှာပါ။



"ဒီမှာ...ဒီမှာ"

သူတ ခြံထဲက ပန်းပင်တွေကို ရေလောင်းနေရာမှ အကြွင်းထားနေ ခဲ့ပေမဲ့ ခေါ်သံကြောင့် လှမ်းကြည့်လိုက်မိတော့သည်။

"ဟင်"

ရုတ်တရက် သူ့အား တောင်းပန်နေသည့်ပုံ မျက်လုံးကြီးတွေ စိုက်ကြည့် နေသည်။ ကြက်သီးများ ထလာမိသည်။ ယခင်က မြင်ဖူးသော မျက်နှာ ကို နေ့လယ်က ဒီတောင်မလေးကို သူမြင်လိုက်ရတော့ လာနေ သည် ဆော ကြောက်ပါတယ်ဆိုမှုပဲ။

"ဒီမှာ...ရှင့်တို့ခေါ်နေတာ ဘာလို့မလာတာလဲ"

""အဲ မယ်...ခေါ်တိုင်းလာရမယ်ဆိုရင် ဘာတောင်နေရသလဲ။ ရုတ်တား...မိန်းကလေးတစ်ယောက်က ခေါ်တိုင်း ရောက်လာတယ်လို့ အပြီးနဲ့ပြီး ပြောမလာခဲ့ဘူး"

"ရှင့် ဘာသာ ရှေ့ဆက်တောင်လို့ပဲ ပြောပြော ဝက်ထဲ တောင်လိုပဲ လာလား အခု ကျွန်မခေါ်နေ့ ဟာလာခဲ့ပါ"

စက်ထားပဲ...ခုခေါ်ပြီး သစ်ပင်လေးရှေ့မှာ ယောက်ျားလေး တစ်ယောက်ကို အဲဒီလို ခေါ်တာဆိုတော့ ဘာမေးလို့ကြည့်ရင် သူကတော့ ဒူးထိကို လုံးဝမသွားနိုင်ပါ။

"ဒီမှာ... ကျွန်မခေါ်လို့ရှင် မလာနိုင်ဘူး ခင်ဗျား လာချင်ရင် ခြံထဲဝင်လာခဲ့ တံခါးဖွင့်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လာလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်သိချင်ရင် အပြင်ထွက်ကြည့်ပါလား၊ ဒီမှာ ကျွန်မ ဒုက္ခရောက်နေတယ်"

"ဒါ မထူးဆန်းပါဘူး၊ လောကမှာ လူဖြစ်လာထဲက ဒုက္ခဆိုတာ ပါလာခဲ့တာပဲ၊ ဟို သီချင်းတောင် ရှိသေးတယ်။ ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

"ကဲပါ…ရှင့်ကို တရားဟောခိုင်းနေတာ မဟုတ်ဘူး၊ ကျွန်မ ဒုက္ခတို့ တယ်မို့ ခေါ်တာ၊ အမယ်လေး…သွား…သွား"

သူမပြောရင်း အလန့်တကြားအော်တယ်။ ဘယ်သူ့ကိုများ နှင်ထုတ်နေပါလိမ့်၊ နာနာဘာဝတွေများ သူမနားမှာ ကိုယ်ရောင်ဖျောက်ပြီး ရှိနေလို့လား၊ ခြံစည်းရိုးကလည်း အုတ်နဲ့ကာထားလို့ သူမရဲ့ အပေါ်ပိုင်းပဲ မြင်နေရတယ်။ ဒါကြောင့် သိချင်စိတ်နဲ့ ခြံတံခါးဖွင့်ပြီး ကြည့်လိုက်မိတယ်။

"ဟိုက်"

သုတ မျက်လုံးအစုံ အဆမတန်ပြူးကျယ်သွားပါတယ်၊ ကြည့်စမ်းပါ၊ ရာဇဝင်သမိုင်းထဲမှာတောင် ခွေးအပေါင်း ခြံရံပြီး တိုင်းခန်းလှည့်နေတဲ့ မင်းသမီးဆိုတာ မရှိပေ၊ အခု သူမနားမှာ တစ်လမ်းလုံးရှိတဲ့ခွေးတွေအကုန်လုံးဝိုင်းရံနေတယ်။

"အံမယ် ခင်ဗျားရဲ့ခွေးချစ်ဂါထာက တော်တော်စွမ်းပါလား"

"ဘာ"

သူမက အော်ပြီး ဒေါသမျက်စောင်းတစ်ချက်နဲ့ တိုက်ခိုက်လိုက်တယ်၊ တော်သေးတာပေါ့၊ နဂါးမျက်စောင်းမဟုတ်လို့…

"ကျွန်တော်ပြောတာ မဟုတ်လို့လား၊ ခင်ဗျား ခွေးချစ်ဂါထာ တတ်လို့ ဒီလိုခွေးအပေါင်းခြံရံပြီး လမ်းလျှောက်နိုင်တာပေါ့"

"အို…ကျွန်မ ခွေးချစ်ဂါထာတတ်လို့ မဟုတ်ဘူး၊ ကျွန်မ



…လာတဲ့ ခွေးမလေးကြောင့် ဒီလိုဖြစ်သွားတာ"

သုတလည်း သူမပြောမှ ခွေးတွေကြားမှာ ညပ်နေတဲ့ အဖြူရောင်…ခွေးဝပ်ဖွားလေးတစ်ကောင်ကို တွေ့လိုက်ရတယ်။ ခွေးမလေးတာ …တွေ့အကြုံမရှိသေးတဲ့ပုံပါ။ လမ်းထဲက ခွေးထီးတွေက နှာခေါင်းဆိုပွစိ…ရှုံ့လုပ်ပြီး အနမ်းပွင့်တွေ ချွေလိုက် တိုင်း ရှက်လွန်းလို့ ထင်ပါရဲ့…မျက်လေးကုတ်၊ မျက်လွှာလေး ချကာ တအီအီနဲ့ ရှေ့နောက်ဝဲယာ …ပြေးနေတယ်။ ဒါကိုပဲ ခွေးထီးတွေက အထားပေးတယ်ထင်လာမသိ…ဖြူမလေးနောက်ကို ပတ်လိုက်နေတယ်။ ပြော်…ခွေးဖြစ်တာတောင် …တော်တော်စန်းပွင့်ပါလား။ အားကျ လိုက်ပါဘိ။

"ဒီမှာ…အဲဒီခွေးတွေ ကျွန်မနားက အမြန်ထွက်သွားအောင် …ပေးစမ်းပါ၊ ကြာလာရင် ကျွန်မ အသဲယားလွန်းလို့ အူတွေတစ်စီ…သွားလိမ့်မယ်"

"ဟာ…ဖြစ်ပါ့မလား။ အများနဲ့တစ်ယောက် ကျွန်တော်ပဲ …မှာပေါ့"

"အို…ရှင့်ကိုဖက်ပြီး နပန်းလုံးခိုင်းတာမှ မဟုတ်ဘဲ"

"ဟုတ်ပါပြီ…ကျွန်တော်သဘောပေါက်ပြီ"

သုတ ခြံထဲပြန်ဝင်ကာ ဝါးလုံးကောင်းကောင်းတစ်ချောင်းကို …ပြီး ပြန်ထွက်လာတယ်။ ပြီးတော့ တရုတ်သိုင်းကားထဲက ဂျက်လီလို …တွေကို ဝှေ့ယမ်းခြောက်လိုက်ပါတယ်။ အလို…ခွေးတွေက သူ့ရဲ့ …သိုင်းကို လုံးဝဂရုမစိုက်ပါလား၊ လပြည့်ပြောသလို အတွင်းအား …လို့ ထင်ပ။

"ရှင်…အဲဒီလို လုပ်လို့မရဘူး ရိုက်လွှတ်…ရိုက်လွှတ်"

"ဟုတ်ပြီ ရိုက်ပြီ ရိုက်ပြီ"

"ဂိန်…အု…အီး…အိန်"

အံမယ်…မြန်မာ့သိုင်းက တယ်ဟုတ်ပါလား။ ငါးကောင်လောက် …သိမ်းကြုံးရိုက်လိုက်တာ ကျန်တဲ့ခွေးတွေပါ ထွက်ပြေးကုန်ကြတယ်။

www.burmeseclassic.com



ခုတော့ သူမနားမှာ ရှေ့ကြြားလေးလေး ရောကျ်ိုး [illegible] လုံးတင်းခဲ့ဝင်သွားပါပြီ

"ရှင်တို့ တွေ့ချင်ကြသေးလား"

"ကျွန်တော်တို့ အများ သားနာ ဆောက်ကြောက်တယ်"

"ပြော...အဲဒီနေ့တော့ ရှင်တို့"

သူမ ပြန်ပြောမယ့်နေ့ [illegible] လှမ်းလှမ်းသွားတယ်။ ဒါကြောင့် သုတတစ်ယောက် သူမရဲ့ အဖြူ ကောင်းမွန်တဲ့ခါးနောက်မှာ တောင်းသာလာမိသွားပါတယ်။ ကြည့်စမ်းပါ။ သူမရဲ့ အဖြူတော အသက်ဘယ်လောက်ရှိခဲ့တော့ နိုင်သလဲဆိုရင် အဖြူ ပေါ်မှာ ဖော်ဆောင်ရွက်ထားတဲ့ အရုပ်နှင်းတွေက သက်သေပြနေတယ်။

"ကဲ...ကျွန်မ သွားတော့မယ်။ တွေ့ရမှာကို နောက်မှ ပြန်ဆင်မယ်"

"ဒါတော့ ထိုးမဖြစ်နိုင်ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ကျွန်တော်ကတော့ ဘယ်တော့မှ ခွေးအတိုင်းခံမှာ မဟုတ်လို့ပါ"

"အဲဒါဆို ကောင်မလေးတော့ အတိုင်းခံရတဲ့အချိန်တွေရှင် ကျွန်မလာတော့မယ်"

"အင်း...အချိန်တွေကောင်းတဲ့အချိန်ဆို ဖြစ်နိုင်ပါတယ်"

တစ်ခဏအတွင်း သုတတို့နှစ်ယောက် ရင်နှီးတဲ့အသိမ်းအမှတ်နဲ့ ပြိုင်ဘာရယ်မောလိုက်ကြတယ်။ တကယ်တော့လည်း သုတစိတ်ထဲမှာ မှုန်လင်း တော်ရွှေတဲ့ သူမတို့ ခင်မင်သွားပါတယ်။

"သွားမယ်နော်"

"ဒီအတိုင်းသွားမလို့လား"

"အင်းလေ"

"ဒါဆို ခွေးတွေထပ်ပြီး အတိုင်းခံရလိမ့်မယ်"

"ဟင်...ဒါဆို ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"ခွေးပိုက်ပြီး သွားပေါ့"



"ဒုက္ခပါပဲ...ဖျင်းလို့ ခွေးခေါ်ပြီး လမ်းလျှောက်ထွက်ပါတယ်။ ခွေးပိုက်ပြီး ပြန်ရမယ့်ကိန်း ရောက်နေပြီ"

"မပိုက်ချင်လည်း ရပါတယ်။ ဒါပေမယ့် ခွေးတွေထပ် ဝိုင်းလာလိမ့်မယ်"

သုတစကားအဆုံးမှာ သူမ ခွေးဖြူလေးကို ဆက်ကနဲ ကောက်ယူ ပွေ့လိုက်တယ်။

"အင်း...အဲဒီလိုပြန်တာ အကောင်းဆုံးပဲ"

"ရှင်က...ဒီအတိုင်းမနေနဲ့ မကောင်းဘူး"

သူမပြောမှ ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်မိတယ်။ သစ်ပင်ရေလောင်း ဘာဆိုတော့ ဘောင်းဘီအတိုလေးနဲ့ အမယ်လေး ရှက်စရာကြီး....

သုတ ရှက်ရှက်နဲ့ ကောင်းမလေးနောက်ကျောကို လှမ်းကြည့်မိ လိုက်တယ်။

ရှက်လွန်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"အဲဒီအကြည့်ကို ငါ လုံးဝမကျေနပ်ဘူး သုတ"

"ဟာ...ဘာဖောက်တာလဲ"

တစ်ချိန်လုံး သူမနဲ့တွေ့ခဲ့တဲ့အကြောင်း ပြောပြနေတာကို ငြိမ်ငြိမ်လေး နားထောင်ပြီးကာမှ နောက်ဆုံးစကားကို အပြင်းအထန် ရန်ရှာလိုက်သောကြောင့် သုတ နားလည်ရခက်သွားပါတယ်။

"မင်းကွာ...ငါ့ရဲ့ချစ်သူကိုမှ နောက်ကျောကြည့်ရတယ်လို့ အခြားမိန်းကလေးတွေကို ကြည့်ပါလား"

အရေးထဲ သောက်ရူးက အကျအနဘောက်နေပြန်ပြီ၊ သုတ လည်း ရှင်းမပြရင် ပိုဆိုးလာမှာ သိနေလို့ ရှင်းပြလိုက်ရပါတယ်။

"ဒီမှာ လပြည့်၊ သူကငါ့ကို ကျောခိုင်းသွားတာကွ၊ အဲဒါ ငါက နောက်ကျောမကြည့်ဘဲ ပြေးသွားပြီး ရှေ့ကကြည့်ရမှာလား"

"သုတ...စကားတတ်တိုင်း လျှောက်မပြောနဲ့၊ အမှန်ဆို နောက်ကျောကို မင်းလုံးဝ မကြည့်သင့်ဘူး"

"ဘာဖြစ်လဲကွာ ကြည့်တာများ အသားပုံပါတာကျနေတာပဲ"

"အသားပုံမပါပေမယ့် မင်းရဲ့အကြည့်ကို ယောကျ်ားလေး အချင်းချင်းမို့ ငါသိနေတယ်"

အမယ်လေး...တယ်လာတဲ့ သောက်ရူး၊ အခြားနေရာမှာသာ နံ့တာ၊ "အ"တာ၊ အချစ်နဲ့ပတ်သက်လာရင် အသေးအမွှားလေးကအစ သဝန်တိုတတ်ပါလား...



"ငါက ရိုးရိုးသားသားကြည့်တာကွ၊ မင်း စဉ်းစားကြည့် ဒဲ့ဘက်က မရိုးသားဘူးဆိုရင် ဒီအကြောင်းအရာကို ဘာမှ ပြောပြစရာ အကြောင်းမရှိဘူး၊ ငါပြောတာ သဘောပေါက်လား"

သုတရဲ့အချက်ကျကျစကားကြောင့် လပြည့်ငြိမ်သက်သွားတယ်။ ကြပ်မပြည့်တဲ့ဦးနှောက်နဲ့ စဉ်းစားနေတာ ဖြစ်မှာပါ။ အဲဒီလို စဉ်းစားရင်းနဲ့ ခေါင်းမွှေးတောင် ဆွဲနုတ်လိုက်သေးတယ်။

"သုဘ...မင်းဘက်က ရိုးသားပါတယ်ဆိုတာ ကတိပေး လား"

"ပေးတယ်ကွာ...ပေးတယ်...သုတ ကတိပေးတယ်"

"အင်းလေ...မင်းဘက်က ကတိပေးမှတော့ ငါ့ဒေါသတွေ ပြန်ရုတ်သိမ်းရတော့မှာပေါ့၊ ကဲ...ပြန်ဝင်စမ်းဒေါသ၊ ဂလု...ပြီးသွားပြီ၊ အဲ့ဒေါသတွေပြန်သိမ်းလိုက်တော့ အရင်လိုငါတို့နှစ်ယောက် သူငယ်ချင်း ပြန်ဖြစ်သွားတာပေါ့"

"ဟင်...ပထမထဲက မင်းနဲ့ငါ သူငယ်ချင်းတွေ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ဓာတ်စောကကောင်မ လေးနဲ့ပတ်သက်လို့ ရန်သူဖြစ်သွားကြတယ်လေ၊ သိုင်းလောကမှာဆိုရင် သိုင်းကျမ်းတစ်အုပ်၊ မိန်းမတစ်ယောက်အတွက်နဲ့ ညီအစ်ကိုခြင်းတောင် သတ်ကြတာ၊ မယုံရင် မင်းကြည့်"

လပြည့်က အသစ်စက်စက် သိုင်းဇာတ်လမ်းခွေကို အတင်းထိုး ပေးလို့ သုတ စိတ်ပျက်သွားတယ်။

"လပြည့်...ငါနဲ့စကားပြောရင် သိုင်းဝတ္ထုအကြောင်း ထည့် သည့် မပြောစမ်းပါနဲ့ကွာ၊ မင်းစာအုပ်က ဘာမှယုတ္တိရှိတာ မဟုတ် ဘူး"

"သုတ...ငါက မင်းဗဟုသုတရှိအောင် ပြောတာ၊ သိုင်း ဝတ္ထု ထဲက ဇာတ်လိုက်ဆိုရင်..."

"ကိုအေးရှို"

သုတလည်း လပြည့်ရဲ့သိုင်းဇာတ်လမ်းတွဲထဲ မျောပါသွားမှာစိုးလို့

www.burmeseclassic.com



ဆိုင်ရှေ့က ဖြတ်လျှောက်သွားတဲ့ ကိုအေးချို့ကို လှမ်းခေါ်လိုက်တယ်။ ကိုအေးချို့ကလည်း သုတခေါ်သံကြားကြားချင်းပဲဆက်ခနဲလှည့်ကြည့်ကာ ဆိုင်ထဲဝင်လာတယ်။ ကိုအေးချို့ဆိုတာ သုတနဲ့ နှစ်အိမ် ကျော်ကပါ၊ စာပေနဲ့ပတ်သက်လာရင်အရမ်းကိုဝါသနာကြီးတာ၊ ဝတ္ထုတို၊ ကဗျာလေးတွေရေးပြီး မဂ္ဂဇင်းတိုက် ကို အဆက်မပြတ်ပို့ပြီး ဘယ်သူမှမပေးတဲ့ စာရေးဆရာဘွဲ့ကို ကိုယ့်ဘာသာ ခံယူထားတဲ့ လူတစ်ယောက်ပါ၊ အမှန်ပြောရင်ကိုအေးချို့လည်းလပြည့်လိုသိပ်ကြွပ်ပြည့်တာမဟုတ်ဘူး။

"ကိုအေးချို့ ဘယ်ကပြန်လာတာလဲ"

ကိုအေးချို့က ခုံတစ်လုံးဆွဲယူကာ ထိုင်ပြီး—

"စာတိုက်ကကွ၊ ဝတ္ထုတိုနဲ့ ကဗျာလေးတွေ သွားထည့်တာလေ"

"ကျွန်တော် ကိုအေးချို့ကိုကြည့်ပြီး အရမ်းအားကျတာပဲ၊ ပြီးတော့ကိုအေးချို့လိုပဲ ဝတ္ထုတွေ၊ ကဗျာတွေ အများကြီး ရေးပို့ချင်တယ်"

"ဟာ...ကောင်းတာပေါ့၊ ညီလေးဆန္ဒရှိရင် ရေးလေ၊ အစ်ကို ထည့်ပေးမယ်"

"ကျွန်တော်ရေးလို့ မဂ္ဂဇင်းမှာ မပါရင် ရှက်စရာကြီး"

""ဒါများ ညီလေးရယ် ထူးထူးဆန်းဆန်းလုပ်ပြီး ပြောနေရသေးတယ်။ ကိုယ့်ကိုကိုယ် စာပေသမားလို့ ခံယူထားရင် အရှက်အကြောက်မရှိရဘူးကွ၊ အစ်ကို့ကိုပဲကြည့်၊ ရှက်တယ်၊ ကြောက်တယ် ဆိုတာ မရှိဘူး"

"ဟုတ်တယ်နော်...အစ်ကိုက အရှက်အကြောက်တော်တော်ကင်းမဲ့တာပဲ ကျွန်တော်လည်း အစ်ကို့လို ဖြစ်ချင်တယ်"

"လုပ်စမ်းပါကွာ...လုံးဝအားပေးတယ်၊ အစ်ကိုဆိုရင် ဝတ္ထုတိုနှစ်ဆယ့်ခုနှစ်ပုဒ်၊ ကဗျာ ငါးဆယ့်သုံးပုဒ်၊ မဂ္ဂဇင်းတိုက်ကို ပို့ပြီးပြီ၊ ဘယ်အလုပ်မဆို ဝါသနာနဲ့ ဇွဲရှိဖို့တော့ လိုတယ်"

"ဟာ...ကိုအေးချို့ရေးထားတာ အများကြီးပါလား၊ ဘယ်



...ဂ္ဂဇင်းမှာပါလဲ၊ ကျွန်တော် ငှားဖတ်ချင်လို့"

သုတ တကယ်အားပေးချင်လို့ ပြောလိုက်တာပါ၊ ဒါပေမယ့် ကိုအေးချို့မျက်နှာ နေထိပန်းလို ညှိုးငယ်သွားတယ်။ ထို့နောက် မသက်မသာ ...က်ပြင်းတစ်ချက်ချကာ....

"...က်တယ် ညီလေး၊ အစ်ကိုပြောသလိုပေါ့၊ ဝါသနာနဲ့ ဇွဲရှိဖို့ ...တော့ လိုတယ်။ အစ်ကိုဆိုရင် အဲဒီလောက် ပို့ပေမယ့် ဒီနေ့အထိ တစ်ပုဒ်မှ ...ရွေးမခံရသေးဘူး"

"ဗျာ"

"ဟင်"

သုတနဲ့ လပြည့်ဆီမှာ ပေါ်လာတဲ့ အာမေဋိတ်သံပါ၊ ပြီးတော့ ...ယောက်စလုံး ကိုအေးချို့လိုပဲ မသက်မသာ ပြိုင်တူသက်ပြင်း ချသွား...တယ်။ တော်တော်ကြာမှ သုတက စိတ်မကောင်းသလိုနဲ့—

"ဒါလောက် အများကြီး ပို့တာတောင် တစ်ခုမှ အရွေးမခံ...ဆိုတော့ မဂ္ဂဇင်းတိုက်ကိုများ မရောက်လို့လား ဟင်""

"ရောက်ပါတယ်ကွာ၊ အစ်ကိုရေးတဲ့ စာတွေက နည်းနည်း...တော့ သူတို့ မဖော်ရဲတာပါ၊ ရော့...ညီလေး ဖတ်ကြည့်လေ၊ အစ်ကို့...သား ဘယ်လောက်အထိ မြင့်လည်းဆိုတာ သိလိမ့်မယ်"

ကိုအေးချို့က လွယ်အိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်ပေးလို့ ...လည်း ယူပြီး ဖတ်ကြည့်လိုက်ပါတယ်။

ကောင်းကင်ဆိုတာ ဖြူတယ်။
တစ်ခါတစ်လေ ပြာတယ်
နေဆိုတာ နီတယ်
တစ်ခါတစ်လေ ညိုတယ်
လဆိုတာ ဝါတယ်
တစ်ခါတစ်လေ မဲတယ်
ဒါဟာ သဘာဝရဲ့သင်္ချာပဲလေ

www.burmeseclassic.com

www.burmeseclassic.com



သုတ ကဗျာကိုဖတ်ပြီး....

"ဟုတ်တယ်...ကိုအေးချိုကဗျာက အရမ်းမြင့်တယ်၊ ကျွန်တော်တောင် ဖတ်ရင်းကောင်းကင်ကို မော့ကြည့်ရမလို ဖြစ်သွားတယ်။

"ကဲ...သိပြီမဟုတ်လား၊ ဒါတောင် စကြာဝဠာနဲ့ မိုးကုတ်စက်ဝိုင်းအတွင်းမှာ ဖရိုဖရဲဆိုတဲ့ ကဗျာကို မဖတ်ရသေးလို့စိတ်ဝင်စားပြီး ဖတ်ချင်ရင်တော့ အိမ်လိုက်ဖတ်လို့ရတယ်"

"ကျေးဇူးပဲ၊ နောက်မှပဲ ဖတ်တော့မယ်"

"ဒါဆို အစ်ကို့ကို လက်ဖက်ရည်တိုက်ကွာ"

"ရပါတယ်...မှာလိုက်လေ"

"ဟော့...ဝမ်းတီး ချိုပေါ့"

မကြာပါဘူး၊ ကိုအေးချိုရှေ့ကို လက်ဖက်ရည်တစ်ခွက် ရောက်လာတယ်။

"ဒါလားကွ...လက်ဖက်ရည်"

ကိုအေးချိုက မာန်ပါပါပြောပြီး လက်ဖက်ရည်ကို တရှိန်ထိုး မော့သောက်လိုက် ပါတယ်။ အဲဒီမှာပဲ ပြဿနာစတော့တာပါပဲ၊ အမှန်က ကိုအေးချိုကို ဖျော်ပေးတဲ့ လက်ဖက်ရည်က အကျရည်ရော၊ ရေနွေးပါ အေးနေတာ ပါ၊ ဒါကို သုတနဲ့လပြည့်တို့က မသိတော့ မျက်လုံးပြူးသွားကြတယ်။

"ကိုအေးချို...အပူမကြောက်ဘူးလား"

"အပူကြောက်ရအောင် အစ်ကိုက ကိုယ်ဝန်မှ မလွယ်ရတာပဲ သုတရယ်"

သေစမ်းပါ...မေးတာကတစ်မျိုး၊ ဖြေတာက စိတ်ထဲထင်ရာ၊ ဘယ်လိုနားလည်အောင် ပြောရမလဲ၊ အဲဒီမှာ လပြည့်က တစ်စခန်းထလာတယ်။ ပြဿနာတစ်ခုရဲ့ဦးတည်တဲ့လမ်းဆိုရင်လည်း မမှားဘူး။

"ဒီလောက်အပူကြီးကို ကိုအေးချို သောက်နိုင်တယ်ဆိုတော့ ခန္ဓာကိုယ်ထဲမှာ အအေးဓာတ်တွေ များနေလို့ပဲ ဖြစ်ရမယ်"



"ဟုတ်တယ်ကွ...အစ်ကို့လျှာက တော်ရုံအပူ လောက်ကို ပူမှန်းကို မသိတာ"

"ဟာ...ဒါဆို ကိုအေးချို ရေခဲတောင်အတွင်းအား ကျင့်ရင် ကျိန်းသေ အောင်မြင်မှာ"

လပြည့်စကားကြောင့် ကိုအေးချိုစိတ်ထဲမှာ အထူးအဆန်း ဖြစ်သွားတယ်။ ရေခဲတောင် အတွင်းအားတဲ့၊ သူတစ်ခါမှ မကြားဖူးဘူး ဒါဟာ ဆန်းသစ်တဲ့ စကားလုံးပဲ....

"ညီလေး...ရေခဲတောင်အတွင်းအားဆိုတာ ဘာကို ခေါ်တာလဲ၊ အစ်ကို့ကို ပြောပြကွာ၊ အစ်ကိုလည်း စာပေသမားဆိုတော့ ဝတ္ထုတွေ၊ ကဗျာလေးတွေမှာ ရေးသင့်ရင် ရေးရတာပေါ့"

အဲဒါပဲ...နောက်ဆုံးတော့ လပြည့်ရဲ့သိုင်းဇာတ်လမ်းတွဲ ကြီးထဲ ပြန်ရောက်လာတာပဲ၊ သုတ မင်းဘာလုပ်မလဲ၊ မြေလျှိုးပြီး မိုးပျံ မလား....

"ကျွန်တော် ရေခဲတောင် အတွင်းအားအကြောင်းပြောရင် ကိုအေးချို အချစ်ကဗျာ ရေးပေးမလား"

"ကဗျာရေးတာ ဘာခက်လို့လဲကွာ၊ ညီလေးလိုချင်ရင် အစ်ကို အခုချက်ချင်း ရေးပေးမယ်"

ကိုအေးချိုက ကဗျာရေးရမယ်ဆိုတော့ အားရဝမ်းသာဖြစ်ပြီး သူ့အိတ်ထဲမှ စာရွက်နဲ့ဘောပင်ထုတ်ကာ အမြန်ရေးလိုက်ပါတယ်။

သားဖြူလို့ ငါချစ်တာမဟုတ်
အသားမည်းလို့ ငါချစ်တာမဟုတ်
ပိန်လို့ ငါချစ်တာမဟုတ်
ဝလို့ ငါချစ်တာမဟုတ်
အရပ်ရှည်လို့ ငါချစ်တာမဟုတ်
အရပ်ပုလို့ ငါချစ်တာမဟုတ်
မဟုတ်...မဟုတ်...အဲဒါ အချစ်မဟုတ်
ဒါဆိုရင် အချစ်က ဘာလဲလို့ကွယ်

www.burmeseclassic.com

www.burmeseclassic.com



နင်ကမေးလာရင်လေ

ငါပြောပြမယ်...ငါပြောပြမယ်...ငါပြောပြမယ်

သေချာနားထောင်ကွယ်

နင့်ကို ငါချစ်တယ်....နင့်ကို ငါချစ်တယ်

တယ်...တယ်...တူတူ...တယ်တူ...တူတယ်...ဒုံ...ဝွမ်း...ချလွမ်း

"ရော့...ပြီးပြီ"

ကိုအေးချို က ကဗျာရေးပြီး ပေးလို့ သူတို့ဖတ်ကြည့်လိုက်ပါတယ်။ ကိုအေးချို ကဗျာကို မဂ္ဂဇင်းတိုက်က ဘာကြောင့် မရွေးသလဲဆိုတာ နားလည် လိုက်ပါပြီ၊ မဂ္ဂဇင်းတိုက်လို စာပေပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အနုပညာသမားတွေ မပြောနဲ့ လပြည့်လို ကြပ်မပြည့်တဲ့ လူတစ်ယောက် တောင် ကဗျာဖတ်ပြီး ရှုံ့မဲ့သွားတယ် ...။

"ဟင်...ကိုအေးချို ကဗျာကြီးကလဲ"

"ဘာဖြစ်လို့လဲ လပြည့်၊ ဒီလောက်လွယ်ပြီး ရှင်းရှင်းလင်းလင်း ရေးထားတာတောင် လိုက်မမှီပြန်ဘူးလား"

"လိုက်မမီလို့မဟုတ်ဘူး၊ ကဗျာမှန်း၊ သီချင်းမှန်း မသိလို့ ပြောတာ"

"အဲဒါအနှစ်ပဲ၊ ညီလေးတို့စိတ်ထဲမှာ ကဗျာမှန်း၊ သီချင်းမှန်း မသိပဲ ခံစားလိုက်ရတာကိုက အစ်ကို့ အရေးအသား ကျွမ်းကျင်မှုကွ၊ အေးလေ...ကျွမ်းကျင်တာလဲ မပြောနဲ့၊ စာရေးသက်တမ်းကလည်း ဆယ်နှစ်လောက်တောင် ရှိနေပြီ၊ ဒီနေ့ နာမည်ကြီးပြီး အောင်မြင်ကျော်ကြားနေတဲ့ စာရေးဆရာတွေဟာ အစ်ကို့နောက်မှ စာရေးကြတာ (ဟိုကသိရင် နာရင်းရိုက်မှာ) ဒါကြောင့် တစ်နေ့ကျရင် အစ်ကို့ရဲ့အတွေ့အကြုံနဲ့ပညာတွေကိုစုစည်းပြီးဘယ်သူနဲ့မှမတူတဲ့စာရေးနည်းတစ်ခုကို တီထွင်ဖို့ စဉ်းစားထားတယ်။ အဲဒီအခါကျရင် ညီလေး တို့ အပါအဝင် စာပေလောကတစ်ခုလုံး အံ့သြတုန်လှုပ်သွားစေရမယ်။ ဘာပဲဖြစ်ဖြစ် ပေါ့ကွာ၊ ကိုယ့်မြို့က စာပေသူရဲကောင်းတစ်ယောက် ထွက်တော့ ညီလေး



ဒီလည်း ဂုဏ်ရှိတာပေါ့...မဟုတ်ဘူးလား"

ကိုအေးချိုရဲ့စကားလုံးတွေကြောင့်သူတစိတ်ညစ်သွားပါတယ်၊ လက်ဖက်ရည် မော့သောက်တာက စတဲ့ဇာတ်လမ်း၊ လှမ်း ခေါ်မိတဲ့ အမှားလည်းပါတယ်။ ခုတော့ တကယ့်အရှုံးကိုမှ ဘုံမြောက်ပြီး နန်းအပ်လိုက်သလိုပဲ၊ ကိုယ်မွေးတဲ့မီး ဘယ်လို ပြန်ငြိမ်းရမလဲ၊ ခုမှ အရှုံးချင်း တွေ့ပြီး လေပေးဖြောင့်နေပုံက အမြင်ကပ်စရာပဲ။

"ကဲ...အစ်ကို့ဘက်က တာဝန်ကျေသွားပြီ။ ညီလေး ပြည့်သာ ရေခဲတောင်အတွင်းအားအကြောင်း ပြောပြတော့"

သိုင်းဇာတ်လမ်းထဲက အကြောင်းအရာကိုသာ ပြောရမယ်ဆိုရင် ကိုယ်တိုင် တရုတ်ပြည်သွားပြီး သင်ထားသလို အောက်ခြေက စပြီး ာနိုင်၊ မပန်းနိုင် ပြောတတ်တဲ့ လပြည့်အကြောင်းကို သိနေလို့ ာလည်း အမြန်ဆုံးပြန်ရန် ဆုံးဖြတ်လိုက်တယ်။ ဒီလိုသာ လိုလို လား နဲ့နားထောင်မယ့်သူရှိလို့ကတော့ လပြည့်လိုကောင်က တစ်ညလုံး ပြောချင်တဲ့လူ...

"ကိုအေးချို...ကျွန်တော် ပြန်ဦးမယ်။ လပြည့် ငါသွားပြီ"

သူတက နှုတ်ဆက်ပြီး ဘယ်သူမှ တားချိန်မရခင်မှာ ဆိုင်ထဲက နဲ့ ထွက်လာခဲ့တယ်။ လပြည့်ပြောသလို ကိုယ်ဖော့ ပညာနဲ့ပေါ့။ ပြင်ရောက်မှ အသက်ရှူဝပြီး လှုကလန်းဆန်းသွား သလိုပဲ....

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက လူတွေကို နားမလည်တာလား
လူတွေက လောကကြီးကို နားမလည်တာလား
တိကျတဲ့အဖြေကို ဘယ်သူမှမပြောခင်
တစ်စုံတစ်ခုကို သူသိရှိခဲ့တယ်။



## အခန်း(၅)

နောက်တစ်နေ့မှာ

သူတို့ထိုင်နေကြ လက်ဖက်ရည်ဆိုင်ရှေ့မှာ လူများစုရုံးနေကြလို့ သူတ အံ့သြသွားတယ်။

မနက်စာ ထမင်းကြော်မစားချင်သောကြောင့် လက်ဖက်ရည် ရောက်ဖို့ ထွက်လာခဲ့ရမှ ဒီအဖြစ်အပျက်နဲ့ ကြုံလိုက်ရတာပါ။ လူတွေ အားလုံးရဲ့အကြည့်က ဆိုင်ရှေ့ထောင်ထားတဲ့ ဆိုင်းပုဒ်ဆီမှာပဲ စုပြုံ ကြတယ် ဒါကြောင့်သူလည်းစိတ်ဝင်တစားနဲ့ဖတ်ကြည့်လိုက်ပါတယ်။

ယနေ့ ဆိုင်ပိတ်သည်။

ဆိုင်ပိုင်ရှင် ဆေးရုံတင်ထားရသည်။

ဆိုင်ပြန်ဖွင့်လျှင် လပြည့်နှင့်အေးချို ဆိုင်ကိုလုံးဝမလာရ။

ပုံ
စားပွဲထိုးနှင့် အိုဖျော်ဆရာ

"ဘာတွေဖြစ်ကုန်ကြတာလဲဟင်"

သုတ စာဖတ်ပြီး ဘေးကလူတစ်ယောက်ကို စိုးရိမ်တကြီးနဲ့ မေးလိုက်တာပါ။

"ရန်ဖြစ်တယ်လို့ ပြောတာပဲ"

ဘေးကလူစကားကြောင့် သုတ ပိုပြီး စိုးရိမ်သွားပါတယ်။

"ဘယ်သူတွေနဲ့လဲ...သိလား"

"လပြည့်နဲ့ အေးချို ဆိုင်ကိုမလာရဆိုတော့ သူတို့နဲ့ပဲ

www.burmeseclassic.com

ဖြိုက်မှာပေါ့"

"ဟာ"

သုတစိတ်ထဲလက်ဖက်ရည်သောက်ချင်စိတ်ပျောက်သွားတယ်။ ဒီအကြောင်းအရာကို သိအောင် လပြည့်ဆီသွားမေးမှဖြစ်မယ်။ ဒီကောင် ကြောင်တောင်တောင်နဲ့ ဘာတွေလျှောက်လုပ်သွားတာလဲ၊ အဖြေတစ်ခု ကို သိချင်သလို လပြည့်အိမ်ကို ထွက်လာခဲ့တယ်။ ထိုအချိန်မှာပဲ မျက်နှာ ချင်းဆိုင် လျှောက်လာတဲ့ သူရိန်ကိုတွေ့လိုက်ရပါတယ်။

"ဟာ...အတော်ပဲ သူရိန်၊ လပြည့်ဆီ သွားမလို့ လိုက်ခဲ့ ဝမ်းပါ"

"လက်ဖက်ရည်ဆိုင်က စောင့်လေ၊ သူလာမှာပေါ့"

"မမျှော်နဲ့ သူရိန်"

"ဟင်...ဘာဖြစ်လို့လဲ"

သုတက လက်ဖက်ရည်ဆိုင်မှာ ရေးထားတဲ့စာအကြောင်း ပြောပြတော့ သူရိန်သဘောပေါက်ပြီး အံ့သြသွားတယ်

"ဒီကောင် တစ်ခါမှ ရန်ဖြစ်ဖူးပါဘူး"

"အဲဒါပဲ ငါလည်း စဉ်းစားနေတာ"

"မစဉ်းစားနဲ့တော့ ငါ သေချာစုံစမ်းပြီးပြီ သုတ"

"ဟာ...ဒါဆို ပြောစမ်းပါဦး၊ လပြည့်ရန်ဖြစ်တာ တကယ် လား"

"ဘာတွေမေးနေတာလဲ...ငါက သက်ထားရွှေစင်အကြောင်း ပြောနေတာ၊ သူ့မှာ ရည်းစားမရှိဘူးကွ"

"အရေးထဲ မင်းကတစ်မျိုး"

သုတ လမ်းဆက်လျှောက်လိုက်တော့ သူရိန်နောက်က လိုက်လာတယ်။

"သက်ထားရွှေစင်က ချစ်ဖို့ကောင်းတယ်ကွ၊ ငါ့ကို ကြည့် လွှတ်တာတောင် အတည်ပေါက်နဲ့"



"မိန်းကလေးတွေ ဒါမျိုးပြောတတ်လား၊ ဒီလိုပြောလို့ သိက္ခာကျသွားမယ်ဆိုတာ မတွေးမိဘူးလား"

"မသိဘူးလေ..ဒါပေမယ့် ငါ့အတွက် မျှော်လင့်ချက်က ဘယ်ရာ ရာခိုင်နှုန်းသေချာသွားပြီ"

သုတစိတ်မောသွားတယ်။ ကိုယ့်ရဲ့မိန်းကလေးဆိုတဲ့သိက္ခာကိုမှ အားမနာ ရည်းစားမရှိဘဲနဲ့ ရှိတယ်လို့ ညာပြောရဲသော ရန်ကုန်သူ သက်ထားရွှေစင်ကို သူရိန်ဘာကြောင့် အရူးအမူး ချစ်မိ သွားတာလဲ၊ သူမက အရှမ်းလှနေလို့လား၊ အင်း...ရန်ကုန်သူတွေဟာ သိပ်မလှပေမယ့် အဝတ်အစား၊ အပြင်အဆင်ကြောင့် လူကြားထဲမှာ ထင်းခနဲနေအောင် ပေါ်လွင်ကြပါတယ်။

"သက်ထားရွှေစင်က တစ်မျိုးလေးကွ၊ ငါ ဘာပြောပြော ပြုံးတတ်သေး အမူအယာတွေနဲ့ နောက်နေတာပဲ၊ ဘယ်လိုလေးမှန်း မသိပါဘူးကွာ"

သူဟာ အချစ်ကို အလေးအနက်မထားတဲ့ မိန်းကလေးတွေ ဆိုရင် မှန်းမိပါတယ်။ သူကိုယ်တိုင်လည်း မိန်းမတစ်ယောက်ကို မချစ် ချင်နေမယ်။ ချစ်ရင် တစ်ဘဝလုံးအတွက်ပဲ။

"သတိထားပေါ့ကွာ"

သူရိန် တွေဝေသွားတယ်။ အချစ်မှာ အမှားဆိုတာရှိလား၊ ဘယ်လိုမှားခဲ့ရင်တောင် သူရိန်ဆိုတဲ့ကောင်ဟာ သက်ထားရွှေစင် ကို ချစ်နေတဲ့စိတ်တစ်ခုထဲနဲ့ အရာအားလုံးကိုမျက်ကွယ်ပြုပြီး မှားတဲ့အမှားပဲ ဖြစ်မှာပါ၊ အချစ၊ လူတွေအားလုံးရဲ့သိစိတ်နဲ့ မသိစိတ်မှာ အသက်ရှုသံလို ခိုင်မြဲစွာ တည်ရှိသောအရာ၊ အချစ်စိတ်ကြောင့် နူးညံ့တဲ့ ပန်းတစ်ပွင့် ဖြစ်သွားခဲ့ရသလို ရုတ်တရက် ကြမ်းကြုတ်တဲ့ [illegible] ပြောင်းလဲသွားတတ်ပါတယ်။ ထို့ကြောင့်...

အချစ်ဆိုတာ ဘာပဲဖြစ်ဖြစ်

ချစ်ခြင်းရဲ့ ရင်ခုန်သံတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကြီးအောက်မှာ

ပျံသန်းပါရစေ....

"သူရိန့်မင်းပြောတဲ့ သက်ထားရွှေစင်ကို ငါမြင်ဖူးချင်တယ်"

"ရှုးမိုက်သွားနိုင်တယ် သုတ"

"ငါ့စိတ်ထဲမှာ ဘာမှမရှိဘူး"

သူရိန်ပုခုံးတွန့်လိုက်တယ်။ ထို့နောက် သုတနဲ့အတူတူ လပြည့်အိမ်ထဲကို ဝင်လာခဲ့ပါတယ်။ အံမယ်...ကိုယ်တော်ချောက ဧည့်ခန်းထဲမှာ သိုင်းဇာတ်လမ်းတွဲကိုကြည့်လို့နေတယ်...

"လပြည့်"

သုတခေါ်လိုက်တော့ လပြည့်က တစ်ချက်ငဲ့ကြည့်တယ်၊ ပြီးတော့ သိုင်းဇာတ်လမ်းတွဲကို ဆက်ကြည့်နေတယ်။ ပုံစံက သူဖတ်တဲ့ စာအုပ် လောက် ဘာမှအရေးမပါသလိုနဲ့ ဆွဲစုပ်ပစ်ဖို့ ကောင်းလိုက်တာ၊

"လပြည့် ....မင်းက ဒီမှာ ဇိမ်ကျနေ၊ ရပ်ကွက်ထဲမှာ မီးလောင်နေပြီကွ"

"ဟုတ်တယ်...လပြည့်၊ရပ်ကွက်ထဲမှာမီးဟုန်းဟုန်းတောက်နေပြီ"

သုတနဲ့ သူရိန် ပြောပြီး လပြည့်နဲ့မျက်နှာချင်းဆိုင် ထိုင်လိုက်ကြတယ်။ ထိုအခါကျမှ လပြည့်ရဲ့ခန္ဓာကိုယ် မလှုပ်ချင်လှုပ်ချင်နဲ့ လှုပ် လာပါတယ်။

"ငါတို့အိမ်နဲ့ ဝေးလား"

"နီးနီးလေးရယ်"

သူရိန်က အမြင်ကပ်ပြီး ရွဲ့ဖြေတာကို လပြည့်တကယ်ထင်သွားတယ်။ ဒါကြောင့် အသံကျယ်ကြီးနဲ့ မီခင်ဖြစ်သူဒေါ်မူမူဝေ ကြားအောင် လှမ်းအော် လိုက်ပါတယ်။

"[illegible] ရပ်ကွက်ထဲမှာ မီးလောင်ဖန်လို့တဲ့၊ ဒီမှာသုတနဲ့ သူရိန် လာပြောနေတယ်"



"ဟာ...ပြဿနာပဲ"

လပြည့်အော်သံကြောင့် သုတနဲ့ သူရိန် စိတ်ပျက်သွားကြတယ်၊ အဲဒီအချိန်မှာပဲ ဒေါ်မူမူဝေက ညစ်ပတ်ပေတေနေတဲ့ ခန္ဓာကိုယ်နဲ့ အထိတ်တလန့် ပြေးထွက်လာပါတယ်။

"ဟုတ်လား...ဘယ်အိမ်ကစလောင်တာလဲ၊သိမ်းစရာရှိတာ အမြန်သိမ်းလေ၊ အရေးကြီးတာ နင့်အဖေကျန်ခဲ့တဲ့ပုဆိုးလေးပဲ၊ ဟော့... သုတနဲ့ သူရိန် ဝိုင်းကူသိမ်းကြဦး..."

ဒေါ်မူမူဝေက ပါးစပ်ကနေ တရစပ်ပြောသလို လက်ကလည်း အွေ့ရာပစ္စည်း အကုန်လုံးကို စုနေပါတယ်။ ပြီးမှ အိတ်ကြီးတစ်လုံးထဲ ထည့်မယ်ထင်ပါရဲ့...

"အန်တီ"

"စကားမများနဲ့ ဝိုင်းကူသိမ်းကြစမ်း၊ အရေးကြီးတာ ဦးယောကျ်ားပုဆိုးလေးပဲ"

သုတ ခေါင်းကုတ်လိုက်ပြီး...

"မဟုတ်ဘူးအန်တီ၊ မီးက တကယ်လောင်တာ မဟုတ်ဘူး လပြည့်နဲ့ ကိုအေးချို ဖြစ်ကြတဲ့ ပြဿနာကို တင်စားပြီးပြောတာ"

"ဘယ်လို"

"ဒီလိုပါအန်တီ"

သုတလည်း ပြဿနာရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကို ထပ်ရှင်းပြလိုက်တယ်။ ဒီတော့မှ ဒေါ်မူမူဝေ သဘောပေါက်သွားပါတယ်။

"ဟူး...မင်းတို့ကလည်း ကြံဖန်ပြီး တင်စားရတယ်လို့"

"ကျွန်တော်တို့ကိုက မှားတာပါ"

"ဟွန်း....အများကောင်းပဲ"

ဒေါ်မူမူဝေက မဲ့ရွဲ့ကာ မီးဖိုထဲပြန်ဝင်သွားတယ်။ ခုမှ သုတလည်း သက်ပြင်းချလိုက်မိတယ်။ တော်တော် မလွယ်တဲ့ သားအမိ ပါလားနော်...

"လပြည့်...ညက မင်းနဲ့ကိုအေးချို ဘာဖြစ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါကွာ...လူတွေက ငါတို့ဆိုရင် ဘယ်တော့မှ အကောင်းမမြင်ကြဘူး"

"အေးပေါ့...မင်းတို့က သောက်ရူးတွေပဲ"

သူရိန်က လပြည့်ဆိုရင် အဲဒီလိုနိုင်တာ၊ တကယ်လည်း သူရိန်ကျွတ်တာ တာရာတစ်ယောက်ပဲရှိတာ ဟိုက ပါးစပ်မဟနိုင်အောင် နင်းပြောနိုင်လို့၊ သုတတောင် သူရိန်က သိပ်ဂရုစိုက်တာ မဟုတ်ဘူး။

"ညက မင်းပြန်သွားပြီးတဲ့ အချိန်ကစပြီး ကိုအေးချို့နဲ့ ငါ ရေခဲတောင်အတွင်းအားအကြောင်းပြောတာ ညဆယ့်နှစ်နာရီ ကျော်သွားတယ်"

"ဟင်...ငါပြန်တော့ လေးနာရီခွဲပါ"

"ဟုတ်တယ်...ငါတို့နှစ်ယောက် ဆက်ထိုင်ပြီး စကားပြောနေတာ အပေးအယူ မျှလို့လားမသိဘူး၊ စကားကလည်း အရမ်းပြောလို့ကောင်းတာ။ ကိုအေးချို့ကလည်း ငါပြောတဲ့ ရေခဲတောင်အတွင်းအားကို စိတ်ဝင်တစားနဲ့ နားထောင်နေတာ မျက်တောင်.တောင် မခတ်ဘူး၊ နောက်ဆုံး ဆိုင်ပိုင်ရှင်က အတင်းပြန်ခိုင်းတယ်။ လက်ဖက်ရည်ဆိုင်ပဲကွာ ကိုယ်ထိုင်ချင်သလောက် ထိုင်မှာပေါ့၊ ဒါပေမယ့် ငါတို့က လူမှုရေးနားလည်လို့ ခဏလေးပါ၊ စကားမပြတ်သေးလို့ဆိုပြီး တောင်းပန်တာပေါ့၊ ဘယ်လိုတောင်းပန်၊ တောင်းပန် မရပါဘူးကွာ၊ အတင်းပြန်ခိုင်းတာပဲ၊ အဲဒါနဲ့ စိတ်တိုတတ်တဲ့ ကိုအေးချို့က ရေခဲတောင်အတွင်းအားထည့်ပြီး ဆိုင်ရှင်ကို လက်သီးနဲ့တရစပ် ထိုး တော့တာပဲ၊ ငါကကြည့်နေရင်း လိုအပ်တာကို ညွှန်ကြားပေးရတာပေါ့၊ ခုမှ လက်တွေ့စမ်းသတ်ခါစဆိုတော့ အတွင်းအားကို လိုသလို မထိန်းတတ်သေးဘူး၊ ဒါပေမယ့် လက်သီးတွေက အရမ်းမြန်တာ၊ ဆိုင်ရှင်ဆိုတာ ဘာမှ ပြန်မလုပ်နိုင်ဘူး၊ အား...အီး....သေပါပြီ ဆိုပြီး လူးလိမ့် သွားတာပဲ၊ ရေခဲတောင်အတွင်းအားက တော်တော်စွမ်းတယ်ကွ၊ အချက်နှစ်ဆယ်အပြည့်မှာ ဆိုင်ရှင်လည်း မေ့လဲကျသွားတယ်။ အဖြစ်က ဒါပါပဲကွာ"



လပြည့်က လေသံဖွဖွအေးအေးလေးနဲ့ ပြောနေပေမယ့် သုတနဲ့ ...ိန်တို့ ကြက်သီးထသွားကြတယ်။ ကိုအေးချို့လို စိတ်မတဲ့ ...တစ်ယောက်ရဲ့လက်သီးအချက်နှစ်ဆယ် ဘယ်သူခံနိုင်မှာလဲ...

"အခု ဆိုင်ပိတ်ထားရတယ် လပြည့်"

"ကောင်းတာပေါ့"

"ဘာကောင်းတာလဲ...မင်းတို့ကြောင့် ငါတို့ ထိုင်စရာ ...ပျောက်ပြီ"

သူရိန့်စကားကြောင့် လပြည့်ငိုင်သွားတယ်။ သူတို့တစ်ရပ်ကွက် ...ဒီလက်ဖက်ရည်ဆိုင်လေးကိုပဲ အားကိုးပြီး ထိုင်နေကြတာ၊ အခြား ...ကွက်မှာတော့ ရှိပါတယ်။ ဒါပေမယ့် ဝေးတော့ ဘယ်သူမှ သွား ...င်ချင်ကြဘူး။

"ငါတို့ပြန်မယ် လပြည့်"

သုတက သူတို့ဆက်ရှိနေရင် လပြည့်ဒိုမှာဆိုးလို့ ပြန်ရန် ...ဖြတ်လိုက်တယ်။ ဒီကောင်က ပြောလို့ရတာမဟုတ်ဘူး၊ ဝမ်းနည်း ...ဘာခြင်းကို တဒင်္ဂအတွင်း ပြောင်းလည်းတတ်တာ...

အပြင်ရောက်တော့ သူတို့နှစ်ယောက်ကျောခိုင်းလိုက်ကြတယ်။ ...ိန်ကတော့ သက်ထားရွှေစင်ဆီ သွားမလို့တဲ့....



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာဆိုတဲ့
အဖြောင်းအရာတစ်ခုက
လှတိုင်း..လှတိုင်းရဲ့ရှင်ထဲမှာ
အမှန်တကယ်ရှိကြပါတယ်
ဒါပေမယ့်
ချစ်ခြင်းမေတ္တာကို
စားပွဲပိုကြိုးတားရင်တော့
ဘယ်တော့မှကုန်မှာမဟုတ်ပေ။



## အခန်း(၆)

"သုတ"

သုဟတစ်ယောက် သူ့နာမည်ကို အားရဝမ်းသာခေါ်ပြီး ခြံထဲ ...ဝင်လာတဲ့ ကိုအေးချိုကိုကြည့်ပြီး ခပ်လန့်လန့် ဖြစ်သွားတယ်။

"ညီလေး သုတ၊ သုတ ညီလေး၊ အောင်ပြီကွ၊ အောင်ပြီ"

"မဖြစ်နိုင်ဘူး ကိုအေးချို၊ အောင်စာရင်းက ထွက်ဖို့ လို ...တယ်"

"မဟုတ်ဘူးကွ...အစ်ကိုက ရေခဲတောင်အတွင်းအားကျင့် ...အောင်မြင်တာကို ပြောတာ"

လာပြန်ပြီ...ဒီရေခဲတောင် အတွင်းအား၊ လက်ဖက်ရည်ဆိုင် ...ရှင် ဆေးရုံရောက်သွားတာလဲ ဒီအတွင်းအားကြောင့်ပဲ၊ အခုလည်း ...ကဲလုပ်နေတာလဲဆိုတာ လုံးဝမတွေးတတ်ပေ။

"အစ်ကို တစ်မနက်လုံး ရေခဲတောင်အတွင်းအားကျင့် ...တာ အခုမှ အောင်မြင်လို့ ညီလေးဆီ အားရဝမ်းသာနဲ့ ပြေးလာတာ၊ ...နဲ သိပ်မရှိဘူးလေ၊ တော်ကြာ ရန်ဖြစ်တဲ့အမှုအတွက် ရဲစခန်းသွား ...ယ်၊ ကဲ...ကြာတယ်ကွာ၊ ဒီမှာကြည့် ညီလေး"

ကိုအေးချိုက မြေပြင်ပေါ်မှာ ကျွမ်းထိုးပြီး မြေကြီးကို လက်ဝါးနဲ့ ...ခိုက်တယ်။

"ယား...ယိ...အု
ဖုန်း...ဖုန်း...ဖုန်း"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား...အစ်ကို့ရဲ့ရေခဲတောင်အတွင်းအား အရမ်း
ပြင်းတာ၊ ကမ္ဘာမြေကြီးတောင် အမယ်လေး "တ" သွားရလိမ့်မယ်"

သူတစ်စိတ်ထဲ ဘာမှအပြစ်မရှိတဲ့ မြေကြီးကိုကြည့်ကာ အားနာ
သွားပါတယ်။

"အစ်ကိုလေ...မနက်က ရေခဲတုံးနှစ်ရာဖိုးဝယ်ပြီး နေထွက်
တဲ့ဘက်ကို မျက်နှာမူပြီး ထိုင်လိုက်တယ်။ ဒါ ပထမင်အဆင့်၊ ပြီးတော့
ဝယ်ထားတဲ့ ရေခဲတုံးကို လက်နှစ်ဖက်နဲ့ သေသေချာချာ ဆုပ်ကိုင်လိုက်
တယ်၊ ဒါက ဒုတိယအဆင့်၊ တတိယအဆင့်ကြတော့ ရေခဲတုံးထဲက
အအေးဓာတ်တွေ ခန္ဓာကိုယ်ထဲ စီးဝင်အောင် အတွင်းအားနဲ့ စုတ်ယူ
တယ်၊ ပါရမီရှိလို့လားမသိဘူး၊ တစ်ကြိမ်ထဲနဲ့ အောင်မြင်တယ်၊ ဘာ
ကြောင့် အစ်ကိုပြောနိုင်သလဲဆိုရင် နေပြင်းလာလေ ရေခဲတုံးက တဖြည်း
ဖြည်း သေးလာလေပဲ၊ နောက်ဆုံး ရေခဲတုံး တစ်ခုလုံး လက်ထဲမှာ ပျောက်
သွားတယ်။ ဒါဆို ရေခဲတုံးထဲက အအေး လှိုင်းတွေ အစ်ကို့ခန္ဓာကိုယ်ထဲ
စီးဝင်သွားပြီပေါ့၊ ဟား...ဟား...ဟား စာရေးဆရာ၊ ကဗျာဆရာ အေးချို့ကွ
ရေခဲတောင် အတွင်းအား ကျင့်လို့ အောင်မြင်သွားရင် ကမ္ဘာကြီးကို ကိုင်
လှုပ်လိုက်မယ်"

မြေပဲ...အပူရှိန်ကြောင့် ရေခဲတုံး အငွေ့ပျံသွားတာ ဘာကြောင့်
မသိတာလဲ၊ ပြောတော့ စာပေပညာရှင်လိုလို၊ ဗဟုသုတကြွယ်ဝသလိုလိုနဲ့
တော်တော် "အ" တာပဲ...။

"အစ်ကို ပြန်တော့မယ် ညီလေး၊ လပြည့်ဆီ သွားပြောရဦး
မယ်"

သူတ အမြန်ခေါင်းညိမ့်ပြလိုက်တယ်။ ဒါကိုပဲ ကိုအေးချို့က
အဟုတ်ကြီး ထင်သွားလားမသိပေ၊ ဆောင့်ကြွားကြွားအမူအယာနဲ့ ကား
တား ကားတားနဲ့ ထွက်သွားတယ်။

ဟူး...ရင်မောရပါလားနော်။



ကောင်မလေးရယ်

မင်းသာ မိုးကောင်းကင်က ရှုဝံကြယ်ကို လိုချင်တယ်လို့ ပူဆာ
...င်ဟောဒီက လပြည့်ဆိုတဲ့ကောင်က အပြုံးမပျက်ဘဲ လှမ်းထိပ်က ပန်းချီ
ဆရာ ဇေယျာဦးကိုခေါ်ပြီး အမြန်ဆွဲနိုင်းမှာပါ၊ ငါဟာ မင်းကို အရမ်းချစ်
...ယ်။ ငါရဲ့အသည်းက ဘာနဲ့မှရောမထားတဲ့ လူ့အသဲ စစ်စစ်ပါ၊ ဈေးထဲမှာ
...ဘာ့ ဝက်အသဲ၊ ကြက်အသဲ၊ ဘဲအသဲ၊ နွားအသဲ ဆိုပြီး ရှိကြပါတယ်၊
...ဒီအသဲတွေထက် ငါ့အသဲက ပိုပြီး လတ်ဆတ်တောက်ပြောင်ပါတယ်၊
...င်းသာလိုချင်တယ်ပြောပါ၊ ငါချက်ချင်း ဓာတ်မှန် ရိုက်ပြီး ပို့ပေးပါ့မယ်။

"လပြည့်ရေ...လပြည့်"

လပြည့်တစ်ယောက် ရည်းစားစာရေးနေချိန်မှာ အပြင်ဘက်က
...ခေါ်သံကြောင့် ဖီလင်ပျက်သွားတယ်။

"ဘယ်သူလဲ"

"အစ်ကို...အေးချို့ပါ ညီလေး"

လပြည့် တံခါးထဖွင့်ပေးလိုက်ပါတယ်။ အိမ်မှာ ဘယ်သူမှ
...ရှိတိုင်း လပြည့်ဟာ တံခါးပိတ်ပြီး နေတတ်တယ်။ ဒါကိုလည်း
...တော်တော်များများက သိကြပါတယ်။

"ဘာကိစ္စလဲ ကိုအေးချို့"

ကိုအေးချို့က အိမ်ပေါ်တက်လာပြီး...

"ညီလေးကို ဝမ်းသာစရာပြောမလို့ကွ၊ အစ်ကို့ရေခဲတောင်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအား ကျင့်တာ အောင်မြင်သွားပြီ"

"ဒါများရှာ...ကျွန်တော့် ဆီလာပြီး တကူးတက ပြောရတယ်လို့၊ နောက်မှ ထမ်းကြီးမပြောလည်းရတဲ့ဟာကို"

"ဗာင်"

လပြည့်စကားကြောင့် ကိုအေးချို အပျော်တွေပျောက်ဆုံးပြီး မျက်နှာမှုတ်သွားတယ်။

"ညီလေး...ဝမ်းမသာဘူးလားကောင်"

"ဘာဝမ်းသာစရာ လိုလို့လဲဗျာ၊ ခါတိုင်းပါက်တဲ့တိုင်းလည်း မဟုတ်ဘူး၊ ချစ်သူဆီက အဖြေရတာလည်း မဟုတ်ဘူး"

"လပြည့်...မင်း...လပြည့် အစစ်ပါနော်"

"ကိုအေးချို ဘာကြောင်နေတာလဲ၊ လပြည့်မှ လပြည့်အစစ်၊ ရေမရောတဲ့ လပြည့်၊ ကဲ...ရှင်းပြီလား"

"ဒါဆို ဘာဖြစ်လို့ ဝမ်းမသာတာလဲကွာ"

"ကိုအေးချိုက အရမ်းစိတ်ညစ်ဖို့ကောင်းတာ၊ ရေခဲတောင် အတွင်းအားထက် မြင့်တဲ့အတွင်းအားတွေ အများကြီးပဲ...

တေဇော အတွင်းအား

နေမင်းတစ်ထောင် အတွင်းအား

မိုးကြိုး အတွင်းအား

လျှပ် အတွင်းအား

မီးလျှံ အတွင်းအား

မုန်တိုင်း အတွင်းအား

နာဂစ် အတွင်းအား

အို...စုံနေတာပဲ၊ သိပြီလား...ကိုအေးချိုနဲ့ စကားပြောရတာ တော်တော်အချိန်ကုန်တယ်၊ ဒီမှာ ချစ်သူကိုပေးဖို့ ညည်းစားစာ ရေးနေတာဗျာ"

"လပြည့်...မင်းကွာ...အခုတုန်းကတော့ မြှောက်ပေးပြီးတော့



ဒုမှ ဥပေက္ခာမပြုပါနဲ့နော်၊ တောင်းပန်ပါတယ်ကွာ၊ အစ်ကို လေ့ကျင့်ထားတဲ့ အတွင်းအားပညာကို ခဏဖြစ်ဖြစ် ကြည့်ပေးစမ်းပါ"

"ဟို...ညတုန်းက ကျွန်တော်ကြည့်ပြီးပြီလေ"

"အခု...ထပ်ကြည့်ပါလား၊ ပိုပြီး အဆင့်မြင့်လာတယ်"

"ဟာ...မကြည့်ချင်ပါဘူး...အခုအချိန်မှာ ကျွန်တော့် နှလုံးသားဟာ ကြမ်းကြမ်းတမ်းတမ်းတွေကို ဘယ်လိုမှ လက်မခံချင်ဘူး ဖြစ်နေတယ်၊ နူးရွရွလေးနဲ့ ချစ်သူတို့ ဘယ်လိုချစ်ရမလဲ...ဒါဆိုရတယ်၊ အချိန်မရွေး အသင့်ပဲ"

"အစ်ကိုလည်း အရင်ကစိတ်မျိုးနဲ့ဆိုရင် စာရေးဆရာဟာ ပျာဆရာပီပီ နူးရွအီစက်နေတဲ့ စကားလုံးတွေနဲ့ တန်ဆာဆင်ဖွဲ့နွဲ့ပြောပြပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ရေခဲတောင်အတွင်းအားကို ဆက်ကျင့်ဖို့ပဲ ဆန္ဒတွေပြင်းနေတော့ အနုအရွဆိုရင် လုံးဝမပြောချင်တော့ဘူး"

"ဒါဆို ကိုအေးချိုနဲ့ ကျွန်တော် ဆန့်ကျင်ဘက် ဖြစ်သွားပြီ"

"အေးပေါ့ကွာ...မင်းက မြှောက်တုန်းက မြှောက်ပေးပြီးတော့ အခုမှ ကိုယ်လွှတ်ရုန်းတာပေါ့၊ မှတ်ထားလပြည့်၊ အေးချိုဆိုတဲ့ ကောင်က ရေခဲတောင်အတွင်းအားကို အထွဋ်အထိပ်ရောက်တဲ့အထိ ကျင့်ဖို့ ဆုံးဖြတ်ထားတယ်။ အောင်မြင်မှ ကိုအေးချို၊ ကိုအေးချိုနဲ့ လာမဖားနဲ့ လုံးဝ ကြည့်မကြည့်ဘူးသွားမယ်"

"တြွ...တြွ...မြန်မြန်သာကြွ"

ကိုအေးချို မှန်းချက်နဲ့နှမ်းထွက် မကိုက်လို့ ဝန်းဒိုင်းကြဲပြီး ထွက်လာခဲ့တယ်။ လမ်းရောက်မှတော့ ပြင်းပြင်းထန်ထန် "တောက်" တစ်ချက် ခေါက်လိုက်ပါတယ်။

"တောက်"

လူဆိုတာ ဒါပဲလေ။ နူညံ့နူညံ့လွဲတာနဲ့ မှားမှားလွဲတာပဲကွာ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ဒီနေ့ကျမှ ကောင်းကင်ကြီးတစ်ခုလုံး ပိုပြီး လှပနေသလား၊ မြင်တွေ့ရတဲ့ အရာတိုင်းဟာ ကြည်နူးစရာချည်းပဲ။ မက်ခဲ့တဲ့ နီးတစ်ဝက် အိပ်မက်တိုင်းဟာ ချိုမြလို့ပေါ့၊ အိမ်ရှေ့သစ်ပင်က ငှက်ဆိုးတစ်ကောင်ဟာ အနောက်တိုင်း သံစဉ်တစ်ခုကို ပီပီပြင်ပြင် ပေါက်ကွဲနေတယ်။ လက်မှ နာရီကိုကြည့်လိုက်တော့ မနက်ခြောက်နာရီ၊ မေမေဘုရားဝတ်တတ်နေလို့ ခြေသံမကြားအောင် ဖွဖွလေး နင်းပြီး အပြင်ထွက် လာခဲ့တယ်။ လမ်းပေါ်ရောက်တော့ ဆိုက္ကားသမားအချို့နဲ့ ဈေးသည် တွေတောင် တွေ့နေရပါပြီ။ ဒါကြောင့်

လက်ဖက်ရည်ဆိုင်ဘက်ကို ဦးတည်လိုက်ပါတယ်။ ဒီနေ့ လက်ဖက်ရည်ဆိုင် ပြန်ဖွင့်မယ်လို့ ပြောတာပဲ၊ မဖွင့်လည်း အပျင်းပြေ လမ်းလျှောက်တယ်လို့ပဲ သဘောထားလိုက်မယ်။ ထိုအချိန်မှာ နောက်ကျောမှ တဝုန်းဝုန်းပြေးလာတဲ့ အသံကြောင့် လှည့်ကြည့်မိတော့ ကိုအေးချိုကို အံ့သြစွာ မြင်လိုက်ရတယ်။

"ဟာ…ကိုအေးချိုပါလား"

"ညီလေး…ဘယ်သွားမလို့လဲ"

"ဒီလိုပါပဲ…လက်ဖက်ရည်သောက်ချင်လို့အပြင်ထွက်လာတာ ကိုအေးချိုက ဘာလို့ပြေးနေတာလဲ"

"လပြည့်ကို မခံချင်လို့ ရေခဲတောင်အတွင်းအားကို ကျင့်နေတာ"



"ရေခဲတောင် အတွင်းအားကျင့်တာ ဒီလိုပြေးရသလား"

"ဒါက ဒီလိုကွ၊ ပြေးတယ်ဆိုတာ အမောခံနိုင်အောင် ပထမဆုံး အခြေခံကျင့်စဉ်လေ၊ ဘယ်ပညာမဆို အခြေခံကစပြီး ထပ်တလဲလဲကျင့်နေမှတိုးတက်မှုရှိတာမဟုတ်လား၊ အခုဘယ်လောက်အထိ တိုးတက်လာသလဲဆိုတော့တစ်နေ့ကိုရေခဲတုံးသုံးရာဖိုးအထိ ကုန်နေပြီ၊ နောက်ပိုင်း လေးရာ၊ ငါးရာ၊ ခြောက်ရာ၊ တဖြည်းဖြည်း တိုးတက်လာမှာ ရေခဲတောင်အတွင်းအားအောင်မြင်သွားရင်ညီလေးအစ်ကို့နားကပ်တာနဲ့ တစ်ကိုယ်လုံး အေးစိမ့်သွားလိမ့်မယ်"

"ဒါဆို ကျွန်တော် ဝေးဝေးကရှောင်မှ ဖြစ်မယ်"

"ရှောင်စရာ မလိုပါဘူးကွာ၊ အစ်ကိုရေခဲတောင် အတွင်းအားကျင့်လို့ အောင်မြင်သွားရင် အရိပ်မဲ့ဓားကျမ်းကို ရှာဖို့ အတွက် ဘရုတ်ပြည်ကို သွားရမယ်"

"ဟာ…ဝမ်းသာစရာပဲ"

"အဲဒီလိုပဲဖြစ်ရမှာပေါ့"

သုတ ကိုအေးချိုနဲ့စကားပြောရင်း လမ်းလျှောက်လာရာမှ လက်ဖက်ရည်ဆိုင် ဖွင့်တာကို မြင်လိုက်ရတယ်။ ဒါဆို သူ့ ရထားတဲ့ သတင်းက မှန်တာပေါ့။

"ကိုအေးချို…နွားနို့သောက်ပါလား၊ ဒီဆိုင်က နွားနို့ကကစ်တယ်"

"မသောက်ဘူး…ညီလေး၊ ဒီဆိုင်က နွားနို့သောက်မဲ့အစား နွားချေးနဲ့ဖျော်ထားတဲ့ ရေပဲ သောက်လိုက်မယ်"

"အဲဒီလို ကိုအေးချိုသောက်ဖူးလို့လား"

"ဟင့်အင်း…နွားချေးနဲ့ဖျော်ထားတဲ့ နွားနို့တော့ မသောက်ဖူးဘူး၊ နွားသေးနဲ့ ရောထားတဲ့ နွားနို့တော့ မှတ္တူးဆီက သောက်[illegible]တယ်။ ဦးနှောက်ကိုကျိုက်နဲ့ အရသာမရှိပါဘူးကွာ"

"ဟင်…ဘာဖြစ်လို့မှတ္တူးက နွားသေးနဲ့ရောတာလဲ"

www.burmeseclassic.com



"ဒီလိုကွ…ပထမတော့ နွားနို့ပုံးကို ရေခံပြီးညှစ်တာ၊ ကုန်သွားတော့ နွားနို့က မကျတော့ဘူး၊ အဲဒါနဲ့ပဲ ဗုအချိန်မှာ နွားနို့တွေ အများကြီးကျလာရင် အရမ်းကောင်းမှာပဲဆိုပြီး စိတ်ကူးယဉ်နေတဲ့ အချိန်မှာ နွားမက သေးပေါက်ချလိုက်တယ်။ ဖြန်း…ဖြန်း ဆိုတဲ့ နွားမ သေးပေါက်သံလည်းကြားရော စိတ်ကူးထဲကအတိုင်း တကယ်ကျလာ တယ်ထင်ပြီး ပုံးနဲ့အမြန်ခံလိုက်တာ သေးနဲ့ရောပြီးသား ဖြစ်သွားတယ်။ အစ်ကိုက ကံဆိုးချင်တော့ အဲဒီနေ့ကျမှ နွားနို့သွားဝယ်မိတယ်။ ကံကောင်းချင်တော့ မှုတ္တူးက နွားနို့တွေအများကြီး ထည့်ပေးတယ်။ အစ်ကို့စိတ်ထဲမှာ တစ်ခါမှ ဝယ်မသောက်တဲ့လူမို့လို့ ဈေးကွက်စီးပွားရေး အရ မြှူဆွယ်တယ်ထင်တာပေါ့၊ ဒါနဲ့ နောက်နေ့ ဆက်ဝယ်တော့ ပထမ နေ့ထက် တစ်ဝက်ပဲ ရတယ်။ အဲဒါနဲ့ပဲ အစ်ကိုလည်း…"မှုတ္တူး…မနေ့က အများကြီးပဲ၊ ဒီနေ့နည်းသွားတယ်လို့", ပြောတော့ မှုတ္တူးက "ကုလား နွားနို့နော်၊ ရေပဲရောလားတာ၊ မနေ့ကနွားနို့နော်၊ ရေနဲ့နွားသေး ရော သားလို့ အများကြီးပေးနိုင်တာ" ဆိုပြီး အဖြစ်အပျက်အသေးစိတ်ကို ပြန်ပြောပြတယ်။ အဲဒီအချိန်ထဲက အစ်ကိုလည်း နွားနို့မသောက်တော့ ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ"

ကိုဒေါ့ချိုက စကားကိုရပ်ကာ ဟိုကြည့်၊ ဒီကြည့်လုပ်လိုက် တယ်၊ ပြီးတော့မှ သုတနားက ပြေးထွက်သွားပါတယ်။ ဒါကြောင့် သုတလည်း လက်ဖက်ရည်ဆိုင်ထဲဝင်ဖို့ ဟန်ပြင်လိုက်ပါတယ်။ အဲဒီ အချိန်မှာပဲ…

"သုတ"

ရုပ်ကွက်ထဲက ကိုပြည့်စိုးဟာ ခေါ်သံနဲ့အတူ အနားကို ရောက် လာတာပါ။

ပြဿနာပဲ…ဘာလာရှုပ်မလို့လဲ မသိဘူး။

သုတက ကိုပြည့်စိုးကို ကြည့်ကာ စိတ်ထဲက ရေရွတ်လိုက်မိ တယ်။ စိတ်ထဲကဆိုတော့ ကိုပြည့်စိုးလည်း ဘယ်ကြားမလဲ၊ ဝိဇ္ဇာမှ



မဟုတ်တာ။

"ဝမ်းသာတယ်ကွာ…ညီလေးကိုတွေ့တာ သိကြားမင်းပေး တဲ့ လက်ဆောင် တုသိသာ နတ်သမီးလေးကို ရလိုက်သလိုပဲ"

ဒါဆို သေချာပါပြီ၊ ဒုက္ခပေးမှာ မဟုတ်ရင် အကူအညီတစ်ခု တောင်းတော့မယ်။ ဘုရား၊ ဘုရား…ပိုက်ဆံမချေးပါစေနဲ့၊ ကိုပြည့်စိုး ဆိုတဲ့လူက သိပ်လွယ်တာ မဟုတ်ဘူး။ အချေးအငှားကအရမ်း ထူတယ်။

"ဘာကိစ္စလဲ ကိုပြည့်စိုး"

"ဘာကိစ္စရှိမလဲကွ…ဟိုကောင် မျိုးမြင့်ပေါ့"

"ကိုမျိုးမြင့် ဘာဖြစ်လို့လဲ"

သုတရင်ထဲမှာ ချင်ချင်းဆိုသလိုပဲ အရမ်းကို စိုးရိမ်ပူပန် သွား ဘယ်။ ကိုမျိုးမြင့်ဆိုတာ သူနဲ့ညီအစ်ကိုတစ်ဝမ်းကွဲ အစ်ကိုပါ၊ ပန်းရုံအဖွဲ့ မှာ ခေါင်းဆောင်၊ အရက်သောက်တယ်။ မိန်းမရှုပ်တယ်။ အိမ်မှာ ဇနီးနဲ့ သားသမီးရှိပေမယ့်အပြင်ရောက်ရင် လူပျိုအတိုင်းပဲ၊ ဗုတောင်သူရဲ့အလုပ် အဖွဲ့က ကောင်မလေးနဲ့ ဘာလိုလိုသတင်းထွက်နေတယ်။ ဟုတ်လို့လည်း ဖြစ်မှာပါ၊ အဲဒီကောင်မလေးမှာလည်း ယောက်ျားရှိတယ်တဲ့ ဒီမှာတော့ မဟုတ်ဘူး၊ ထိုင်းမှာဆိုလား၊ မလေးရှားမှာဆိုလားပဲ၊ ကိုမျိုးမြင့်က စကား ပြောရင် မပွင့်တပွင့်နဲ့ မိန်းမဆန်ဆန် ပြောတတ်ပေမယ့် မှုတဲ့၊ ရှုပ်တဲ့၊ သောက်တဲ့နေရာမှာ ယောက်ျားချင်းတောင် လက်မှိုင်ချသွားရမယ်၊ ပြီး တော့ အတွင်းစိတ်ပုပ်တယ်။ ဟန်ဆောင်ကောင်းတယ်။ ကောက်ကျစ် ေးလဲပေမယ့် လူမသိစေရဘူး။

"မျိုးမြင့်အကြောင်းပြောရင် နည်းနည်းရှည်ပေမယ်ကွ၊ သာ…လက်ဖက်ရည်ဆိုင်ထိုင်ပြီး ပြောကြရအောင်၊ အစ်ကို့မှာတော့ ုက်ဆံမပါဘူးနော်"

သုတ စေတနာမရှိပေမယ့် ကိုမျိုးမြင့်အကြောင်းသိချင်လို့ ကိုပြည့်စိုးဆွဲခေါ်တဲ့ နောက်ကို လိုက်လာမိတယ်။ ဆိုင်ထဲရောက်တော့ ကြာကျွေးကြော်တဲ့ရန့်ကပျံ့လွင့်နေတာကိုခံစားလိုက်ရတယ်။ သူတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ထိုင်ခုံမှ ပြိုင်တူထိုင်လိုက်ကြပါတယ်။

"ဟော့...ပဲအီကြာတစ်ပွဲနဲ့ လက်ဖက်ရည်ရှယ် တိုင်ကီ တစ်ခွက်"

ကိုပြည်စိုးက အလကားသောက်ရမှာဆိုတော့ စိတ်ကြိုက်မှာလိုက်တာပါ။ ပြီးတော့ သုတဘက်လှည့်မေးတယ်။

"ညီလေး...ဘာသောက်မှာလဲ၊ မှာလိုက်လေ...ပိုက်ဆံကုန်မှာ စိုးရိမ်လို့လား၊ လူမသေ၊ ငွေမရှားပါကွ"

ဟွန်း...သူ့ရှင်းရမှာ မဟုတ်တိုင်း ပြောတတ်လိုက်တာ၊ အမေပေးတဲ့ တစ်ပတ်စာမုန့်ဖိုး ဒီတစ်နေ့ထဲနဲ့ကုန်မှာ သေချာတယ်။

"ကိုပြည်စိုး ပြောပြတော့လေ"

"အေးကွ...ဒီကောင် အရမ်းသနားဖို့ကောင်းတာ။ ဟော့...စီးကရက်တစ်ပွဲပါ ယူခဲ့"

အမယ်လေးကုန်ပါပြီဗျာ၊ နှမြောတာမဟုတ်ပေမယ့်အဲဒီလောက်ကြီးဆိုတော့ သိပ်မသဒ္ဓါချင်တော့ဘူး၊ ဒါပေမယ့် ကိုမျိုးမြင့်အကြောင်းကို သိချင်တော့ အောင့်အီးမျိုသိပ်နေရတယ်။

"အစ်ကို..."

"အေးပါကွာ...ဒီမှာ စားလိုက်ဦးမယ်"

ကိုပြည်စိုးက ရောက်လာတဲ့ လက်ဖက်ရည်ကိုမွှေကာ ပဲအီကြာကို စားလိုက်လို့ အလိုလိုနေရင်း သုတ တံတွေး မျိုချမိသွားပါတယ်။

"ကျွန်တော့်ရင်ထဲမှာ အရမ်းစိုးရိမ်နေတယ် ကိုပြည်စိုး"

"ညီလေး စိုးရိမ်တာ လက်ခံပါတယ်။ ဒါပေမယ့် အစ်ကို့ဘက်ကလည်း စဉ်းစားကြည့်စမ်းပါ၊ မျိုးမြင့်ဆိုတာ အစ်ကိုနဲ့ သောက်ဖော်၊ သောက်ဖက်၊ ညီအစ်ကိုလို ကမျင်းကြောထလာကြတာ။ ဒီတော့ အစ်ကိုလည်း စိတ်မကောင်းဖြစ်တာပေါ့၊ ဒါပေမယ့် အစားအသောက်စားချိန်မှာ နိမိတ်မရှိတဲ့ စကားမပြောရဘူးကွ၊ မြေမျိုတတ်တယ်"

သုတ ပါးစပ်အလိုလို ပိတ်သွားတယ်။ ကိုပြည်စိုးကို မြေမမျို စေ



...လို့ မဟုတ်ပါဘူး၊ တကယ်လို့ မြေမျိုရင် အတူတူ ထိုင်နေတဲ့ သူ့ကို အပူ...ပ်မှာစိုးလို့ပါ၊ အဲဒီမှာ ထူးခြားတာက ပဲအီကြာစားနေတဲ့ ကိုပြည်...က်နှာက စိုးရိမ်မှုတွေ ကင်းရှင်းနေတယ်။ တော်တော်ကြာတော့ လက်...ခဲ ပဲအီကြာကို ပါးစပ်ထဲပလုတ်ပလောင်း ထိုးထည့်ပြီး လက်ဖက်ရည်...င်ကီကို တစ်ခါထဲ မော့သောက် ...ိုက်ပါတယ်။

"ဟာ...စားလို့...သောက်လို့ ကောင်းလိုက်တာ"

"အစ်ကို ပြောလို့ရပြီလား"

"အေးပါကွာ ခံကွင်းချင်လို့ စီးကရက်ခဲလိုက်ဦးမယ်"

ကိုပြည်စိုးက စီးကရက်ကို သူ့ငွေးစတိုင်လ်နဲ့ မီးညှိဖွာရှိုက် လိုက်...ယ်၊ ပြီးတော့ မီးခိုးငွေ့တွေကို သုတဘက် ပြန်မှုတ်ထုတ် လိုက်တယ်။ ...နဲ့ စီးကရက်တစ်ဝက်လောက်ရောက်တော့ လက်ကလေးနဲ့ တောက်...ပြာခွေလိုက်ပြီး....

"ဒီလိုကွ....ညက ငါတို့နှစ်ယောက် အရက်သောက်ပြီး ...ုင်းလေး အေးအေးနဲ့ ပြန်လာကြတာပေါ့၊ မျိုးမြင့်က ငါ့ကိုတွဲ၊ ငါက ...င့်ကိုတွဲ၊ နောက်ဆုံး ဘယ်သူက ဘယ်သူ့ကို တွဲတယ်ဆိုတာတောင် ...လာက်တဲ့အထိ မူးနေကြတာ၊ အဲဒီအချိန်မှာပဲ လမ်းကြိတ်စက် ...င်စီးက မောင်းလာရင်းနဲ့ ရှေးဘီးပြုတ်ထွက်လာပြီး ငါတို့ဆီ လိမ့်...တယ်"

"ကိုပြည်စိုး...လမ်းကြိတ်စက်က ရှေ့ဘီးပြုတ်တတ်လို့လား"

"ဟာကွာ...လမ်းကြိတ်စက်လည်း စက်ပစ္စည်းပဲ၊ ချို့ယွင်း...တော့ ရှိမှာပေါ့"

"ဟားပါတော့"

သုတ စိတ်ထဲမဖြစ်နိုင်မှန်း သိပေမယ့် စကားကို ဆုံးအောင် ...ဆောင်လိုက်တယ်။

"ပထမတော့ ငါတို့နှစ်ယောက် ကြောင်သွားတာပေါ့ကွာ၊ ...နေရာမှာ မျိုးမြင့် အရမ်းသတ္တိကောင်းတယ်။ ချက်ခြင်း သတိပြန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီး ငါ့ကိုတွန်းထုတ်လိုက်တယ်၊ ပြီးတော့ လိမ့်လာတဲ့ ဘီးကြီး
လက်နှစ်ဖက်နဲ့တွန်းပြီး ပြည်စိုး ပြေး..ပြေး...ဆို အော်ပြောတယ်၊
ငါလည်း ကြောက်ကြောက်နဲ့ လန့်ပြီး ထွက်ပြေးတာပေါ့၊ နောက်ဆုံး
လိုက်ရတာကတော့ မျိုးမြင့် အံကြိတ်ပြီး ဘီးကြီးကို လက်နှစ်ဖက်
တွန်းနေတာပဲ"

"ဟာ...ဒါဆို ကိုမျိုးမြင့် တစ်ခုခုဖြစ်သွားမှာပေါ့"

"မသိဘူးကွာ၊ အစ်ကိုလည်း ကြောက်လန့်ပြီး ပြေးနေ
အိမ်မက်ထဲမှာဆိုတော့ စိတ်ရှိတိုင်းတော့ ပြေးလို့မရဘူးကွာ၊ ခြေထော
တွေကို ခဲဆွဲထားသလိုပဲ"

"ဗျာ...အိမ်မက်ထဲမှာ ဟုတ်လား"

"အေးလေ...အစ်ကိုအိမ်မက်ထဲက အကြောင်းကို ပြော
ဒနေတာ။ မတော်တော်ဆိုးတဲ့ အိမ်မက်ကွာ၊ ဖွ...လွဲပါစေ..ဖယ်ပါစေ"

သုတ သိသွားပါပြီ၊ ဒါ...လူလည်လုပ်ခြင်းခံလိုက်ရတာ။ တက
လို့ ဖြစ်နိုင်မယ်ဆိုရင် ကိုပြည်စိုးပြောတာနဲ့ စားတာတွေကို အိပ်မက်
အိမ်မက်တစ်ခုသာ ဖြစ်စေချင်ပါတယ်။

"ကဲ...စကားကောင်းနေတာနဲ့ပဲ မိန်းမ ဖရဲသီးရောင်း
ဝိုင်းကူဖို့ နောက်ကျတော့မလို့၊ သွားပြီ...ကွာ...တာ့...တာ့"

ကိုပြည်စိုးလည်း ကိုယ်ဖော့ပညာတတ်တယ်ထင်ပ၊ သု
တောင် ဘာမှပြန်ပြောချိန်မရလောက်အောင် ဆိုင်ထဲက လှစ်ခနဲ ထွ
သွားတယ်၊ ခုတော့ တစ်ယောက်ထဲ ကျန်ရစ်ခဲ့သူဟာ သုတပါ။

"မောင်သုတ ဘာတွေစဉ်းစားပြီး ငိုင်နေတာလဲကွ"

ဘုရား...ဘုရား...သုတ ရင်တွေတုန်သွားတယ်၊ ဘာကြောင့်
ဆိုတော့ ဒီအသံပိုင်ရှင်ကို သူသိနေလို့ပဲ၊ ခုနေ ရှောင်ပြေးရင်လည်း လွ
မှာ မဟုတ်တော့ဘူး၊ ပြီးတော့ တစ်မျိုးမြင်သွားနိုင်တယ်၊ တောက် ကို
ကိုကိုယ် အမွန်းတင်ပြီး သူတစ်ပါးကို အမုပ်ချတတ်တဲ့ ဦးခင်အောင်
လူကြီးနဲ့မှ တည့်တည့်တိုးရတယ်လို့၊ မနက်အစောကြီး အိပ်ယာထ



...သူရဲ့အမှားပဲ....။

"မောင်သုတ တစ်ယောက်တည်းလား"

"ကိုပြည်စိုး အခုပဲ ပြန်သွားတယ်"

ဦးခင်အောင်က သုတဝိုင်းမှာ ဝင်ထိုင်ပြီး စားပွဲကိုစေ့စိုက်ကြည့်
...ပြီး....

"ဒါတွေ ဘယ်သူစားတာလဲ"

"ကိုပြည်စိုး စားသွားတာ"

"ရှင်းမသွားဘူးလား"

"ရှင်းသွားပါတယ်...ကြည့်ပါလား...ခွက်တွေမှာ ချေးလျက်
...တဲ့အတိုင်း ပြောင်လို့"

သုတစိတ်ထဲမကျေနပ်ဘာတွေအားလုံးကိုပြည်စိုးအပေါ်ပေါက်
...လိုက်တယ်။ ဒါကို လူပါး၊ လူနုပ်ကြီး ဦးခင်အောင်က ရိပ်မိ...

"ခက်တယ်ကွာ၊ လူတွေက အလုပ်ကြတော့ လက်ကြော
...အောင် မလုပ်ချင်ကြဘူး၊ သူများအပေါ်မှာ ဘယ်လိုလူလည်ကျရ
...ည်းဆိုတာတော့ မသင်ဘဲ တတ်ကြတယ်"

စလာပြီ၊ သူလည်း ဘာထူးလဲ၊ ဒီနေ့အချိန်ထိ ဘာအလုပ်မှ မလုပ်
...မ ပဲပြုတ်ရောင်းကျွေးတာ ထိုင်စားပြီးတော့...

"ချာတိတ်...လက်ဖက်ရည်တစ်ခွက် ယူလာခဲ့စမ်းကွာ"

ဦးခင်အောင်က လက်ဖက်ရည်မှာပြီး သုတဘက် ပြန်လှည့်
...တယ်။ သွားတွေက အလကားရတဲ့ကွမ်းယာစားထားလို့နီရဲနေတယ်၊
...ချိန်မှာပဲ စားပွဲထိုးလေးက ဦးခင်အောင်မှာတဲ့ လက်ဖက်ရည်
...ခွက် လာချပေးတယ်။

"လူဆိုတာ... အခွင့်အရေးရတိုင်း မယူရဘူးကွ၊ ယူတိုင်း
...မကောင်းဘူး၊ သေးငယ်တဲ့အခွင့်အရေးကို ယူမိတဲ့အခါကြီးမားတဲ့
...အရေးကို တောင်းဆိုဖို့ ခက်ခဲတတ်တယ်...သိလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လူဆိုတာ အတုံ့အလှည့်ရှိမှ ကောင်းတာ သိ လား...မောင်သုတ"

"ဟုတ်ကဲ့"

"အေးကွ...အတုံ့အလှည့်ဆိုတာကလည်း သူများကျွေး တာပဲ စားနေလို့မဖြစ်ဘူး၊ ကိုယ်ကလည်း ပြန်ကျွေးရတယ်။ ပြည်စိုးလို ကောင်မျိုးကြတော့ ဘယ်သူ့ဆီက ဘယ်လိုစားရမလဲဆိုတာ ချောင်းနေ တာ၊ အဲဒီလိုကောင် ရပ်ကွက်ထဲမှာရှိတာ ငါ သိက္ခာကျတယ်။ သိလား"

"ဟုတ်ကဲ့"

"ငါဆိုရင် မိုးလင်း အိပ်ယာထတည်းက မိုးချုပ်တဲ့အထိ အလုပ်အဒါန်းလေးမှ မလုပ်ရရင် လုံးဝအိပ်မပျော်ဘူး၊ ဒါကြောင့်လည်း ခုလို မပူမပင် နေရတာပေါ့...သိလား...မောင်သုတ"

"ဟုတ်ကဲ့"

"အေးကွ"

"ဟုတ်ကဲ့"

"ဦးဘာမှ မပြောရသေးဘူး"

"ဟုတ်ကဲ့"

"မင်းဘာဖြစ်နေတာလဲ"

"ဟုတ်ကဲ့"

"ခုခတ်လူငယ်တွေ တော်တော်ခက်တယ်"

"ဟုတ်ကဲ့"

"အရမ်းစိတ်ညစ်ဖို့ကောင်းတယ်"

"ဟုတ်ကဲ့"

"ငါတို့ငယ်ငယ်ကနဲ့ ကွာပ"

"ဟုတ်ကဲ့"

"လူကြီးတွေပြောတဲ့စကားဆိုရင် မခန့်လေးစားနဲ့"

"ဟုတ်ကဲ့"



ဦးခင်အောင်က သုတကို ပြူးကြောင်ကြောင်ကြည့်ပြီး လက်ဖက် ည်ကို မော့သောက်လိုက်တယ်။ ပြီးမှ

"ကဲ...မောင်သုတ"

"ဟုတ်ကဲ့"

"သွားပြီ"

"ဟုတ်ကဲ့...အမ်"

ဦးအောင်ခင်လည်းကိုယ်ဖော့ပညာတတ်တာပါပဲ၊ သုတတားချိန် ောင် မရလိုက်ဘူး၊ ဆိုင်ရှေ့ကနေ ပျောက်သွားတယ်။

ဟူး...ဆိုးလိုက်တဲ့ ကံတရား၊ နောက်ထပ် ဘယ်သူတွေလာပြီး ာတွေ့ဖြစ်ဦးမလဲ စားပွဲပေါ်က ခွက်တွေကတော့ မင်းရှင်းရမယ်လို့ ပြော နေသလိုပဲ...

"တစ်ယောက်ထဲလား သုတ"

အသံကြောင့် သုတ အလန့်တကြား ကြည့်မိသွားပြန်တယ်

"ဘာလဲ...ငါ့ကို တစ္ဆေ၊ သူရဲများ ထင်နေသလား"

တာရာက သုတအကြည့်ကိုသဘောပေါက်လို့ပြောလိုက်တာပါ။ ာ စိတ်ထဲ တာရာကို အားနာသွားမိတယ်။

"မဟုတ်ပါဘူးကွာ...အမှတ်တမဲ့ဆိုတော့ လန့်သွားတာပါ"

တာရာက သုတနဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်ပါတယ်။ မျက်နှာ ာဘော့ စိတ်ညစ်ညူးနေလို့လား မသိဘူး၊ အနည်းငယ် ပျက်ယွင်းနေ ယ်၊

"သုတ"

"ပြောလေ"

"သူရိန်နဲ့ ငါ ညှိတော့မယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"ငါချစ်တဲ့ သက်ထားရွှေစင်ကို ဒီကောင်ကြောင့်နေလို့"

"ဘာ...မင်းကြွေတယ်ဆိုတာ သက်ထားရွှေစင်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်...သုတ၊ မနေ့က သက်ထားရွှေစင်ကို တွေ့ချင်လို့ အေးမြသွယ်အိမ်သွားတာ၊ ဟိုရောက်တော့ ဧည့်သည်တောင်းစားက ဧည့်ခန်းမှာထိုင်ပြီး သက်ထားရွှေစင်နဲ့ ဖလေဖောနေတယ်။ ငါကွာ ထိုးချင်လိုက်တာ လက်ကို ယားနေတာပဲ"

"မဖြစ်သင့်ဘူး တာရာ၊ မိန်းမတစ်ယောက်အတွက်နဲ့ ငယ်သူငယ်ချင်းတွေ သွေးကွဲတယ်ဆိုတဲ့အဖြစ်မျိုး ငါလုံးဝလက်မခံဘူး"

"ဒါဆို သူရိန်ကို ရှောင်ပေးဖို့ပြောလေ၊ မဟုတ်ရင်တော့ ငါနဲ့ ကျိန်းသေ ငြိလိမ့်မယ်"

သုတ အဖြေပေးဖို့ကြပ်သွားပါတယ်။ သက်ထားရွှေစင်ဆိုတဲ့ အမည်ကို သူရိန်ဆီက အရင်ကကြားရတာပဲ။ တာရာကလည်း မိန်းကလေးတစ်ယောက်ကို ချစ်မိပြီလို့ပြောဖူးတာပဲ၊ သူကြားထဲကနေ ဘာလုပ်ပေးရမလဲ၊ ဒီပုံစံအတိုင်းဆို သူငယ်ချင်းတွေ စိတ်ဝင်းကွဲတော့မယ်။

"သက်ထားရွှေစင်က မင်းတို့နှစ်ယောက်အပေါ် ဘယ်လိုသဘောထားလဲ"

"သာမန်ပါပဲကွာ...အေးမြသွယ်ကတဆင့် ငါတို့က ဝင်ရတာဆိုတော့ ရယ်ရယ်မောမောတော့ စကားပြောကြတာပေါ့"

တာရာပြောရင်း တင်းလာတယ်။ ဒီပွဲမှာ သူရိန်သာမရှိရင် သက်ထားရွှေစင်ရဲ့အချစ်ကို သူရမှာသေချာတယ်။ ခုတော့ မာန်နတ် ထက်ဆိုးတဲ့ သူရိန်က ကြားထဲမှာကန့်လန့်ခံနေပြီ။ သူ သက်ထားရွှေစင်ကို လုံးဝ အဆုံးအရှုံးမခံနိုင်ပါ။ ပထမဆုံးအကြိမ် ချစ်မိတဲ့ချစ်သူမို့လို့လည်း အရမ်းကို တန်ဖိုးထားမိတယ်။

"ဘာပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါတော့ မလုပ်ပါနဲ့တာရာ၊ သူရိန်ကလည်း သက်ထားရွှေစင်ကို ဘယ်လောက်ချစ်တဲ့အကြောင်း ငါ့ကိုပြောဖူးတယ်။ အခု မင်းကထပ်ပြောတော့ မိန်းမတစ်ယောက်ကိုပြိုင်ဘူချစ်မိတဲ့မင်းတို့ နှလုံးသားတွေကိုပဲ အပြစ်တင်ရတော့မယ်။ တကယ်တော့ ဒါဟာ မင်းတို့အမှားပဲ၊ ငယ်ရွယ်တဲ့အချိန်မှာ အချစ်အပေါ်မှာ



မပျော်ဝင်သင့်ဘူး"

သုတက အမှန်တရားတစ်ခုကို ချပြလိုက်ပေမယ့် တာရာနှုတ်ခမ်းပေါ်မှာ မနိုတရိုအပြုံးတစ်ပွင့် ပေါ်လာတယ်။

"သူရိန်ကို ပညာကောင်းကောင်းပေးရမယ် သုတ၊ ငါ့နှလုံးသားကို နောက်ယှက်ဖျက်ဆီးတဲ့လူဟာ ငါ့ရန်သူပဲ၊ ဒါကြောင့် ဒီပွဲကို ဘေးကနေပဲ မင်းကြည့်နေလိုက်ပါ"

သုတ စိတ်တိုသွားပါတယ်။ မိန်းမတစ်ယောက်အတွက်နဲ့ သူငယ်ချင်းကိုတောင် ရန်ရှာမယ့် သဘောမျိုး ပြောနေတဲ့တာရာဟာ တော်တော်မိုက်မဲတာပဲ။

"မင်းယောက်ျားမဟုတ်ဘူးလားတာရာ၊ သူရိန်လိုလူမျိုးကို နှလုံးရည်ချင်း ဘာကြောင့်မယှဉ်ရဲတာလဲ၊ သက်ထားရွှေစင်ကို မင်းတို့နှစ်ယောက်စလုံး စွဲစွဲလမ်းလမ်းဖြစ်နေရင် ကိုယ်နည်းပရိယာယ်နဲ့ကိုယ် ကြိုးစားပေါ့၊ သက်ထားရွှေစင်ကလည်း သဘောကျတဲ့လူကို ရွေးလိမ့်မယ်၊ ဒါဆို ကျန်တဲ့လူက အေးအေးဆေးဆေး နောက်ဆုတ်ပေး အဲ့သူယ်တဲ့ပုဏ္ဏပါကွာ၊ ဒီလိုမှမဟုတ်ဘဲ သူရိန်ကိုပြဿနာသွားရှာရင် အရည်အချင်းသက်သက် နှလုံးရည်ချင်းမယှဉ်ရဲလို့တော့ ငါက သတ်မှတ်မှာ ပြီ၊ တော့ သူရိန်ကလည်း ယောက်ျားပဲ ငြိမ်ခံနေမှာ မဟုတ်ဘူး"

သုတပြောတာကို နားထောင်ပြီး တာရာသဘောကျသွားပုံရတယ်။ ရတ်ဘယ် ဒါဟာ မှန်ကန်တဲ့နည်းလမ်းပဲ၊ သူရိန်ကို နှလုံးရည်ချင်း ဘာကြောင့်မယှဉ်ရဲရမှာလဲ၊ ငယ်ငယ်လေးထဲက သူရိန်ဆိုတာ သူ့အောက်ကပဲ ရုပ်ရည်ချင်း ယှဉ်လိုက်ရင်လည်း သူက အပြတ်အသတ်သာတယ်၊ အဲဒီတော့ စိန်လိုက်ပေါ့၊ မဟုတ်ဘူးလား။

"သိပ်ကောင်းတဲ့ အကြံပဲ သုတ၊ ဒီစကားကို သူရိန်ကို ပြောပြလိုက်ပါ၊ ငါ့ဘက်ကတော့ ပြိုင်ပွဲအတွက် အဆင်သင့်ပဲ သွားမယ်"

တာရာ ဘာမှမသောက်ဘဲ ပြန်ထွက်သွားတယ်။ မျက်ဝန်းတွေထဲမှာ စိန်ခေါ်ခြင်းနဲ့အတူ မာနရောင်ကြောင့် လက်လက်နေပါရဲ့၊ ဒါကြောင့်


www.burmeseclassic.com

www.burmeseclassic.com



သုတာ ရင်မောစွာနဲ့ သက်ပြင်းချလိုက် မိတယ်။

သက်ထားရွှေစင်ရေ
မင်းဟာ
ညီညွတ်နေတဲ့
ငါတို့ သူငယ်ချင်းတွေကို
သွေးခွဲဖို့ ရောက်လာတဲ့
ကဝေမလေးတစ်ယောက်လားဟင်။





"အဆင်သင့်ပဲ သုတာ၊ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး သုရိန့်လိုကောင်က အရာအားလုံးကို ရင်ဆိုင်ရဲတယ်၊ ငါနာမည် သုရိန် အပုရှိန်ကို ငါမမှု...မှုတင်ကိုလည်း ငါမကျင့်ဘူး...လူအထင်ကြီးအောင် ဘာမှမလုပ်ဘူး...အဲဒါမင်းမှတ်ထား....လမ်းမှာတွေ့ရင် ရှောင်သွားလို့-- ဘာရာကိုပြောထား...ဟား..ဟား...ဟား စိန်လိုက်လေ၊ သုရိန်နဲ့တာရာ ဘယ်သူက သက်ထားရွှေစင်ရဲ့အချစ်ကို ရမလဲဆိုတာ စောင့်ကြည့်လိုက် ပေါ့"

ဒါ သုရိန်က သုတပြောတဲ့တာရာစကားကို နားထောင်ပြီး ပြန် ပြောလိုက်တာပါ၊ ပုံစံ ကမ္ဘာဖလားဝင်ပြိုင်ရမယ့် ရှေ့တန်းတိုက်စစ်မှူးလို့ ခန်တတ်နေတယ်။

ထိုအချိန်မှာပဲ ဒေါ်စံပယ်က သုရိန်အသံကျယ်ကြီးကြောင့် မီးဖို ချောင်ထဲမှ ထွက်လာပြီး ဆူလိုက်တယ်။

"ဟဲ့...အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးအန်တီ၊ ကျွန်တော် ဟစ်ဟော့စ်သီချင်း ဆိုကျင့်နေတာ"

"ဟစ်ဟော့စ်ဟုတ်လား..ဒါ ဘာသီချင်းလည်း အန်တီကို ပြစမ်း"

ဒေါ်စံပယ်က ဆူပြီး ပြန်ထွက်မသွားဘဲ စကားဝိုင်းထဲ ဝင်လာ တော့ သုရိန် အခက်တွေ့သွားတယ်။ ဒါကြောင့် သုတဘာလုပ်ရမလဲ ကြည့်ပြီးတာရာ:

www.burmeseclassic.com

www.burmeseclassic.com



စံရှာလိုက်ပါတယ်။

"သုတ ရတယ်အန်တီ၊ ဒီကောင့်မှာ ရေးထားတဲ့ဟစ်ဟော့ သီချင်းတွေ အများကြီးပဲ ရှိတယ်"

"ဟာ...ငါ ဘယ်နစ်ခါ ရေးဖူးလို့လဲ"

သူရိန်က မျက်နှာသေနဲ့...

"မူမနေနဲ့ သုတရယ်...အန်တီကို ဆိုပြလိုက်ပါ"

"မရပါဘူးလို့ ပြောနေတယ်လေ"

"မလိမ်ပါနဲ့ကွာ ကျောင်းတတ်တုန်းက သီတာဝင်းကို အမြင်ကပ်လို့ဆိုပြီး မင်းရေးတဲ့ သီချင်းလေ၊ နာမည်တောင်ပါသေးတယ်"

ဟာ...ဒီကောင်ခက်ပြီ၊ ပြီးခဲ့တဲ့အရာကို အစပြန်ဖော်ကာ မေမေ့ရှေ့မှာ အရှက်ခွဲနေတာ၊ သူကလည်း သူရိန့်လို မပေါ်တတ်တော့ ခက်တယ်။

"ငါမသိတော့ဘူးကွာ...မင်းမှတ်မိရင် မေမေ့ကိုဆိုပြလိုက်"

"ဟဲ...ငါလည်း မေ့တော့တော့ပဲကွ"

"ဒါဆိုလည်း ထားလိုက်တော့"

"မထားနဲ့...မထားနဲ့...ငါမှတ်မိပြီ၊ ဟို သီတာဝင်းနဲ့ တပူးပူး တတွဲတွဲနေကဲ့ ဝဝပုပုကောင်မလေးတောင် ပါသေးတယ်။ အဲဒီ သီချင်း ငါရတယ်"

သုတ ပါးစပ်ပိတ်ထားပေမယ့် သူရိန်ရဲ့ ပြောင် စပ်စပ်မျက်နှာကို ကြည့်ပြီးတော့ ရယ်ချင်မိတယ်။

"ကဲ...အန်တီ နားထောင်ကြည့်၊ သုတရေးတဲ့ သီချင်းကို ကျွန်တော်ဆိုပြမယ်"

ဒေါ်စံပယ် စိတ်ဝင်တစားနဲ့နားထောင်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ သူရိန်က မတ်တတ်ရပ်ပြီး စတိတ်ရှိုးတွေမှာဆိုတဲ့ အမူအယာနဲ့...

"အာ..အာ...ဟာ..ဒူ..ချွမ်...ချွမ်..ငွမ်..ရက်စ်..ကမ်းလွန်ပင်လယ်..နာဂစ်..မုန်တိုင်း...ရင်မှာလေ တိတ်တခိုးနဲ့.. သူ့ကိုလေ စတွေ့တော့...အရာရာဟာအယောင်ယောင်အမှားမှား...သူ့ရှေ့ရောက်တိုင်း



အမူအယာပျက်သွား...စိုးရိပ်စိတ်နဲ့နပန်းလုံးခဲ့...သူ့ကိုလေ စတွေ့တော့...ငါရင်မှာတုန်နေတာပေါ့....ဝဝလေးနဲ့ ချစ်စရာပါ..အသား တလည်း တကယ်ဖြူတာ...မျက်လုံးလေးက ဝိုင်းစက်နေပြီး...ပါးနှစ်ဖက်က ဖောင်းဖောင်းလေး...."

သူရိန်က သီချင်းဆိုတာကို ရပ်ပြီး၊ သုတကို လှမ်းပြောလိုက်တယ်။

"သုတ...အရမ်းနမ်းလို့ ကောင်းမှာပဲနော်"

"မင်းကြီးဒေါ်ကိုလား"

သူရိန် တဟား ဟားဟား ရယ်ပြီး သီချင်းဆက်ဆိုတယ်။

"နေ့နံ့က တနင်္လာ...နာမည်ကနှစ်မျိုးနဲ့...ငါလေအရမ်းချစ်ခဲ့...."

"မင်းပြောတာ တကယ်လား သူရိန်"

"ဒါဆိုငါလည်းပြောမယ် ငါချစ်တဲ့ချစ်သူက အသားမည်းမည်း ပိန်ပိန်နဲ့..သွားကလေ နည်းနည်းခေါပြီး...ရုပ်ကလေ ကြည့်မကောင်းဘူး...အရပ်ကရှည်လမျော...ငါနဲ့ဆို အသွင်တစ်မျိုး...မြင်ရသူတိုင်း ပြုံးစိ ပြုံးစိ...ငါ့ရင်မှာ ဒုံးတိဖြစ်သွား....နေ့နံက သောကြာ...နာမည်က သီတာ...လမ်းသွားရင် ကဗျာကယာနဲ့...ချိန်းတဲ့အခါတိုင်း ဇနောက်ကျ..."

"သုတ ဘယ်မှာ ချိန်းတာလဲ"

"မင်းကြီးဒေါ်နဲ့လား"

သူရိန် တဟားဟားနဲ့ ထပ်မံရယ်မောလိုက်ပြန်တယ်။ ဒါကြောင့် ဒေါ်စံပယ်လည်း ပျော်ရွှင်တတ်တဲ့ လူငယ်လေးတွေကိုကြည့်ပြီး ပြုံးစိစိနဲ့ မီးဖိုထဲ ပြန်ဝင်သွားပါတယ်။ အဲဒီတော့မှ သုတက...

"မင်းကွာ...မေမေ့ရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ"

သူရိန်က ထုံးစံအတိုင်း စပ်ဖြဲဖြဲနဲ့...

"ငါက ပျော်စေချင်လို့ပါကွာ"

"ပျော်...ပျော်...သေအောင်ပျော်...ဒါပေမယ့် တာရာနဲ့တော့

www.burmeseclassic.com



ပြဿနာ မတတ်ပါစေနဲ့၊ မွေးထဲက လည်ပင်းဖက်ပြီး ကြီးလာတဲ့ လူတွေ ဘာမှတန်ဖိုးမရှိတဲ့ သက်ထားရွှေစင်ကြောင့် ပြဿနာဖြစ်တာ ငါလုံးဝ မလိုလားဘူး"

"စိတ်ချစမ်းပါ...ငါ့ရင်ထဲမှာ တာရာဟာ အမြဲတမ်း သူငယ် ချင်းပါပဲ သုတ၊ သက်ထားရွှေစင်နဲ့ပတ်သက်ပြီး တာရာဟာ ငါ့ရဲ့ပြိုင်ဘက် ဆိုပေမယ့် ငယ်ငယ်လေးထဲက ညီအစ်ကိုလို တွယ်တာလာတဲ့ သံယော ဇဉ်တစ်ခုကိုတော့ ဘယ်တော့မှ ဥပေက္ခာမပြုပါဘူး"

"အေးကွာ...ကြားရတာ ဝမ်းသာပါတယ်၊ ပြီးတော့ မင်းရဲ့ အမှန်မြင်တတ်တဲ့ စိတ်ဓာတ်ကိုလည်း ငါလေးစားတယ်။ တကယ်တော့ မိန်းမတစ်ယောက်ကြောင့် ညီအစ်ကိုချင်းသတ်တာတွေ၊ သူငယ်ချင်း မိတ်ဆွေအချင်းချင်း စစ်ခင်းတာတွေဟာ သမိုင်းစာမျက်နှာရဲ့နောက်ဆုံး မှာ ကျန်ရစ်ခဲ့ပါပြီကွာ၊ ဒီတော့ သက်ထားရွှေစင်ကြောင့် မင်းတို့နှစ်ယောက် သွေးကွဲခဲ့မယ်ဆိုရင် ဒါဟာ စဉ်းစားတွေးခေါ်မှုသေးသိမ်တဲ့ ဦးနှောက်တွေ ကိုပဲ အပြစ်တင်ရလိမ့်မယ်"

"ငါသိပါတယ် သုတ၊ အခုပြိုင်ပွဲကလည်း နလုံးရည်ချင်းပဲ ယှဉ်မှာပါ။ ရှုံးတဲ့လူက သာသာကြည်ကြည် နောက်ဆုတ်ပေးပေါ့။ ဒါပေမယ့် ပြိုင်ပွဲဆိုတဲ့ သတ်မှတ်ချက်အောက်မှာ လှုပ်ရှားရတဲ့အတွက် ဟာကွက် ချောင်းပြီး ပရိယာယ် မာယာတော့ သုံးရလိမ့်မယ်"

"ရတယ်...အဲဒီလောက်အထိ ငါလက်ခံတယ် သူရိန်"

"ဒါဆို ငါသွားမယ် သုတ၊ တာရာက စိန်ခေါ်ထားတော့ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး အရာရာဦးနေဖို့ လိုအပ်တယ်"

သူရိန်တစ်ယောက် အိမ်ထဲမှ ပြန်ထွက်သွားတယ်။ အိမ်အပြင် ရောက်တော့ အသံကျယ်ကြီးနဲ့ သီချင်းအော်ဆိုလိုက်ပါတယ်။

"မင်းပြောတာ တကယ်လား သူရိန်
ငါပြောတာ တကယ်ပဲ သုတ
မင်းပြောတာ တကယ်လား သူရိန်



ငါပြောတာ တကယ်ပဲ သုတ
မင်းပြောတာ တကယ်လား သူရိန်
ငါပြောတာ တကယ်ပဲ သုတ"

"ခွေးကောင်...ပေါက်ကရ တော်တော်ဆိုတတ်တယ်"

သုတလည်း သူရိန့်သီချင်းသံကို နားထောင်ပြီး ပြုံးကာ ဆဲလိုက် တယ်။

ခုတော့လည်း ရင်ထဲမှ ပေါ့ပါးလန်းဆန်းသွားပါလား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ဟော့...ဒီမှာ"

သုတက လမ်းလျှောက်လာရင်း အသံကို ကြားလိုက်ပေမယ့် သူ့ကိုခေါ်တယ်လို့ မထင်မိပေ။

"ဟေ့...ကို ဒု၊ သ၊ န၊ သော"

"ဟာ"

သုတ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ကာ လှည့်ကြည့်လိုက်မိတယ်။ ဒီကမ္ဘာလောကမှ သူ့ကို ဒု၊ သ၊ န၊ သော လို့ခေါ်တာ ဒီကောင်မလေး ကလွဲလို့ ဘယ်သူရှိလို့လည်း နဂိုထဲက ဇရဲကြောက်ပါတယ်ဆိုမှ ဒါနဲ့ပဲ လာလာခြောက်နေတာပဲ။

"လာလေ...ဘာလုပ်နေတာလဲ...ဒီမှာ စက်ဘီးချိန်းကျသွားလို့ တင်ပေးစမ်းပါ"

သုတစိတ်ထဲ လူမြင်ရင် အကူအညီတောင်းတတ်တဲ့ ကောင်မလေးကို ဂလဲ့စားပြန်ချေရန် ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ကောင်မလေးဆီ လျှောက်သွားလိုက်ပါတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း လူကရှင်းလင်းနေတယ်။ အနားရောက်တော့ စက်ဘီးကိုမကြည့်ဘဲ သူမမျက်နာလေးကိုကြည့်ကာ ခပ်တည်တည်နဲ့ မေးလိုက်တယ်။

"ကဲ...တင်ပေးမယ်။ ရှေ့လား၊ နောက်လား၊ မခွေးချစ်"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲလေ"



"ရှင် မိုက်ရိုင်းလှချည်လား"

"ခင်ဗျား အဓိပ္ပါယ်ကောက်မလွဲနဲ့၊ ကျွန်တော်က စက်ဘီးချိန်းကျတာကို ပြောတာ"

"သိတယ်...သိတယ်...ကျွန်မကိုရှင်မခွေးချစ်လို့ခေါ်တာကိုပြောတာ"

သုတက ပုခုံးနှစ်ဖက်ကို ဆတ်လိုက်မင်းသားစတိုင်လ်တွန့်ပြီး..

"မသိဘူးလေ...ကျွန်တော်က မခွေးချစ်ဆိုတဲ့ နာမည်ပဲသိတာကို"

"နာမည်ရှိတယ်ရှင့်"

"ဟုတ်လား...ဘယ်သူလဲ"

"အို...ဘာလို့ ပြောရမှာလဲ"

"ဒါဆိုလည်း မပြောနဲ့ပေါ့။ လူတစ်ယောက်ရဲ့နာမည်ဆိုတာ အမျိုးမျိုးပြောင်းလို့ရတာပဲ၊ ကျွန်တော်ကတော့ မခွေးချစ်ဆိုတဲ့ နာမည်ကိုသဘောကျတယ်၊ ကဗျာဆန်ပြီး လှသလိုပဲ"

"ဟင်...ရှင်နော်"

ကောင်မလေးက အောက်နှုတ်ခမ်းလေးကိုက်ကာ မျက်စောင်းထိုးလိုက်ပါတယ်။ သုတစိတ်ထဲမှာ ထိုအပြုအမူက လှနေသလိုပါပဲ၊ သူမဟာ ဘယ်လိုပဲကြည့်ကြည့် ဆွဲဆောင်မှုရှိလျက်ပဲ၊ သူမရဲ့အပြုံးဟာ တုန္နိုင်းစရာကဗျာတစ်ပုဒ်နဲ့ တူသလို မခံချင်လို့ဖြစ်ပေါ်လာတဲ့ ဒေါသ မျက်ဝန်းတွေဟာလည်း လက်ရာမြောက်တဲ့ ပန်းချီကားတစ်ချပ်လိုပဲ၊ ဘာကြောင့်များ သူမနဲ့တွေ့ရင် သူ့စိတ်တွေ ပျော်ရွှင်နေတာလဲ၊ မခံချင်အောင် စ.နေရတာကိုက စိတ်ထဲမှ ကြည်နူးနေတယ်။

"ခင်ဗျား ယောက်ျားမပါဘူးလား"

"ဘာ...ကျွန်မ အပျိုရှင့်"

"ဟင်...မဖြစ်နိုင်တာ"

"ရှင် မဟုတ်တာ မပြောနဲ့နော်...ပထမစတွေ့တုံးက ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်လို့ပြောလိုက်တာ"

"ဟာ...ဒါဆို လပြည့်အတွက် ဝမ်းသာစရာပဲ"

သုတပါးစပ်က လပြည့်ကို လှဲချလိုက်ရပေမယ့် စိတ်ထဲမှာ သူလည်း ဝမ်းသာနေပါတယ်။

"လပြည့်ဆိုတာ ဘယ်သူလဲ"

"ခင်ဗျား...မိုးထိတောင်လိုက်ခဲ့ဖို့ စိန်ခေါ်ခဲ့တဲ့လူလေ၊ မှတ်မိလား"

"သိပြီ..သိပြီ"

ကောင်မလေးမျက်နှာပြုံးရောင်သန်းသွားလို့ သုတရင်ထဲမရိုးမရွခံစားလိုက်ရပါတယ်။ ရယ်ချင်ရယ်၊ ဘည်ချင်တည်မှာပေါ့ ခုဟာက မပြုံးချင် ပြုံးချင်တဲ့ အပြုံး၊ မိုနာလီဇာအပြုံးထက်ပိုပြီး အဓိပ္ပါယ်ဖော်ဆောင်ဖို့ ခက်ခဲတယ်။ သူ ထင်ပါတယ်။ ဒီလိုအပြုံးမျိုးကို သူမတစ်ယောက်တည်း ပြုံးတတ်မှာပါ။

"အဲဒီလူက တော်တော်ကြောင်တယ် သိလား၊ သူ့ကိုမြင်တိုင်းအရမ်းရယ်ချင်တာပဲ၊ အင်းလေ...ရှင့်သူငယ်ချင်းဆိုတော့ ဒီပုံစံဖြစ်မှာပေါ့"

ဟ..ဆော်တယ်။ ဒီကောင်မလေးတော်တော်မလွယ်ပါလား ဒါကြောင့်လည်း လပြည့်လို အူကြောင်ကြောင် ကြပ်မပြည့်တဲ့လူမျိုးလောက်ကို စကားလုံးတွေနဲ့ ထိန်းချုပ်နိုင်တာပေါ့။

"ကဲ...အချိန်တွေကြာနေပြီ၊ ကျွန်မ စက်ဘီး ချိန်းတင်ပေးစမ်းပါ"

သုတလည်း ဒုက္ခရောက်သူကို ကူညီရမယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း တုတ်တစ်ချောင်းရှာကာ ချိန်းဖုံးကို ကန့်လန့်ဖွင့်လိုက်တယ်။ စက်ဘီးက ထိုင်ဝမ်မိန်းမစီးပါ၊ ဒီလိုဘီးမျိုးက ချိန်းကျရင်တင်ရတာ နည်းနည်းခက်တယ်။ ခုဟာက ရှေ့ရော၊ နောက်ရောကျတာဆိုတော့ ပိုခက်တာပေါ့၊ ဒါကြောင့် ဆယ်မိနစ်လောက် ကြိုးကြိုးစားစား ပြန်တင်လိုက်



ရတယ်။

"ကဲ...ပြီးပြီ"

"ကျေးဇူးပဲ...ကိုဒု၊ သ၊ န၊ သော"

"ရပါတယ် မခွေးချစ်"

"ရှင်..."

"ခင်ဗျား စခေါ်တာလေ"

"ဒါဆို နာမည်ပြော"

"သုတ"

"ကိုသုလို့ ခေါ်မယ်"

"သဘောပဲ"

"အင်း...ရှင့်ကို ကျွန်မက ကိုသုလို့ခေါ်တော့ ရှင်က ကျွန်မကို မဟုလို့ ခေါ်၊ ဒါဆို သု၊ ဟု၊ ကာရန်ညီတယ်"

သူမရဲ့ချစ်စဖွယ် အမူအယာကြောင့် သုတ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိတယ်။ ဘယ်လိုကောင်မလေးမှန်း မသိဘူး၊ ကြံကြံဖန်ဖန် ခေါ်တတ်ပြောတတ်တယ်။

"သွားမယ်နော်...ကိုသု"

"ကောင်းပါပြီ...မဟု"

ခုတော့ သုတရင်ထဲမှာ အမည်မဲ့ ဝေဒနာတစ်ခု ကျန်ခဲ့ပါတယ်၊ ကောင်မလေးရယ် ငါ့ကိုချစ်တတ်အောင် မပြုစားပါနဲ့ကွာ၊ အချစ်နဲ့ပတ်သက်လာရင် ငါဟာ တကယ့်ကို အစိမ်းသက်သက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က မဟုကွ"

"သေချာလို့လား"

"သူကိုယ်တိုင် ပြောသွားတာ"

"ဒါဆို ငါ ဘာဆက်လုပ်ရမလဲ"

"ကိုယ့်ဘာသာ စဉ်းစားပါလား"

လပြည့် ငြိမ်သက်သွားတယ်။ တကယ်လည်း သုတဟာ ကောင်မလေးနဲ့ ပတ်သက်ပြီး ဘာမှအကြံမပေးချင်ပေ၊ သူကိုယ်တိုင် တိတ်တခိုးနဲ့ ဝဲလမ်းသွားမိသူမို့ အသည်းကွဲမှာကို စိုးရိမ်မိတယ်။

"သုတ...မဟုကို ငါ့ကိုယ်စား မင်းပြောပေးပါလား၊ အဖြေရရင်လည်း မင်းပဲ ခဏယူထားကွာ၊ မင်္ဂလာဆောင်တဲ့နေ့ကျမှပဲ ကိုယ်ထင်ပြတော့မယ်"

"ဟာ...မဖြစ်နိုင်တာပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲ...ငါကတော့ မပြောရဲဘူး၊ သူ့ရဲ့သိုင်းပညာက အထွဋ်အထိပ်ကို ရောက်နေတာ ကိုအေးချိုရှိရင်လည်း ကောင်းသား၊ ခုတော့ ကိုအေးချိုကလည်း သိုင်းကျမ်းရှာမယ်ဆိုပြီး တရုတ်ပြည်ကို ထွက်သွားတယ်"

ဟုတ်ပြီ...ဒါအခွင့်အရေးပဲ၊ သုတတစ်ယောက် လပြည့်စကားကို နားထောင်ပြီး အကွက်တွေ့သွားတယ်။

"မဟုရဲ့ သိုင်းပညာက အရမ်းကြောက်ဖို့ ကောင်းတယ်ကွ၊



ဒါနဲ့တွေ့တုန်းကတောင် မောင်းသွားတဲ့ ကုန်တင်ကားကြီးကို လက်ဝါးနဲ့ ဘွန်းလိုက်တာ တခဏလေး မျက်စိရှေ့က ပျောက်သွားတယ်"

"အေး...အဲဒါကြောင့် ငါကြောက်တာပေါ့ကွ၊ မတော်တဆ ငတ်တိုပြီး လက်ဝါးနဲ့တွန်းလိုက်ရင် အဝေးကြီးကို ရောက်သွားမှာ၊ ငါလေ သဲ မပျံရဲဘူး သုတ"

"ဒါဆို နောက်တစ်ယောက်ကို ပြောင်းချစ်ကြည့်ပါလား"

ဒီစကားကို သုတ အားတတ်သရောနဲ့ ပြောလိုက်မိတာပါ၊ ဒါ ဘရားသလား၊ လေးယောက်သော သူငယ်ချင်းတွေထဲမှာ သူဟာ စိတ်ထား အဖြူစင်ဆုံး၊ ဖြောင့်မတ်အတည်ကြည်ဆုံး၊ မဟုတ်မခံစိတ် အရှိဆုံးလို့ သတ်မှတ်ထားကြတာပါ။

ခုတော့ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ကို ယုံကြည် စိတ်ချတဲ့ လူတစ်ယောက်ကို လိမ်လည် လှည့်ဖျားဖို့ ကြိုးစားနေခဲ့ပါပြီ၊ ဒါကို ဘယ်သူမှ မသိပေမယ့် ကိုယ်စောင့်နတ်ကတော့ သိနေမှာပဲ၊ ဒါကြောင့် စိတ်ထဲကနေ လပြည့်ကိုတောင်းပန်လိုက်ပါတယ်။ ခွင့်လွှတ်ပါ သူငယ်ချင်း ငယ် မိန်းမတစ်ယောက်အတွက်နဲ့ သူရိန်နဲ့တာရာလို စိတ်ဝမ်း မကွဲချင်လို့ ပါ။ ဒါပေမယ့် သူ့အကြံအအောင်မြင်ပေ....

"ငါ မဟုကိုပဲ ချစ်တယ် သုတ၊ သူကလွဲပြီး ဘယ်သူမှ ချစ်လို့ မရဘူး၊ အဲဒီတော့ ပြောင်းချစ်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင် မှာလဲကွာ"

"သူက မင်းထက် သိုင်းပညာတော်တယ်နော်၊ တော်ကြာ မခြင့်....."

"ခုအချိန်မှာ ငါက စိတ်ကူးနဲ့ပဲ ချစ်နေမှာပါ၊ ကိုအေးချို ပြန် ဘာမှ သိုင်းကျမ်းငှားပြီးကျင့်မယ်။ အတုမဲ့သိုင်းကျမ်းက မဟု သိုင်းပညာကို ကောင်းကောင်း ယှဉ်နိုင်တယ် သိလား"

"ကိုအေးချိုက ဘယ်တော့ ပြန်လာမှာလဲ"

"အနှစ် နှစ်ဆယ်လောက်တော့ ကြာမယ်ထင်တယ်"

"အား...ပါး...ပါး"

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သုတစိတ်ထဲ ဝမ်းသာသွားပါတယ်။ ကိုအေးချို ပြန်လာမှဆိုတော့ သူနဲ့ မဟု ညားပြီးလို့ကလေးတောင် ဆယ်တန်းအောင်လောက်ပြီ။

"ငါပြန်တော့မယ် လပြည့်…ကိုအေးချို ပြန်လာတဲ့အထိ ငါ မဟုကို ထိန်းထားပေးမယ်။ ဘယ်လိုလဲ"

"ကောင်းတယ် သုတ၊ မင်းကိုကျေးဇူးအများကြီးတင်တယ်"

"ဒါဆို သွားပြီ"

သုတ အပြုံးတွေနဲ့ လပြည့်အိမ်ကနေ ထွက်လာခဲ့ပါတယ်။ ရင်ထဲမှာတော့ ပီတိလှိုင်းတွေခပ်လို့ပေါ့။ လမ်းမရောက်တော့ အိမ်မပြန်ချင်သေးလို့ ဘယ်သွားရင်ကောင်းမလဲလို့ ခဏစဉ်းစားလိုက်တယ်။ ထိုအချိန်မှာပဲ ပုခုံးကို တစ်စုံတစ်ယောက်က လာပုတ်သဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ တာရာကို တွေ့လိုက်ရတယ်။

"လမ်းလယ်ကောင်မှာ ဘာလုပ်နေတာလဲ သုတ"

"ဟုင်းလို့ကွ…ဘယ်သွားရင်ကောင်းမလဲလို့စဉ်းစားနေတာ"

"ဒါဆို လက်ဖက်ရည်ဆိုင် ထိုင်ပြီးစကားပြောကြရအောင်"

"အေး…ကောင်းသားပဲ"

သူတို့နှစ်ယောက်လက်ဖက်ရည်ဆိုင်ဘက်ထွက်လာခဲ့ကြတယ်။ နေ့ခင်းမို့လို့လားမသိဘူး။ ဆိုင်က လူရှင်းနေတယ်။ အချို့စားပွဲထိုး ကောင်လေးတွေဆိုရင် ထိုင်ရင်းအိပ်ငိုက်နေကြတယ်။ သူတို့နှစ်ယောက် ဆိုင်ထဲဝင်တော့ စားပွဲထိုးလေးတစ်ယောက်က အိပ်ချင်မူးတူးနဲ့အနားရောက်လာတယ်။ လမ်းလျှောက်ပုံက ပန်းသီးစုန်းကားထဲက ကလေးသရဲလိုပဲ…

"ထုံးစံအတိုင်းပဲ မဟုတ်လား"

"အေးကွာ"

"တူး…တီး…ဘယ်…ညာ"

စားပွဲထိုးလေးက အော်လိုက်တော့ အဖျော်ဆရာလည်း အိပ်ငိုက်နေရာမှ လန့်ဖျန့်သွားပြီး လက်ဖက်ရည်နဲ့ကော်ဖီကို အမြန် ဖျော်လိုက်



ပါတယ်။

"သူရိန်နဲ့ တွေ့ပြီးပြီလား သုတ"

"အေး"

"ဘာပြောလဲ"

"မင်း စိန်ခေါ်တာကို လက်ခံတယ်တဲ့"

တာရာ သက်ပြင်းချလိုက်ပြီး…

"ငါမှားသွားပြီ ထင်တယ် သုတ"

"ဘာကြောင့်လဲ"

"သူရိန် အရက်ဆိုင်ထဲ ဝင်သွားတာ တွေ့လိုက်ရတယ်"

"ဘာ"

သုတ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ အော်မိသွားတယ်။ ဒါကြောင့် ဆိုင်ထဲက စားပွဲထိုးလေးတွေအကုန်လုံး ကြောင်တောင်ဘောင်လေးတွေနဲ့ လှမ်းကြည့်လိုက်ကြပါတယ်။ လက်ဖက်ရည်နဲ့ ကော်ဖီပန်းကန်ယူလာတဲ့စားပွဲထိုးလေးဆိုရင် တစ်ဝက်၊ တစ်ပျက်မှာပဲ ကြောင်ငြိမ်ရပ်သွားတယ်။

"ဒီကောင် ဘာအရူးထတာလဲ"

"ပေါက်ကွဲဖို့ အားယူနေတာဖြစ်မှာပေါ့၊ အချိုကိစ္စတွေက အရက်သောက်ပြီးမှ လုပ်တာ ပိုကောင်းတယ် မဟုတ်လား"

"ဟာကွာ…အဓိပ္ပါယ်မရှိတာ"

သုတ မချင့်တင်ကဲ လေသံနဲ့ ပြောလိုက်ပါတယ်။ အဲဒီအချိန် မှာပဲ ရပ်သွားတဲ့ စားပွဲထိုးလေးက လမ်းပြန်လျှောက်ပြီး လက်ဖက်ရည်နဲ့ ကော်ဖီလာပို့တယ်။

"အမှန်ဆိုမိန်းမတစ်ယောက်ကို ချစ်မိသွားတာနဲ့ငါ့စိတ်တွေ ဒီလောက် မရိုင်းစိုင်းသင့်ဘူး၊ ခုတော့ သူရိန် မှန်းသွားပြီ ထင်တယ်"

"မှန်းတော့ မမှန်းလောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်မိရင် စကားများကြတာ

www.burmeseclassic.com



ထုံးစံဆိုပေမယ့် ကွယ်ရာမှာ သူရိန်ဟာ မင်းအပေါ် သံယောဇဉ်ရှိကြောင်း ငါ့ကိုပြောတယ်"

"ငါလည်း ခင်ပါတယ်ကွာ၊ ဒါပေမယ့် ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဒီကောင်နဲ့ မျက်နှာချင်းဆိုင်လိုက်တာနဲ့ အဲဒီခင်တဲ့စိတ်ဟာ အစရှာလို့မရအောင် ပျောက်ကွယ်သွားရော"

"ဒါဆို သူရိန်လည်း အဲဒီလို ဖြစ်လိမ့်မယ် ထင်တယ်"

"အင်း...ဖြစ်နိုင်တယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် မတည့်တာပေါ့"

ထိုအချိန်မှာ သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ဆီကို သူရိန်တစ်ယောက် ယိုင်တိုင်တိုင်နဲ့ လမ်းလျှောက်လာတယ်၊ ဒါကို သုတက အရင်မြင်သွားလို့ တာရာကို လက်ကုတ်ပြီး ပြောလိုက်တယ်၊

"တာရာ...ဟိုမှာ သူရိန်"

"ဟင်"

တာရာ့ကိုယ်လေး ဆတ်ခနဲ တောင့်သွားတယ်၊

"ငါ လှမ်းခေါ်လိုက်ရမလား"

"ခေါ်လိုက်ကွာ...သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး ငါတို့နှစ်ယောက် ဒီနေရာမှ စေ့စပ်ညှိနှိုင်းရအောင်"

"အေး...အဲဒါ ကောင်းတယ်"

သုတက သူရိန်ကို လှမ်းခေါ်လိုက်တယ်၊ အဲဒီအချိန်မှာ သူရိန်က ဆိုင်ရှေ့ရောက်နေပြီ၊

"သူရိန်...ငါတို့ဒီမှာ"

သုတအသံကြောင့် သူရိန် ဆိုင်ထဲဝင်လာတယ်၊ နဂိုထဲက ဒီဆိုင်ကိုလာတဲ့ သဘောမှာရှိပါတယ်၊ သုတ လှမ်းခေါ်တော့ အတော်ပဲဖြစ်သွားလိမ့်မယ်၊ ဆိုင်ထဲရောက်တော့ တာရာက ပြုံးပြတာကို ဥပေက္ခာပြုပြီး ခပ်စွေစွေကြည့်ကာ ထိုင်လိုက်တယ်၊ သူရိန့်ဆီက ချဉ်စုပ်စုပ် အနံ့ကြောင့် သုတနဲ့ တာရာတို့ ပြိုင်တူ နှာခေါင်းရှုံ့လိုက်ကြတယ်၊



"သက်ထားရွှေစင်ဆိုတဲ့ မိန်းမဟာ သူရိန့်အတွက်ပဲဖြစ်ရမယ် သုတ"

သူရိန့်စကားကြောင့် တာရာပြုံးလိုက်ပါတယ်၊ ဒီစကားဟာ သုတနားမည်းတပ်လိုက်ပေမယ့် သူ့ကို ပြောလိုက်မှန်း သိပ်သိတာပေါ့၊

"အပြောမကြီးပါနဲ့ သူရိန်၊ နောက်ဆုံးပိုင်ဆိုင်ခြင်းနဲ့ နိဂုံးချုပ်မှာ ဘယ်သူလဲဆိုတာ စောင့်ကြည့်လိုက်ပါ"

"ကဲပါကွာ....တော်ကြပါတော့...ဒီမှာ ငါပြောမယ်"

သုတစကားကြောင့် နှစ်ယောက်စလုံး စိတ်ဝင်တစားနဲ့ ငြိမ်သက်သွားကြတယ်၊

"နပိုလီယံ ကျရှုံးတာ မိန်းမတစ်ယောက်ကို ချစ်မိလို့ မင်းအနော်ရထာ၊ ကျန်စစ်သားကို ရာဇမာန်ရှတာလဲ မိန်းမကြောင့်ပဲ၊ ရာမနဲ့ ဒသဂီရိ စစ်ခင်းတာလည်း မိန်းမကြောင့်ပဲ၊ ဒါကို မင်းတို့သိပါတယ်၊ ဒီတော့ ငါထပ်ပြောမယ်၊ သက်ထားရွှေစင်ဆိုတာ ဘယ်လောက် အဖိုးတန်တဲ့ မိန်းမလည်း၊ ရွှေလင်ဗန်းနဲ့ အချင်းဆေးခဲ့သလား၊ လှတယ်ဆိုတဲ့ စကားကိုတော့ မပြောနဲ့၊ အလှတစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ အချစ်ဟာ ဘယ်တော့မှ မတည်မြဲဘူး၊ ဘယ်အရာမဆို တော်ရုံပဲကောင်းတယ်၊ ဒီတော့ကွာ ဘာမှတန်ဖိုးမရှိတဲ့ မိန်းမ၊ စကားကို အမျိုးမျိုး ပြောတတ်တဲ့ မိန်းမတစ်ယောက်ကိုများ မက်မောတွယ်တာနေကြတာ သူငယ်ချင်းအချင်းချင်းထ သတ်တော့မဲ့အတိုင်းပဲ၊ မင်းတို့မို့လို့ ကိုယ့်ကိုကိုယ် မရှက်ဘူးလား...တယ်"

သုတစိတ်ထဲမှာ သက်ထားရွှေစင်ဆိုတဲ့ မိန်းမကို အရမ်းမုန်းမိတယ်၊ သူမဟာ စည်းလုံးညီညွတ်နေတဲ့ သူတို့သူငယ်ချင်းတွေကို သွေးခွဲဖို့ ဧကန်ကနေရောက်လာတဲ့ ကဝေမပဲ၊ တစ်ခါမှ မမြင်ဘူးပေမယ့် ရင်ထဲမှာ အသီးသီး ဖြစ်မိတယ်၊

"မင်း မမြင်ဘူးလို့ပါ သုတရယ်၊ သက်ထားရွှေစင်ကို လှတာတစ်ခုထဲ ချစ်တာမဟုတ်ဘူးကွ၊ သူ့ရဲ့အမူအယာ အပြောအဆိုနဲ့ မျက်လုံး

www.burmeseclassic.com



လေး ဝင့်ပြီး ပြုံးတဲ့ အပြုံးကြောင့်ပဲ… ကဲ…သိပြီလား"

"သူရိန်ပြောတာ ဟုတ်တယ် သုတ၊ ငါကွာ… သက်ထားရွှေစင်ရဲ့ အမူအယာတွေကို ခုအချိန်ထိ မျက်စိထဲကမထွက်ဘူး၊ ငါ့ကို စကားပြောတော့မယ်ဆိုရင် မျက်လုံးလေးဝင့်တဲ့ အကြည့်လေးဟာ နှလုံးသားထဲမှာ ထင်ဟပ်နေတယ်"

"မင်းပါစပ် ပိတ်ထားစမ်း တာရာ"

"အမှန်အတိုင်း ပြောတာ သူရိန်၊ ဘာမှမနာလို မဖြစ်နဲ့"

"ထွီ…မင်းလိုကောင်ကများ ပြောရတယ်လို့"

"ဘာဖြစ်လဲ…ငါ့ပါးစပ်နဲ့ငါပြောတာ"

သူရိန် ပတ်တောပိတ်သွားပါတယ်။ စကားအရာမှာ တာရာကို ဘယ်နှစ်ခါနိုင်ဘူးလို့လဲ ဒါကို သိသိကြီးနဲ့ သူရိန်က မိုက်မဲနေတာ။

"သူရိန်…မင်းဘာဖြစ်လို့ အရက်သောက်တာလဲ"

"တာရာကို ရစ်မလို့ သုတ၊ မင်းရှိလို့ ငြိမ်နေတာ"

"မင်း မမူးဘဲ မရစ်တတ်ဘူးလား"

"ဒီကောင် လူလည်၊ မမူးဘဲ ရစ်ရင် ငါခံရမှာပေါ့"

"ဒါဆို သူရိန်…ငါတို့နှစ်ယောက်နားလည်မှုတစ်ခုယူကြမယ်"

တာရာက သံတမန်ဆက်ဆံရေးကို စခင်းတယ်။

"မင်းပြောကြည့်လေ…ငါ့ဘက်ကသာရင် လက်ခံမယ်"

"မရဘူး သူရိန်၊ အခွင့်အရေးက တန်းတူပဲ၊ နောက်နေ့တစပြီး အေးမြသွယ်အိမ်ကို မင်းနဲ့ငါ တစ်နေ့ဆီ သွားမယ်၊ ဒါဆို ဆုံတဲ့ အခါသူများအိမ်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဒေါသထွက်စရာမလိုတော့ဘူး၊ သက်ထားရွှေစင်ဆီက အဖြေရဖို့ကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကြတာပေါ့…ဘယ်လိုလဲ"

တာရာစကားကြောင့် သူရိန် စဉ်းစားသွားတယ်။ ဒီနေရာမှာ သုတက နားမလည်တဲ့အကြောင်းအရာတစ်ခုကို ဝင်မေး လိုက်ပါတယ်။

"ခဏ…ငါမသိလို့မေးစမ်းပါဦးမယ်၊ အဲဒီလို မင်းတို့နေ့တိုင်



သွားနေတော့ အေးမြသွယ်က ဘာမှမပြောဘူးလား၊ ပြီးတော့ သက်ထားရွှေစင်ကလည်း နှစ်ယောက်စလုံးကို လက်ခံစကားပြောတာပဲလား"

"ဪ ဒါလား…အေးမြသွယ်က ငါတို့ရဲ့ငယ်နိုင်လေ၊ မလာနဲ့လို့ပြောကြည့်ပါလား၊ တစ်တောင်လောက်ရှိတဲ့ အရပ်ထုလိုက်လို့ မြေကြီးထဲ ဝင်သွားမှာပေါ့၊ သက်ထားရွှေစင်ကတော့ ရောက်ကာစဆို ကားလာ ပြောပါတယ်။ နောက်ဆို ဟိုလိုလို၊ ဒီလိုလိုနဲ့ တစ်နေရာ ထွက်သွားရော၊ ဒါပေမယ့် ငါတို့ကျေနပ်တယ် ဟုတ်တယ်နော် သူရိန်"

"ငါတော့ မကျေနပ်ဘူး တာရာ"

"ဟင်…ဘာဖြစ်လို့လဲ"

"မင်းက သက်ထားရွှေစင်ရှေ့ရောက်ရင် မိတ်ကပ်တွေ မ်းထားတဲ့ မျက်နှာကြီးကို လက်ကိုင်ပဝါနဲ့ ခဏခဏ သုတ်နေတာ ံဖို့ကောင်းတယ်"

"ဒါဆို မင်းလည်း ဘာထူးလို့လဲ သူရိန်၊ သက်ထားရွှေစင်ရှေ့ရောက်လာပြီဆိုရင် နှုတ်ခမ်းကို ခဏခဏလျှာနဲ့သပ်နေတာ အစိမ်းကိုက်ဝါးစားတော့မယ့် အတိုင်းပဲ"

"အဲဒါ အဓိပ္ပါယ်ရှိတယ်ကွ"

"ငါလည်း အထာပေးတာ"

"တော်ပြီ…တော်ပြီ…မင်းတို့နှစ်ယောက် စကားနိုင်လုနေတာနဲ့ပဲ လိုရင်းရောက်မှာ မဟုတ်တော့ဘူး၊ ဒီတော့ တာရာပြောတဲ့ အစီအစဉ်အတိုင်း တစ်ယောက်တစ်နေ့ဆီသွားပါ။ ဒါမှ မင်းတို့နှစ်ယောက် ပြဿနာမဟုတ်မှာလေ"

"အေး…ကောင်းတယ်"

သူရိန် ထောက်ခံလိုက်တော့ တာရာကြိတ်ပြုံးလိုက်တယ်။

ထို့အတူ…

သူရိန်ကလည်း ထောက်ခံပြီးထဲက ရင်ထဲမှာပြုံးနေပါတယ်။

ကတော့ သူငယ်ချင်းတွေ အမုန်းမီး ငြိမ်းသွားလို့ ပျော်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနက်ဖြန် ဘယ်သူအရင်သွားမလဲ သူရိန်"

"ငါအရင် သွားမယ်"

"မဲနှိုက်မယ်ကွာ"

"မင်းရဲ့အကြံပဲ...ငါ့ကို ဦးစားပေးပေါ့"

"မဟုတ်ဘူးလေ"

"ဟုတ်တယ် တာရာ၊ သူရိန့်ကို အရင်သွားခိုင်းလိုက်"

သူတက သူရိန်ဘက်မှ ဝင်ပြောလိုက်တော့ တာရာမငြင်းသာ တော့ပေ။

ထို့နောက် သူတို့သုံးယောက် ပိုက်ဆံရှင်းပြီး လက်ဖက်ရည် ဆိုင်ကနေ ပြန်ထွက်လာခဲ့ကြတယ်။

အတွေးတွေကတော့ မနက်ဖြန်ကို ရောက်နေတယ်။



## အခန်း(၉)

"ဟော့ ကိုသု"

နံနက်ခင်းအချိန်မှာ သုတတစ်ယောက်ထဲ လမ်းလျှောက်ထွက် လာတာကို တွေ့လို့ စက်ဘီးလျှောက်စီးနေတဲ့ မဟုက ခေါ်လိုက်တာပါ။ သူမက ခေါ်ပြီးတာနဲ့ တပြိုင်ထဲ စက်ဘီးပေါ်ကဆင်းကာ မျက်နှာချင်းဆိုင် ရပ်လိုက်လို့ မျက်နှာလေးကို ငေးကြည့်လိုက်ပါတယ်။ တကယ်လှတဲ့ ကောင်မလေးပါ၊ ညနေစောင်းရဲ့လေပြေကြားထဲမှာ သနပ်ခါးဖွေးဖွေးကို လိမ်းပါး လိမ်းခြယ်ထားပုံက လက်ရာမြောက်တဲ့ နတ်သမီးလေးတစ်ပါး ပါပဲ။

"ဘယ်သွားမလို့"

"ပျင်းလို့ လမ်းလျှောက်နေကာ၊ မဟုရော"

"အဟင်း...ကျွန်မလည်းပျင်းလို့စက်ဘီးလျှောက်စီးနေတာ၊ ဒါလေ အတူတူသွားကြမယ်"

"ဟာ...မသင့်တော်ဘူး ထင်တယ်"

"ဘာလဲ..ကိုသု သိက္ခာကျမှာ စိုးလို့လား"

သုတ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားတယ်၊ တကယ်ဆို ဒါဟာ ဖန်တီးမယူတဲ့ အခွင့်အရေးတစ်ခုပါ၊ သူမရဲ့ချောမောလှပတဲ့ မျက်နှာလေးကိုကြည့်ရင်း လမ်းလျှောက်ရတဲ့အရသာကိုလည်း လိုချင်ပါ တယ်၊ ဒါပေမယ့် သူဟာ ယောကျ်ားတစ်ယောက်ဆိုတဲ့ သိက္ခာနဲ့ဒါတွေကို ထိန်းချုပ်လိုက်ပါတယ်။ တိတ်တခိုးနဲ့ စွဲလမ်းခဲ့သူမို့ ကောင်မလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး အစစ အရာရာ ဆင်ခြင်သင့်တယ် မဟုတ်ပါလား။

"ပြောလေ…ကိုသု"

"မဟုတ်ပါဘူး…မဟုက မိန်းကလေးဆိုတော့ ကျွန်တော့်ကြောင့် ပတ်ဝန်းကျင်အလယ်မှာ ထိခိုက်သွားရင် မကောင်းဘူး၊ အဲဒါကြောင့် စဉ်းစားနေတာပါ"

သုတ့စကားကြောင့် မဟုရင်ထဲတစ်မျိုးကြီးခံစားလိုက်ရတယ်။ သူမဘဝမှာ၊ မိန်းကလေးတစ်ယောက်က ပေးတဲ့အခွင့်အရေးကို မယူတဲ့ ယောက်ျားဒီတစ်ခါပဲတွေ့ဖူးသေးတယ်။ တကယ်တော့ကိုသုဟာ ကောင်ချောလေးတစ်ယောက်ပါ။ ဖြူဖွေးနေတဲ့ အသားအရည်နဲ့အတူ မျက်နှာလေးက အလွန်ပဲဆွဲဆောင်အားပြင်းရှလှပါတယ်။ သူမရင်ထဲမှာ ကိုသုကိုတွေ့ထဲကရင်းနှီးခင်မင်လိုစိတ် ပေါ်လာခဲ့တာပါ။ ပြီးတော့ သူမကိုနှစ်ကြိမ်တိုင်တိုင် အကူအညီပေးခဲ့ဖူးတယ်။ ဒီလို လူမျိုးတစ်ယောက်ကို သူမအနေနဲ့ လွယ်လွယ်ကူကူ မေ့ပျောက် နိုင်တော့မှာ မဟုတ်ပေ။

"ကိုသု… ကျွန်မသိချင်တာ တစ်ခုရှိတယ်။ ကိုသု အမှန်အတိုင်း ဖြေမှာလား"

"လိမ်ညာစရာမလိုအပ်တဲ့စကားမျိုးဆိုရင်ကျွန်တော်အမှန်အတိုင်း ဖြေပါ့မယ် မဟု"

သူမ တခဏငြိမ်သက်သွားပြီးမှ မပွင့်တပွင့်လေးမေးလိုက်တယ်။

"ကျွန်မကို ကိုသု ခင်လား"

သုတ မျက်နှာလေးကို စူးစူးနစ်နစ် ကြည့်မိသွားတယ်။

"ကျွန်မက ဟန်ဆောင်လိမ်ညာတာကို မုန်းတယ် ကိုသု"

**သုတ** သက်ပြင်းချပြီး….

"**ဒါဆို မဟုကို ကျွန်တော်ပြန်မေးမယ်။ မိန်းမတစ်ယောက်ရဲ့ ခင်မင်ခြင်းကိုရဖို့အတွက်** ဟန်ဆောင်လိမ်ညာခြင်းဆိုတာလိုအပ်သလား။ ကျွန်တော်ထပ်ပြောချင်တာက မဟုတို့လို မိန်းမအများစုဟာ ရိုးသားပြီး အမှန်အတိုင်းပြောတတ်တဲ့ယောက်ျားတစ်ယောက်ရဲ့ ခင်မင်မှုထက် ဟန်ဆောင်ပြီး မာယာများတဲ့ယောက်ျားတစ်ယောက်ရဲ့အပြုံးတစ်ပွင့် အကြည့်တစ်ချက်ကို ဘာဖြစ်လို့ စွဲမက်ကြတာလဲ"



"အဲဒီထဲမှာ ကျွန်မ မပါဘူး ကိုသု"

"ကျွန်တော်က သဘောပြောပြတာပါ မဟု"

"ဒါဆိုကျွန်မပြန်မေးမယ်။ လူတွေဟာ ပင်ကိုယ်ရှိတဲ့အတိုင်း တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆက်ဆံရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ကျွန်မတွေ့နေရတဲ့ယောက်ျားတော်တော်များများဟာ ဟန်ဆောင်ခြင်းကြိုးတန်းပေါ်မှာ လမ်းလျှောက်နေကြတယ်။ အဲဒါကျတော့ ဘယ်လိုပြောမလဲ"

"ဘာလဲ မဟုက လောကကို အရှိအတိုင်း မြင်ချင်လို့လား။ ဘယ်တော့မှ မကြိုးစားနဲ့ ရှုံးသွားလိမ့်မယ်။ မဟု မြင်ချင်တဲ့ လောကကြီးက ပရိယာယ် မာယာတွေနဲ့ ပြည့်နှက်နေတာ တကယ်တော့ လူဆိုတာ ကိုယ့်ဇာတ်ညွှန်း ကိုယ်ရေးပြီး၊ ကိုယ့်ဘာသာ ကိုယ်က ကိုယ့်ရဲ့ပွဲ ကိုယ်ပြန်ကြည့်ရတာပါ"

"ဒါဆို ကိုသုက ဟန်ဆောင်တတ်တယ်ပေါ့"

"အကျွမ်းကျင်ဆုံးတတ်မြောက်ထားတယ်မဟု၊ ဟန်ဆောင်တာ လိမ်ညာတာမှမဟုတ်တာ၊ ကိုယ့်ရဲ့ ခံစားချက်ကို တစ်ပါးသူ မသိအောင် အရိုးသားဆုံး ဖုံးကွယ်ထားတာပဲ၊ ဒါပေမယ့်… ကျွန်တော့်ရင်ထဲမှာ "မဟု" ကို နှစ်နှစ်ကာကာနဲ့ တကယ်ခင်ပါတယ်။ ဒါဟာ ဟန်ဆောင်ခြင်းမပါတဲ့ အရိုးသားဆုံးစကားပါ"

သုတရဲ့စကားကြောင့် သူမမျက်နှာပေါ်မှာ လှိုက်လှဲကြည်နူးခြင်းတွေ အလိပ်လိုက်ပေါ်လာပါတယ်။ ဒါကို သုတ မြင်လိုက်တော့ ရင်ထဲမှာ ...ကိခနဲ ဖြစ်သွားတယ်။ ဩော်…သူမဟာ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ပြင်ပြင် ခံစားတတ်တဲ့ မိန်းကလေးတစ်ယောက်ပါလား။

"ဒီစကားကြားရတာ ကျွန်မ ဝမ်းသာပါတယ် ကိုသု၊ ကျွန်မ ...ည်း ကိုသုခင်သလို ခင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမအသံက တိုးတိုးလေးပါ၊ ဒါပေမယ့် သူ့ရဲ့ ချစ်တတ်၊ တွန်ဖိုးထားတတ်တဲ့နှလုံးသားတစ်ခုလုံးကို ဆွဲဆောင်လှုပ်ကိုင်သွားစေပါတယ်။ ကောင်မလေးရယ် ငါရဲ့မရိုးသားမှုတွေကို ဟန်ဆောင် တိန်းချုပ်နေရတာ ပင်ပန်းလွန်းလှပါတယ်။ ခုအချိန်မှာ မင်းကိုချစ်ခွင့် မပန်သေးတာဟာ ငါ့နှလုံးသားကို ငါပြန်သတ်လိုက်သလို ဖြစ်မှာ စိုးလို့ပါ၊ ဘာကြောင့်လည်းဆိုတော့ မကြာသေးခင်မှာ တွေ့ဆုံခဲ့ရတဲ့ မင်းကို ချစ်တယ်လို့ပြောရင် အပေါ်စား လူတစ်ယောက်လို့ မင်းထင်သွား လိမ့်မယ်။

"ကိုသု ဘာတွေစဉ်းစားနေတာလဲ"

"ဟို...အဲ...ဘာမှမဟုတ်ပါဘူး"

သူမက လှပစွာပြုံးပြီး....

"အင်း...ထားပါတော့...မပြောချင်လည်း ဆက်မမေးတော့ပါဘူး။ ဒါနဲ့ ကိုသု ကျွန်မနာမည်အရင်းကို မသိချင်ဘူးလား"

"ပြောပြလေ"

"ကိုသု စုံစမ်းပေါ့"

"ဟင့်အင်း...အဲဒီအလုပ်မျိုး ကျွန်တော်ဘယ်တော့မှ မလုပ်ဘူး၊ စုံစမ်းတယ်ဆိုတာ မယုံကြည်တဲ့လူတွေရဲ့အလုပ်ပါ၊ ဒါကြောင့် မဟုဖွင့်ပြောလာတဲ့အထိ ကျွန်တော်စောင့်မယ်"

"ကျွန်မကတစ်သက်လုံးမပြောဘူးဆိုရင်ဘယ်လိုလုပ်မလဲ"

"မဟုဆိုတဲ့နာမည်နဲ့ ကောင်မလေးတစ်ယောက်ကျွန်တော့် ရင်ထဲမှာ အမြဲတမ်း ရှိနေမှာပါ"

ထိုစကားကို ပြောအပြီးမှာ သူမကို သုတဖျက်ခနဲ ကြည့်လိုက်ပါတယ်။ လင်းလက်သွားတဲ့ မျက်ဝန်း၊ ကြည်နူးသွားတဲ့အပြုံး ဒါတွေဟာ သူမမျက်နှာမှာ ဆက်တိုက်ပေါ်လာပါတယ်။ ထို့နောက် တစ်ယောက်ရင်ထဲက ခံစားချက်ကို တစ်ယောက်က နားလည်သည့်အလား ပြိုင်တူမျက်လွှာချ သွားပါတယ်။ အချိန်တိုအတွင်းမှာ သူတို့နှစ်ယောက်ရဲ့ရင်ထဲ မမြင်ရတဲ့ သံယောဇဉ်ကြိုးတစ်မျှင်က ချည်နှောင်ရစ်ပတ်ခဲ့ပြီ၊ ဒါကို



ကာယကံရှင်တွေကလွဲပြီး ဘယ်သူသိနိုင်မှာလဲ၊ တော်တော်ကြာ တော့ သူမက မျက်လွှာလေးကို အသာပင့်တင်ပြီး သုတကြားလောက်ယုံ လေသံနဲ့ ပြောလိုက်တယ်။

"လူ့ဘဝကြီးဆိုတာ တွေ့ကြုံ၊ ဆုံ၊ ကွဲ ပါကိုသု၊ မကြာခင်မှာ ကျွန်မဒီမြို့လေးကနေ ပြန်ရတော့မယ်။ ခွဲခွာခဲ့ပြီး နောက်ပိုင်း တစ်နေ့ပြန်ဆုံခွင့်ကို မျှော်လင့်ပါရစေ၊ ကျွန်မလိပ်စာနဲ့ ဖုန်းနံပါတ်ပေးခဲ့မယ်။ ကိုသုတ ရန်ကုန်ရောက်တဲ့အခါ ဝင်လာခဲ့ပါ"

သုတ အံ့သြစွာနဲ့ သူမကိုကြည့်မိလိုက်တယ်။ သူ့စိတ်ထဲမှာ သူမကို ဒီမြို့ကပဲထင်နေတာ၊ လက်စသတ်တော့ ရန်ကုန်ကပဲ။ ဒါကြောင့် အရင်က သူမမြင်ဘူးတာ။

"ကျွန်တော်က မဟုကို ဒီမြို့ကပဲ ထင်နေတာ"

"မဟုတ်ဘူး ကိုသု၊ ကျွန်မ ရန်ကုန်ကနေ ဆယ်တန်းပြေပြီးလို့ ခဏခဏလည်တာပါ၊ အောင်စာရင်းထွက်ခါနီးတော့ပြန်ရတော့မယ်။ ကိုသု စိတ်ထဲမှာ သက်ထားရွှေစင်ဆိုတဲ့ ကောင်မလေးကို ဘယ်တော့မှ မမေ့ပါနဲ့နော်"

"ဟာ"

သူမက အမည်နာမတစ်ခုကို ရိုးသားစွာ ဖွင့်ဟဝန်ခံလိုက်တာပါ၊ ဒါပေမယ့် သူ့ရင်ထဲမှာ နေဆယ်စင်းထွက်သလို တောက်လောင်သွားတယ်။ ကံကြမ္မာရယ် ရက်စက်လွန်းလှပါတယ်။ ဘာအမြီးတွေနဲ့များ သက်ထားရွှေစင်ဆိုတဲ့ မိန်းကလေးကို လွှတ်လိုက်တာလဲ။

"ကျွန်မ သွားတော့မယ် ကိုသု၊ ပြန်မှ လာနှုတ်ဆက်မယ်"

သူမက စက်ဘီးလေးနင်းကာ ထွက်သွားတယ်။ ခုအချိန်ထိ သုတကတော့ တုန်လှုပ်စွာနဲ့ ရပ်မိနေတုန်းပါပဲ၊ သွားပြီ အားလုံးသောအရာတွေဟာ မစခင်မှာဘဲ ပြီးဆုံးသွားပြီ၊ ဖေးမညှာတာခြင်းမရှိတဲ့ ကံကြမ္မာရိုင်းရဲ့ ခါးချက်တွေအောက်မှာ သူတို့ သူငယ်ချင်းလေးယောက် အတုံးအရုံး ကျဆုံးခဲ့ပြီ၊ ဒီအကြောင်းအရာတွေကို သူ့ရဲ့နှ၊ တာရာ၊ လပြည့်တို့ သိခဲ့မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူ့ကို ဘယ်လိုပြောမလဲ၊ ချစ်ခွင့်ရှိပေမယ့် ချစ်လို့မရတဲ့ ဘဝမှာ သေဆုံးတာမှ ကောင်းပါသေးတယ်။



သူရိန်တစ်ယောက် ဧည့်ခန်းထဲမှာ ထိုင်နေရင်း မရိုးမရွ ဖြစ်နေပါ ယ်။ သက်ထားရွှေစင် အပြင်သွားတာ သူလာထဲကပါ ထိုင်ရလွန်းလို့ င်ပါးတွေတောင် အောင့်ပြီး ပူလာတယ်။ ကြာရင် မီးထတောက်မလား သိ၊ အေးမြသွယ်ကလည်း သူ့ကို ဧည့်ခန်းထဲမှာထားခဲ့ပြီး မီးပူတိုက် ရှိတယ်ဆိုကာ အခန်းထဲ ပြန်ဝင်သွားတယ်။ ရှေ့မှာရှိတဲ့ ကော်ဖီမစ် ိန်းခွက်တောင် အေးစက်နေပြီ၊ သူ ဘာလုပ်ရမလဲ၊ ဆက်စောင့် လား၊ ပြန်ရမလား၊ မဖြစ်သေးပါဘူး၊ စောင့်တာပဲ ကောင်းပါတယ်။ ော်ဖြန်ဆို တာရာအလှည့်လေ၊ ကိုယ်ရတဲ့ အခွင့်အရေးဆိုတာ ပိုင်ပိုင် နိုင် အသုံးချနိုင်မှ တန်ကာကျတာ၊ သူရိန်တစ်ယောက် အတွေးတွေနဲ့ လပတ် ယမ်းနေတဲ့အချိန်မှာ သက်ထားရွှေစင်က ခြံထဲဝင်လာတယ်။ ကြောင့် သူရိန်စိတ်ထဲ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသလို လိုက်ရတယ်။

သက်ထားရွှေစင်က သူရိန်ကို မြင်တော့ မဆို့တရိပြုံးကာ င်းလာတဲ့ ချွေးစက်ကလေးတွေကို အသာသပ်တင်ပြီး အိမ်ပေါ် က်လာတယ်။

"ကျွန်တော် စောင့်နေတာကြာပြီ သိလား"

"ဒူးနဲ့မျက်နှာလား"

"အင့်"

သူရိန် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ သက်ထားရွှေစင်က ဂရုမစိုက်သလိုနဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်ပါတယ်။ ဒါကြောင့် သူရိန်လည်း အပျော်တွေစုပြီး မရှိတဲ့ စကားကို ကြံဖန်ရှာလိုက်တယ်။

"ပူတယ်နော်...သက်ထား"

"အင်း...ကျွန်မကို ယက်ခပ်ပေးစမ်းပါ"

"ဟာ...ရတယ်"

သူရိန် ဝမ်းသာသွားတယ်။ ဒါ ရောမ အခွင့်အရေးကြီးတစ်ခုပဲ ဒီလိုသာ အခွင့်အရေးရလို့ကတော့ ဘယ်လက်နှေးမလဲ၊ ဒါကြောင့် စားပွဲပေါ်မှာရှိတဲ့ ယက်တောင်လေးကို ယူပြီး ခပ်ပေးလိုက်တယ်။

"ကိုတာရာမပါဘူးလား"

"အဲဒီအကြောင်း ကျွန်တော်ပြောချင်လို့ သက်ထားကို စောင့်နေတာ"

"ဟုတ်လား...ပြောစမ်းပါဦး၊ ကျွန်မတောင် နည်းနည်း စိတ်ဝင်စားသွားပြီ"

သူရိန် ကြိတ်ပြုံးလိုက်တယ်။ တွေ့ကြပြီပေါ့ တာရာရယ်။ သူများ မကောင်းကြောင်းကို ကွယ်ရာမှ မဟုတ်တာ ပြောရမယ်ဆိုရင် ကမ္ဘာမှာ သူရိန်ဟာ အတော်ဆုံးပဲဆိုတာ မင်းသိရလိမ့်မယ်။

"ပြောလေ"

သူ့မျက်လုံးလေးဝင့်လိုက်လို့ သူရိန် ရင်ခုန်သံမြန်သွားပြီး လေးနက်တဲ့ အမူအယာတွေနဲ့ ပြောလိုက်ပါတယ်။

"ဒီကောင် မလွယ်ဘူးသိလား၊ မိန်းမကိစ္စ အရမ်းရှုပ်တာ ကိုးတန်းနှစ်ကဆို ကျောင်းတက်ရင်းနဲ့ ကောင်မကြီးတစ်ယောက်ကို နိုးပြေးဖူးတယ်။ တစ်ပတ်လောက်ပဲကြာလို့ ကျောင်းထုတ်မခံရတာ၊ အဲ့ ကိစ္စကို သူ့မိဘတွေ တော်တော်ရှင်းလိုက်ရတယ်။ တစ်ခုတော်တာ ကောင်မကြီးဟာ အသက်တစ်ဆယ့်ကိုးနှစ် ယောက်ျားနှစ်ခါရဘူးတော့ ရှင်းရလွယ်တာပေါ့၊ ခုတော့ ဒီကောင်နိုးပြေးတဲ့ကောင်မကြီးလည်း AIDS



ရောဂါနဲ့ သေသွားပါပြီ၊ ဒီကောင့်ဆီမှာတောင် အဲဒီရောဂါ ကျန်ရင်ကျန်ခဲ့မှာ၊ အခု သူတို့နေတဲ့အိမ်နဲ့ခြံကလည်း ကျွန်တော်တို့ ဆီမှာ ပေါင်ထားတာ၊ အတိုးနဲ့တွက်ရင် ဆုံးနေပြီ၊ ဒါပေမယ့် ကျွန်တော်တို့က အရမ်းချမ်းသာတော့ အဲဒီလောက်ပိုက်ဆံကို ဘယ်စာဖွဲ့မလဲ၊ ရှိတဲ့အချိန်မှ ပေးပါဆိုပြီး နေခိုင်းထားတာ၊ ကျွန်တော်တို့ တစ်မိသားစုလုံးက စိတ်၊ စေတနာကောင်းကြတယ်လေ၊ မရှိတဲ့လူတွေတောင် လှူဒါန်းပေးကမ်းနေရသေးတာပဲ ကိုယ့်ရဲ့ငယ်သူငယ်ချင်းတွေဆိုတော့ ဥပေက္ခာပြုထားလိုက်ပါတယ်။ သိတယ်မဟုတ်လား၊ ကျွန်တော်တို့က အရမ်းချမ်းသာတာဆိုတော့ ဘယ်မှုမလဲ၊ ပေါကယ်တော့ တာရာက တစ်ခုလပ်ပါ၊ အဲဒါ သူ့ကိုယ်သူ လူပျိုဆိုပြီး ညာနေတာ၊ ပစ္စည်းဥစ္စာလဲ ဘာမှမရှိတော့တာ မဟုတ်ဘူး၊ ခုတောင် ဟိုဘက်ရပ်ကွက်က ကောင်မလေးတစ်ယောက်ကို ညည်းစားစကားပြောမလို့ ဆိုပြီးထွက်သွားတယ်။ ကျွန်တော်က အဖော်မရှိလို့ လိုက်ခဲ့ပါလို့ ခေါ်တာတောင် လှည့်မကြည့်ဘူး။ အရက်ကလည်း ညှိုင်းသောက်တယ်။ ကျွန်တော်ဆို အရက်နဲ့ ပတ်သက်ရင် အနံ့ရရုံတင်နေတော့တာပဲ၊ ဒီကောင်ကတော့ တကယ်ကြွက်တွင်း၊ မျိုးရိုးက အရက်သမားမျိုးရိုးဆိုတော့ ဒီလောက်တော့ရှိမှာပေါ့၊ ကျွန်တော်နဲ့တာရာက သူငယ်ချင်းတွေလေ၊ ဒီတော့ မကောင်းတာ မပြောချင်ဘူး၊ တော်ကြာ ကွယ်ရာမှာ အတင်းပြောတယ် လို့ထင်ရင် ကျွန်တော်ပဲသိက္ခာကျမှာ သက်ထားသိစေချင်လို့သာ ဖေးဖေးမမ ပြောပြတာ"

သူရိန် အားပါးတရပြောပြီး နှုတ်ခမ်းကို လျှာလေးနဲ့ရက်လိုက်တယ်၊ စိတ်ထဲ မှာတော့ ဘဝအမောတွေ ပြေသွားသလိုပဲ၊ မင်းသေသင့်သွားပါပြီ တာရာရယ်၊

"ဒါဆို ကိုတာရာက တော်တော်ဆိုးတာပေါ့နော်"

"ဟာ...မပြောနဲ့...မပြောနဲ့"

သူရိန်ယက်ခပ်တာ ပိုမြန်လာတယ်။

"ကျွန်မကို သူ ရည်းစားစကားပြောထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မယုံနဲ့....မယုံနဲ့"

"ကျွန်မလည်း သူ့ကိုမချစ်ပါဘူး၊ အခုကို သူရိန်ပြောတော့ ပိုတောင်မချစ်သေး"

"ဟာ...ဝမ်းသာလိုက်တာ သက်ထားရယ်"

သူရိန် ထခုန်ချင်စိတ်ပေါက်သွားတယ်။ သူများအိမ်မှာမို့လို့သာ ငြိမ်နေရတာ၊ ခုတော့ ယက်ခပ်ပေးရတာ ကြာပေမယ့်။ ဟင့်အင်း... ညောင်းဘူး။

"သက်ထား"

"ဘာလဲ...ကိုသူရိန်"

"ကျွန်တော် ကဗျာတစ်ပုဒ်ရေးလာတယ်"

"အင်း...ဖတ်မယ်"

သူရိန် ယက်ခပ်နေရင်း အားနေတဲ့လက်တစ်ဖက်နဲ့ အိပ်ထဲ နှိုက်ပြီး ရေးလာတဲ့ ကဗျာစာရွက်လေးကို ယူကာပေးတော့ သက်ထားရွှေ စင်က ဖြူဖွေးတဲ့ လက်ကလေးနဲ့ဆန့်တန့်ပြီး ယူကာ ဖက်လိုက်ပါတယ်။

ပန်းဆိုတာ

ပန်သူရှိမှ

ပွင့်တာ မဟုတ်ပါဘူး

ရနံ့ဆိုတာ

ရှိုက်သူရှိမှ

မွှေးပျံ့တာ မဟုတ်ပါဘူး၊

နှလုံးသားဆိုတာ

လှုပမှုမြင်တိုင်း

ချစ်တာ မဟုတ်ပါဘူး.

သက်ထားရွှေစင်က ကဗျာဖတ်ပြီး ခုံပေါ်ပြန်တင်ကာ မေးလိုက် တယ်။

"ဘယ်က ကူးလာတာလဲ"



"မဂ္ဂဇင်းထဲက(အဲ) မဟုတ်ဘူး၊ ကျွန်တော် ကိုယ်တိုင် ရေးလာတာ"

"အင်းလေ...ကျွန်မ ယုံလိုက်ပါ့မယ်"

"ယုံလိုက်ပါ သက်ထားရယ်၊ အဲ... အဖြေ... ကျွန်တော် အတွက် စဉ်းစားပြီးပြီလားဟင်"

"မစဉ်းစားရသေးဘူး ဒါပေမယ့် ကိုသူရိန့်ဘက်က ထောက် ခံမယ့်သူတစ်ယောက်ရှိရင်စဉ်းစားပေးမယ်။ ဥပမာ ကိုတာရာက ကိုသူရိန် ဟာ ကျွန်မကို တကယ်ချစ်တာ ဟုတ်ပါတယ်ဆိုတဲ့ စကားမျိုးပေါ့"

သူရိန်ဦးနှောက်ကိုအလျှင်အမြန်အလုပ်ပေးလိုက်တယ်။ တာရာ သာ ထောက်ခံရင် သက်ထားရွှေစင်ဟာ သူ့ကို ချစ်မှာ သေချာတယ်၊ ကြည့်ပါလား၊ ယပ်ခပ်နိုင်းတယ်ဆိုထဲက ချစ်နေလို့ဆိုတာ အသိသာကြီး၊ ရန်ကုန်သူဆိုတော့တစ်နယ်သားကိုချစ်ရင်လွှမ်းရမယ်ထင်ပ။ သူကလည်း မခွဲနိုင်ပါဘူး။ တင်ကျွေးထားမယ်ဆိုရင်ယောက္ခမအိမ်ပေါ်မှာတစ်သက်လုံး ဘက်နေပေးမှာပါ။

"သက်ထား...တကယ်ပြောတာလားဟင်"

"ကျွန်မ...မညာတတ်ပါဘူး ကိုသူရိန်"

"အဟား...ဝမ်းသာတယ်သက်ထား၊ ဒါဆို မနက်ဖြန် တာရာ လာရင် သက်ထားမေးကြည့်လိုက်ပါ၊ ကျွန်တော် ဘယ်လောက်အထိ သက်ထားရွှေစင်ဆိုတဲ့ မိန်းကလေးကို ချစ်ခင်စွဲလမ်း တန်ဖိုးထားမြတ်နိုး ဘွယ်တာ၊ ရူးသွပ်မက်မောတယ်ဆိုတာ တာရာပြောပြလိမ့်မယ်"

"အင်း...ဒါဆို မနက်ဖြန်ကျမှပဲ ဆုံဖြတ်ကြတာ ပေါ့၊ အခု ကိုသူရိန်ပြန်တော့ ကျွန်မ ရေချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ သန်ဘက်ခါမှ ကျွန်တော်လာခဲ့မယ်"

"ကောင်းပါပြီရှင်"

သူရိန်ယက်တောင်ကို စားပွဲပေါ်တင်ကာ ပြန်ထွက်လာခဲ့တယ်။ ...ကျမှ လက်က အညောင်းလွန်လို့ အံ့သေနေတယ်။ ဘာဖြစ်လဲ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ပဲ အချိုဆို ချစ်သူစားချင်တယ်ဆိုလို့ ညဘက် ဖားထွက် ရိုက်ရင်း မြွေကိုက်ခံရပြီး သေကြရသေးတာ ပဲ၊ ဒါတွေထက်စာရင် သူက အများကြီး တော်ပါသေးတယ်။ အဟီး....။



"ဒါ ဘာလုပ်တာလဲ"

သူရိန်က တာရာ့အမေးကို ပြန်မဖြေသေးပဲ ပလပ်စတစ်အိတ်အမဲနဲ့ ထည့်လာတဲ့ ပစ္စည်းတွေကို ပါးစပ်မှပြောရင်း တစ်ခုခြင်း ထုတ်ပြလိုက်တယ်။

"ဒါပုဆိုးနဲ့အကျီ မင်းနဲ့ဆို အရမ်းလိုက်မှာပဲ၊ ဒါက မင်းကြိုက်တတ်တဲ့ ချောကလက်၊ ဒါက ကော်ဖီမစ်ထုတ်နဲ့ နို့ဆီဗူး၊ သကြားလဲပါသေးတယ်။ တွေ့လား...ငါကောင်းလို့ ဒါတွေ မင်းရတာ"

"ဒါ...ငါ့အတွက် ဟုတ်လား"

"အေးလေ...မင်းအတွက်မို့လို့ ငါယူလာတာပေါ့"

"ဘယ်သူပေးလိုက်တာလဲ"

"သက်ထားရွှေစင်"

"ဟုတ်လို့လားကွာ"

"ဘာလဲ...ငါက ကြားထဲကနေ ပိုက်ဆံအကုန်ခံပြီး ဝယ်ပေးတယ်ထင်လို့လား၊ ပေးပါသေးတယ် တာရာရယ်။ ဒီလို ယူလာ တာတောင် စိတ်ထဲသိပ်ကျေနပ်တာ မဟုတ်ဘူး"

သူရိန်က မင်းသေသေနဲ့ တမာတင်းတင်းပြောလိုက်တာကြောင့် တာရာ တွေဝေစွာ စဉ်းစားသွားတယ်။ သူရိန်ဆိုတာ ငါးပြား၊ ဆယ်ပြား ကအစ ကပ်သပ်နေတဲ့ကောင်၊ ဒီလောက်များတဲ့ ပိုက်ဆံကို ဘယ်လိုနည်းနဲ့မှ အလကားသက်သက် အကုန်ခံမှာ မဟုတ်ပေ။ ဒါဆို သက်ထား

www.burmeseclassic.com



ရွှေစင် ဝယ်ပေးတာဖြစ်နိုင်လောက်တယ်။ ဘယ်လိုကြောင့် ဝယ်ပေးတယ် ဆိုတာသာ သေချာမသိတာ၊ အင်း…သူရိန့်တော့ သိနိုင်ဖကောင်းပါရဲ့…

"ဒါနဲ့ သက်ထားရွှေစင်က ဘာဖြစ်လို့ဝယ်ပေးလိုက်တာလဲ"

"ငါ့ကြောင့်လေ…သူ့ကို မင်းဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်၊ စွဲလမ်းတယ်၊ တန်ဖိုးထားတယ်၊ ရူးသွပ်တယ်၊ မက်မောတယ်။ စိတ်သဘောထားကောင်းပြီး သူငယ်ချင်းတွေအပေါ် အနစ်နာခံတတ်တယ်ဆိုတဲ့အကြောင်းတွေ ပြောပြလိုက်တော့ ချက်ချင်းပဲ ဈေးပြေးပြီး ဒါတွေ သွားဝယ်ပေးလိုက်တာ၊ ငါ စိတ်ထင်တာတော့ ကြွေသွားတာ ဖြစ်မယ်"

တာရာ တွေဝေသွားပြန်တယ်။ ဒါ တကယ်ပဲ ဖြစ်နိုင်သလား၊ ကိုယ့်ရဲ့ပြိုင်ဘက်တစ်ယောက်က ကိုယ့်ကောင်းကြောင်း ပြောတယ်ဆိုတာ သိပ်တော့ ယုံနိုင်စရာမရှိဘူး၊ ဒါကြောင့် မယုံမရဲနဲ့ မေးလိုက်မိတယ်။

"သူရိန်…မင်းက ငါ့ကောင်းကြောင်းတွေကို ပြောခဲ့တယ် ဟုတ်လား"

"ဒါပေါ့ကွာ…ငါတို့က အချစ်ဆုံးငယ်သူငယ်ချင်းတွေပဲ"

"မယုံနိုင်စရာပဲ"

"ဘာလဲ…ငါက မင်းလို စိတ်ယုတ်မာရှိတယ်လို့ ထင်လို့လား၊ မှတ်ထားတာရာ၊ သူရိန်ဆိုတဲ့ကောင်က သူငယ်ချင်းတွေ အပေါ်မှာ ဘယ်တော့မှ အပုပ်မချတတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကို သုတနဲ့ လပြည့်ထက် ပိုပြီးခင်တယ်။ ပိုပြီး သံယောဇဉ်ရှိတယ်။ သက်ထားရွှေစင်နဲ့ပတ်သက်လို့ ပြိုင်ဘက်ဖြစ်ခဲ့ပေမယ့် ငါ့ရဲ့ ခင်မင်မှု သံယောဇဉ်က မင်းအပေါ်မှာ ဘယ်တော့မှ ယုတ်လျော့မသွားဘူး၊ မင်းသာ ငါ့အပေါ်မှာ ရန်သူ တစ်ယောက်လို သဘောထားနေတာ၊ အဲဒီအတွက် အဟင့်… အဟင့်… အဟင့်… ငါဝမ်းနည်းတယ် သိလားပြီးတော့ အရက်သောက်တာကလည်း ဝမ်းနည်းလွန်းလို့ သောက်မိတာပါ"

"ဟာ"



သူရိန်က လိုက်တတ်လာတဲ့ ရှိုက်သံတွေနဲ့ ပြောလိုက်တာကြောင့် တာရာ စိတ်မကောင်းဖြစ်သွားတယ်၊ တကယ်တော့ သူရိန်ဟာ သူ့ရဲ့သူငယ်ချင်းပါ၊ ဘာပဲပြောပြော သူရိန်ခင်သလို သူလည်းခင်ပါတယ်၊ ဒီလို သူရိန်ဝမ်းနည်းနေတာ မြင်တော့၊ သူ့ကိုယ်သူ ခွင့်မလွှတ်ချင်၊

"ဆောရီး သူရိန်၊ ငါတောင်းပန်ပါတယ်ကွာ၊ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး မင်းအပေါ်မှာထားတဲ့ ငါ့ရဲ့စိတ်သဘောထားတွေ အခုမှာ ခက်ထန်သွားတယ်"

"ရပါတယ်…ငါ့ရဲ့သံယောဇဉ်ကို မင်းနားလည်ရင်ပြီးတာပါပဲ၊ တကယ်တော့ သက်ထားရွှေစင်ရဲ့အချစ်ကို မင်းပဲ ထိုက်ထိုက်တန်တန် ရသင့်ပါတယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ သက်ထားရွှေစင်က မင်းကိုလည်း ချစ်နိုင်တာပဲ"

သူရိန်က ဝမ်းနည်းနေတဲ့မျက်နှာနဲ့ ခေါင်းခါယမ်းလိုက်ပြီး…

"ငါစိတ်လျှော့လိုက်ပြီတာရာ၊ သက်ထားရွှေစင်ဟာ ငါ့ထက်မင်းကိုပိုပြီး အလေးသာနေတယ်ဆိုတာ သိသွားပါပြီ၊ မင်းအကြောင်းကို ပြောပြတုန်းကဆို ဒီနေ့မလာဘူးလား၊ ဒီနေ့မလာဘူးလား ဆိုပြီး ခဏခဏ မေးတယ်။ လက်ဆောင်ပစ္စည်း ဝယ်ပေးလိုက်တာကလည်း သူ ချစ်နေတာကို မင်းသိစေချင်လို့ ဖြစ်မှာပါ"

"ဟင်း"

သူရိန်အတွက် စိတ်မကောင်းလွန်းလို့ တာရာ သက်ပြင်းချလိုက်တယ်၊ သူရိန်ပြောပုံက တကယ့်ကို ဝမ်းနည်းစရာပါ၊ မျက်နှာပေါ်မှာလည်း ကြေကွဲရိပ်တွေက အထပ်လိုက်နဲ့၊ ဒါဆို ဒီပစ္စည်းတွေဟာ သက်ထားရွှေစင် ပေးလိုက်တယ်ဆိုတာ သေချာပါပြီ၊ သူရိန်ဟာ သူငယ်ချင်းတစ်ယောက်ပီသစွာနဲ့ ဘယ်လောက်များ သူ့ရဲ့ကောင်းကြောင်း ပြောခဲ့သလဲဆိုတာ ပစ္စည်းတွေက သက်သေပြနေတယ်၊ သူ့ကို သက်ထားရွှေစင် ချစ်နေတာသိတာ ကြာပါပြီ၊ အချိန်မကျသေးဘူးလို့ ထင်ပြီး အဖြေမ

www.burmeseclassic.com



တောင်းပဲ အချိန်ဆွဲနေတာ၊ ကြိုးရှည်ရှည်နဲ့ စွန့်လွှတ်တဲ့ သဘောမျိုးပေါ့ ခုတော့ သူ့ဘက်က သည်းမခံနိုင်တော့ ပွင့်ထွက်လာပြီ။ အချစ်ရေးမှာ ရန်ကုန်သူတွေ ဘယ်လောက်ပဲ ဟန်ဆောင်တတ်တတ် တာရာနဲ့တွေ့တော့ ခံရပြီ မဟုတ်လား။

"တာရာ…ငါတစ်ခုလောက်မင်းကိုတောင်းဆိုချင်တယ်ကွာ"

"ပြော…သူရိန်၊ ငါ ဘာလုပ်ပေးရမလဲ"

သူရိန်က နင့်သီးကြေကွဲတဲ့ ပင့်သက်တစ်ချက်ကို ရှိုက်ပြီး…

"ငါ သက်ထားရွှေစင်ရဲ့အချစ်ကို မရတော့ဘူးဆိုတာ နားလည်ခဲ့ပါပြီ၊ သူချစ်တာ မင်းတစ်ယောက်ထဲမဟုတ်လား၊ ဒီတော့ မနက်ဖြန် မင်းသွားရင် နောက်ဆုံးအနေနဲ့ ငါဟာ သူ့ကိုဘယ်လောက် ချစ်တဲ့အကြောင်း ဘယ်လောက်မြတ်နိုးတွယ်တာတယ်ဆိုတဲ့ အကြောင်း၊ ဒီနေ့အချိန်ထိ ရည်းစားမထားဘူးတဲ့အကြောင်းကို ပြောပြပေးပါကွာ၊ ငါ့အတွက်တွေ့ဆုံခွင့်ဆိုတာ ရှိတော့မှာမဟုတ်ဘူး၊ ရှုံးနိမ့်သူ တစ်ယောက်ရဲ့နောက်ဆုံးဆန္ဒကို မင်းအနေနဲ့ လိုက်လျောပေးနိုင်မယ် ထင်တယ်"

"စိတ်ချ သူငယ်ချင်း၊ သက်ထားရွှေစင်ဆီက ငါ အဖြေမတောင်းခင်မှာ ဒီအကြောင်း အရင်ပြောပြလိုက်မယ်"

"ကျေးဇူးတင်ပါတယ် တာရာ၊ မင်းတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားရင်လည်း ငါ့အကြောင်းကိုပြောပြီး မရယ်နဲ့နော်"

တာရာ့စိတ်ထဲ ခုတောင် ရယ်ချင်သွားတယ်။ ဒါပေမယ့် မျိုသိပ်ထားလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရိန်ဆိုတာ သက်ထားရွှေစင်နဲ့ ပတ်သက်လို့ နှလုံးသားနဲ့ဘဝတစ်ခုလုံး ရှုံးနိမ့်သွားသူ မဟုတ်လား။

"အားမငယ်ပါနဲ့ သူရိန်၊ မနက်ဖြန်ကျရင် အနည်းဆုံး ဂရုဏာသက်လာအောင် ငါပြောပေးပါ့မယ်"

"ဝမ်းသာတယ် တာရာ၊ မင်းဟာ ငါ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သူငယ်ချင်းကောင်းပဲ"

"မင်းလည်း ငါ့အတွက် အဲဒီလိုပါပဲ သူရိန်ရယ်"



"ငါ သွားတော့မယ် တာရာ"

"စိတ်ညစ်ပြီး အရက်မသောက်နဲ့ဦးနော်"

"အေးပါ"

သူရိန် ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာအမူအယာနဲ့ ထပြန်လာခဲ့တယ်။ လမ်းပေါ်ရောက်တော့ ချက်ချင်းဆိုသလို အမူအယာတွေ ပြောင်းသွားပါတယ်။ မနက်ဖြန် တာရာဟာ သူ့ကို ထောက်ခံလိုက်ရင် ပွဲက သူ့ဘက်ခါဆို သိမ်းပြီ၊ ဘယ်ရမလဲ…သူရိန်ပဲ။ တာရာ့လောက်တော့ ဉာဏ်ပါးလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

တာရာတစ်ယောက် အပီအပြင် ခြယ်သပြီး အေးမြသွယ်အိမ်ကို ထွက်လာခဲ့ပါတယ်။ ဒီနေ့ သက်ထားရွှေစင်ဆီက အဖြေတောင်းရမှာလေ ဒီလိုကျပြန်တော့ သူ့ရှိန်ကိုတောင် အားနာမိသွားပါရဲ့၊ ဒါပေမယ့် တာ တတ်နိုင်မှာလဲ၊ သူမလည်း အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက် ပဲ၊ ရင်ထဲက အချစ်ကို ကြိုက်တဲ့လူပေးမှာပေါ့။ ဒါကို သူ့ရှိန်လည်း နားလည် ထားပါတယ်။

တာရာအတွေးတွေနဲ့ အေးမြသွယ် ခြံရှေ့ရောက်လာပေမယ့် ချက်ချင်းမဝင်သေးပဲ ခြံအကွယ်မှာ အိတ်ကပ်ထဲ ထည့်လာတဲ့ မှန်ဝိုင်း လေးကိုထုတ်ကာ ဖီးထားတဲ့ဆံပင်နဲ့ လိမ်းထားတဲ့မိတ်ကပ် ပုံပျက်သွား သလားလို့ ကြည့်လိုက်ပါတယ်။ အားလုံး ကျေနပ်သွားတော့မှ ခြံထဲဝင် လိုက်တယ်။

"တာရာ...တစ်ယောက်ထဲလား"

တာရာကို မြင်တော့ ရေတိုင်ကီမှာ အဝတ်လျှော်နေတဲ့ အေးမြ သွယ်က လှမ်းမေးလိုက်တာပါ၊ တာရာ မြောက်ကြွ၊ မြောက်ကြွ ဖြစ်သွား ပြီး.....

"အေးပာ...သူ့ရှိန်ကတော့ တိုက်ပွဲကျသွားပြီ ဒါနဲ့ သက်ထား ရှိလား"

"ရှိတယ်...ညှော်ခန်းထဲမှာ တအုပ်ဖတ်နေတယ်"

ဒါ...သူလာမှန်း သိလို့ စောင့်နေတာ ဖြစ်မယ်၊ တာရာ သူ့အတွေး



နဲ့သူ ပျော်သွားတယ်။ ထိုအပျော်တွေနဲ့ပဲ အေးမြသွယ်ကိုကျော်တာ အိမ် ပေါ်တက်လာခဲ့ပါတယ်၊ ခုအချိန်မှာ ဘာကြောင့်မှန်းမသိဘူး တိုယ့်ကို ကိုယ် အရမ်းယုံကြည်နေတယ်။ အိမ်ပေါ်ရောက်တော့ အဆင်သင့်ထိုင်း သက်ထားရွှေစင်ဟာ စာရေးဆရာ လွင်မင်းအံ့ရဲ့အချစ်ဟာသဝတ္ထု "လွန်း လွန်၊ လွန်း" ကိုဖတ်နေတယ်။ ကေန္တ အဲဒီ ဝတ္ထုထဲက မေပျိုလို သုံးမွှာဖူး မွေးချင်လို့ ဖြစ်မယ်။

"အဟမ်း"

တာရာက သူလာပြီဆိုတာ သိစေချင်လို့ ချောင်းဟန့်လိုက်တယ်

"သြော်...ကိုတာရာ...လာလေ"

သူမက မျက်လုံးလေးဝင့်ကာ ပြောတော့ တာရာ မတ်တပ်ကြီး ခေမ့်သွားတယ်၊ လှလိုက်တာ သက်ထားရယ်။ ဘယ်ဘဝက ဆုတောင်း တွေကြောင့် မင်းလေး ဒီလောက်လှနေတာလဲ၊ ပြီးပြည့်စုံတဲ့ အလှပိုင်ရှင် မျိုးဆိုတာ မင်းလေးလို အလှမျိုးကို ပြောတာဖြစ်မယ်။

"ထိုင်လေ...ဘာလုပ်နေတာလဲ"

သူမထပ်ပြောတော့မှ တာရာ မေ့မျောနေရာက သတိပြန်ဝင် လာပြီး ထိုင်လိုက်ပါတယ်။

"သက်ထား"

"ဟင်"

"မနေ့က သက်ထားပေးတဲ့ ပဟေဠိတွေ ကျွန်တော် ရတယ်၊ သိလား...သူ့ရှိန် လာပေးတာ"

"ရှင်"

သူမရဲ့ ပုံစံလေးကိုကြည့်ပြီး တာရာ အရမ်းချစ်မိသွားတယ်၊ ဖြစ်နိုင်မယ်ဆိုရင် တစ်သက်လုံး သူမမျက်နှာလေးပဲ ငေးမော ကြည့်နေချင် ပါတယ်။

"ကျွန်တော် ချောကလက်နဲ့ကော်ဖီမစ် ကြိုက်တာ သက် ထား ဘယ်လိုလုပ်သိလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



“ကိုတာရာ….ဘာတွေပြောနေတာလဲ၊ ကျွန်မ လုံးဝ နားမလည်ဘူး”

ဟာ…ပြဿနာပဲ

တာရာ ခေါင်းကုတ်လိုက်ပြီး…

“မဟုတ်ဘူးလေ…မနေ့က သက်ထားလက်ဆောင် ပေးလိုက်တာ”

“ကျွန်မ ဘယ်သူ့ကိုမှ လက်ဆောင်မပေးဘူး ကိုတာရာ”

“ဟင်”

တာရာ မျက်လုံးပြူးသွားတယ်။ သူမကို ကြည့်လိုက်တော့ သူ့ကို နောက်နေတဲ့ ပုံမပေါ်ပေ၊ ဒါဆို သူရိန်ယူလာတာ ဘယ်ကလဲ၊ ပြောတော့ သက်ထားရွှေစင်က ပေးလိုက်တာတဲ့၊ အခု သူမကမပေးဘူး ဆိုတော့ လမ်းကကောက်လာတာလား၊ ဒီလောက်ကြီးတဲ့ အထုတ်ကို ဘယ်သူမှ မကျန်ရစ်ခဲ့လောက်ပါဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ အဖြေတော့ ရှိရမယ်။

“သက်ထား…တကယ်မပေးဘူးလား”

“အို…မပေးပါဘူးဆို”

“ဒါဆို…မနေ့က ဒီကို သူရိန်လာသေးလားဟင်”

“အင်း…လာတယ် ကိုတာရာအကြောင်းတောင် ကျွန်မကို ပြောပြသွားသေးတယ်”

ဒါဆို သေချာပါပြီ။ သက်ထားပေးလိုက်တာပါ၊ ရှက်လို့ ခပ်တည်တည်နဲ့ ဝန်မခံတာဖြစ်မယ်။ အံ့မယ်…ကြည့်ပါလား၊ သူနဲ့ မျက်လုံးချင်းဆုံမှာ စိုးလို့တောင် နည်းနည်းလေးလွှဲသွားတယ်။ ကောင်မလေး ရှက်နေပြီ ရှက်နေပြီ၊ ဒီက ကိုတာရာကြီးက သူ့ကိုချစ်လို့ လက်ဆောင်ပေးတာကို ဖွင့်ပြောလိုက်လို့ ရှက်နေပြီး သူကလည်း မသိချင်ယောင်ဆောင်ပြီး မျိုသိမ့်လိုက်ရင် ကောင်းသား၊ ခုလည်းရပါတယ်။ အရှက်ပြေအောင် စကားလွှဲလိုက်ပါ့မယ်။

“သူရိန် ပြောခဲ့တာတွေအားလုံး အမှန်ပဲ သက်ထား၊ ကျွန်တော့်မှာ သူရိန်စကားအတိုင်း ဖြစ်နေတာပါ”



“အင်းလေ…ကိုတာရာဘက်က အဖြစ်မှန်တစ်ခုကို ဝန်ခံတော့ ကျွန်မက ခွင့်လွှတ်ရမှာပေါ့၊ ကိုသူရိန်သာ မပြောရင် ဒီအကြောင်း အရာတွေ ကျွန်မသိမှာ မဟုတ်ဘူး”

“ဟုတ်ကဲ့…ကျွန်တော့်ကိုလည်း သူရိန်က ပြန်ပြောတယ်၊ သက်ထားကို ကျွန်တော် ဖြစ်ပျက်ခဲ့တာတွေ အားလုံးပြောခဲ့တယ်တဲ့၊ အဲဒီအတွက်ပဲ သူရိန်ကို ကျေးဇူးတင်နေရတာ”

“အဟင်း…ကိုတာရာက ကျေးဇူးတရားသိတတ်သားပဲ၊ ဒါနဲ့ မနေ့က ကောင်မလေးတစ်ယောက်ကို ရည်းစားစကား ပြောလိုက်တာ အဆင်ပြေရဲ့လား”

“ဗျာ”

“ကိုတာရာက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့တယ် ဆိုပေမယ့် ပြင်ဆင်ချိန် အများကြီး ရှိပါသေးတယ်”

“ဟာ”

“ဒါပေမယ့် ကိုတာရာ့အမျိုးသမီးက AIDS ရောဂါနဲ့ သေတာ ဆိုတော့ သွေးစစ်ကြည့်ဦးနော်”

“ဒါ…ဒါ…ဘယ်သူပြောတာလဲ”

“ဟော…ကိုတာရာက တော်တော်နောက်တာပဲ၊ ကိုသူရိန် ပြောခဲ့တာလေ၊ အရက်တွေလည်း ညတိုင်းမသောက်ပါနဲ့၊ အခု ကိုတာရာ နေနေတဲ့ အိမ်နဲ့ခြံကလည်း ကိုသူရိန်တို့ဆီမှာ ပေါင်ထားတာဆို”

“သူရိန်က အဲဒီလို ပြောတာလား သက်ထား”

“ဟုတ်တယ်”

“ကျွန်တော့်ကိုပြောတော့ အဲဒီလိုမဟုတ်ဘူး”

“အဲဒါတော့ ကျွန်မ မသိဘူး၊ စောစောက စကားကတော့ ကိုသူရိန်ပြောခဲ့တာ အမှန်ပဲ”

“ဟင်”

တာရာ နားလည်လိုက်ပါပြီ၊ တကယ်တော့ သူဟာ သူရိန်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လုတ်မာပက်စက် ဒန်အိုးဖုံးလောက်တောင်မှ ဇောက်မနက်တဲ့ အကြံအစည် ပရိယာယ်ထောင်ချောက်ထဲကို ကျွန်းထိုးမှောက်ခုံ သက်ဆင်းမိသွားတာ။ ဒါဆို သက်ထားပေးနိုင်းတယ်ဆိုပြီး သူ့ဆီယူလာတဲ့ လက်ဆောင်ပစ္စည်းတွေနောက်မှာ အကြံအစည်တစ်ခုခု ရှိလိမ့်မယ်။ ဟင်း…ခွေးထက်မိုက်ရိုင်းတဲ့ကောင် ခွေးလိုအူတဲ့အကောင်။

"သူရိန်စကားကို သက်ထားယုံလား"

"ပထမတော့ မယုံပါဘူး၊ ကိုတာရာဝန်ခံလိုက်တော့မှ ယုံသွားတာ"

"သေပါပြီ"

တာရာ နဖူးကို လက်ဝါးနဲ့ရိုက်လိုက်မိတယ်။ သွားပြီ သူ့ရဲ့မျှော်လင့်ချက်တွေအားလုံး မြေမြှုပ်ပစ်လိုက်ရပြီ၊ ဒီအခြေအနေအတိုင်းဆို ဘယ်လိုလုပ်ပြီးအဖြေတောင်းမလဲ၊ တောင်းတော့ရော သူမက ချစ်တယ်လို့ ပြောမှာတဲ့လား၊ မဟုတ်တဲ့အကြောင်းအရာကို သူရိန့်စကား ယုံမိလို့ အလိုလိုဝန်ခံမိရဲ့သားဖြစ်သွားပြီ။ အခုအချိန်မှာ မဟုတ်ဘူးလို့ငြင်းလည်း တစ်ရှက်ကနေ နှစ်ရှက်ဖြစ်သွားလိမ့်မယ်၊ အို..မထူးပါဘူးလေ၊ မစင်တွင်းထဲ ကျမှတော့ အဖော်လေးနဲ့ဆို အပျင်းပြေတာပေါ့၊ ဒီတော့ သူရိန်ကိုပါ ဆွဲခေါ်ရမယ်။ မှတ်ကရော…။

"သူရိန်လေ…ဒီကောင်က ပိုဆိုးတယ် သိလား"

"ဟုတ်လား ပြောစမ်းပါဦး"

"ပြောမယ်…ပြောမယ်…စိတ်ချ၊ဒီကောင်တွေတစ်မျိုးလုံးက အရူးတွေချည်ပဲ၊ မွေးထဲက ဝမ်းတွင်းရူးလာတာ၊ နေ့ခင်းဘက်ကျရင် အကောင်း ညဘက်ကျရင် တခွီးခွီး မြောက်လိုအော်နေရတာ ပြီးတော့ မိန်းမတွေလည်း အများကြီးယူတယ်။ သူ့အဘိုးဆို မိန်းမ သုံးယောက်၊ သူ့အဖေက မိန်းမခုနစ်ယောက်၊ သူက ဆယ်ယောက်ယူမယ်လို့ ပြောတယ်။ သက်ထားကို သူချစ်တယ်ဆိုတာ ညာတာ၊ ခု လောလောဆယ် သူရိန့်မှာ ရည်းစားနှစ်ယောက်ရှိတယ်။ တစ်ယောက်က ကွမ်းယာရောင်းတဲ့ကုလားမ



သမီး ဥမ္မာဝင်း၊ နောက်တစ်ယောက်က အကြော်ရောင်းတဲ့ ခင်မိုးဦး၊ နောက်လည်းကြောင်ထားတာတွေ အများကြီးပဲ၊ ဒီကောင်တွေမျိုးရိုးက မိန်းမတွေသာ အများကြီးယူတာ၊ ဘယ်တော့မှ အတည်တကျ ပေါင်းတာ မဟုတ်ဘူး၊ ပိုက်ဆံချမ်းသာတယ်ဆိုပြီး ငွေနဲ့ရှင်းရှင်းပစ်တာ၊ သူရိန့်မှာတောင် လူမသိ သူမသိ ကလေးနှစ်ယောက်ရှိတယ်၊ ဒီကောင် လစဉ်နို့ဖိုး ထောက်ပံ့နေရတာ"

တာရာ စကားစကို သပ်ပြီး မိတ်ကပ်များ ပျက်သွား ပြီလားလို့ မျက်နှာကို ပွတ်ကြည့်လိုက်တယ်၊ အိုကေ…ကာပ်စီးစီးနဲ့ဆို လုံးဝ မပျက်သေးဘူး။

"ဒါဆို ကိုသူရိန်က တော်တော်ဆိုးတာပဲနော်"

"ဟာ…မပြောနဲ့…မပြောနဲ့…ဒီကောင်က မိန်းမတစ်ယောက်သုံးပြီး ကလေးတစ်ယောက်ရတိုင်း ထားခဲ့တာ၊ အရူးမျိုးမို့လို့ပဲ"

"ကျွန်မဆီက အဖြေတောင်းထားတယ်၊ အဲဒါ ကျွန်မက ကိုတာရာ ထောက်ခံပေးရင် စဉ်းစားမယ်လို့ ပြောလိုက်တယ်"

"မထောက်ခံနိုင်ဘူး…လုံးဝမထောက်ခံနိုင်ဘူး၊ မစဉ်းစားနဲ့ သက်ထားမှားသွားလိမ့်မယ်၊ အရူးမျိုး၊ ညဘက်ဆို တခွီးခွီးနဲ့ မြောက်လိုအော်တာ"

တာရာပြောပြီးမှ သူရိန့်ရဲ့အကြံအစည်ကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရတယ်။ တောက်…သူကတော့ အဟုတ်မှတ်လို့ သနားလိုက်ရတာ၊ လက်စသတ်တော့ လက်ဆောင်ပစ္စည်းဆိုတာ ပရိယာယ်ရဲ့ မာယာဆင်ဖို့ ဝယ်လာတာကိုး၊ တော်တော်အကြံပိုင်တဲ့ သူရိန်၊ တစ်ချက်ခုတ် ဆယ်ချက်ပြတ်အောင် လုပ်တာ၊ တော်သေးတာပေါ့၊ သူမ ထောက်ခံမိလို့ နို့မို့ဆိုရင် သေပြီ။

"ကိုတာရာပြောတာနဲ့ ကျွန်မတောင် ကြောက်လာပြီ၊ နဲကုန် အမြန်ပြန်ပြေးရင် ကောင်းမယ်"

"ဟာ…အကောင်းဆုံးပဲ သက်ထား၊ ပြန်…ပြန်"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားသူရိန်၊ ငါလည်းမင်းလိုပဲ ပါးစပ်ရှိတယ်။ မစားရတဲ့အမဲသဲနဲ့ပတ်တာ မဟုတ်ဘူးကွ၊ မြေကြီးတူးပြီး မြှုပ်ပစ်တာ၊ မင်းဘာတတ်နိုင်သေးသလဲ၊ ဟင်း...ဟင်း...ဟင်း...။

"ကျွန်မပြန်ရင် ကားဂိတ်ကို လိုက်ပို့မှာလား"

"ဟာ...ပို့ရမှာပေါ့"

"ဝမ်းသာပါတယ် ကိုတာရာ၊ အချိန်ရရင် ဆေးရုံသွားပြီး သွေးစစ်ကြည့်ဦး"

"ဟာ...ကျွန်တော် ပြန်တော့မယ်"

"နေပါဦးလား"

"ဟင့်အင်း...နေတော့ဘူး၊ ကိစ္စရှိလို့"

တာရာညာပြောပြီး သူမရှေ့ကနေ အမြန်ထထွက်လာခဲ့တယ်။ စိတ်ထဲမှာတော့ တနုံ့နုံ့နဲ့ တန်ပြန်ကလဲ့စားချေခြင်းဆိုတာ ရှိခဲ့ပေမယ့် HIV ရှိမှာပဲလို့ အထင်ခံရတာတော့ လုံးဝမကျေနပ်ပါ။

ဒါ သူရိန်ကြောင့်...



## အခန်း(၁၁)

ဟင်း...

သုတတိတ်တိတ်ကလေး သက်ပြင်းချလိုက်ပါတယ်

သူရိန်နဲ့တာရာ မျက်နှာမှာတော့ ဒေါသတွေနဲ့ ပြဿနာ တစ်ခုရဲ့ အဆုံးအဖြတ်ပွဲမှာ သူက နိုင်လူကြီးပါ၊ ဒါပေမယ့် နိုင်လူကြီး ကိုယ်တိုင်ရင်ထဲမှာ နင့်နေအောင် ခံစားရတာ ဘယ်သူသိမှာလဲ၊ ဘဝမှာ အမည်သိတဲ့ကောင်မလေးတစ်ယောက်ကိုစပြီးခင်ခဲ့တယ်။ ပြီးတော့မဟုဆိုတဲ့ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့တယ်။ ဟိုးအရင်ထဲက မဟုဟာ သက်ထားရွှေစင်လို့ သိခဲ့ရင် သူ့ရဲ့နှလုံးသားကို အလိုလိုက် ခဲ့မိမှာ မဟုတ်ဘူး။ ခုတော့ ပြင်ဆင်ခွင့်မရှိတဲ့ ဝတ္ထုတစ်ပုဒ်ကို ထုတ်လုပ်သူက စာဖတ်သူ့ရဲ့သတ်လက်ထဲ ထည့်လိုက်သလို အမှားအယွင်းများစွာနဲ့ ဘဝဟာ ပြီးဆုံးခဲ့ပြီ။

"မင်း ဘယ်လိုဆုံးဖြတ်မလဲ သုတ၊ ဒီကောင် အရင် စည်းအောက်ခဲ့တာ၊ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး ဘာမှဆက်လုပ်လို့ မရတော့ဘူး"

"အတူတူပါပဲကွာ...မင်းလည်း ငါ့ မကောင်းကြောင်း ပြောခဲ့တာပဲ မဟုတ်လား၊ ကိုယ့်ဘာသာ လက်ဆောင်ပစ္စည်းရတာကိုများ ငြိမ်ငြိမ်နေပဲ သွားပြောရတယ်လို့ ခုတော့ ဗိုဗိုပြင်ပြင် ကြဲစည်ထားတာတွေ ပျက်ကုန်ပြီ"

"ဘယ်သိမလဲကွ၊ ငါက မင်းစကားကို ယုံမိတာကို"

www.burmeseclassic.com

www.burmeseclassic.com



"ယုံလည်း ရင်ထဲမှာထားပေါ့၊ ပြီးရင် ငါ့ကိုထောက်ခံလိုက် ဒါဆို အေးအေးဆေးဆေး ပြီးသွားမယ့်ဟာကို"

"မင်းပါးစပ် ပိတ်ထားစမ်း သူရိန်၊ တကယ်ဆို ငါနဲ့အဆင် ပြေခါနီးကာမှ မင်းဝင်ရှုပ်လိုက်တာ"

"ဟား...ဟား...ဟား ရယ်စရာကြီးကွာ၊ ဟိုက မင်းလို လူမျိုး ကို ကြိုက်လိမ့်မယ် အာကြီးကြီး"

"ဘာကွ...မင်းထက် ငါအများကြီးသာတယ်"

"ဟေ့ကောင်...သက်ထားရွှေစင်က ရုပ်ချောတဲ့လူဆိုရင် မကြိုက်ဘူးကွ၊ မယုံကြည့်...သူယူမယ့်ယောကျ်ားက ငါ့လို ရုပ်ဆိုးဆိုးလေး ဖြစ်လိမ့်မယ်၊ မှတ်ထား တာရာ၊ သူရိန်ဆိုတဲ့ကောင် ဘာကြောင့် ရုပ်ဆိုး သလဲဆိုရင် သက်ထားရွှေစင်ကြိုက်အောင် အမေက လုပ်ပေးထားတာ"

"ရာရာ စစ ကွာ"

"သူရိန်ဆိုတာ နေမင်းပါကွာ၊ ကြားဖူးတယ် မဟုတ်လား ငါ့နာမည် သူရိန်...အပူရှိန်ကို ငါမှုတဲ့"

"ဒါဆို ငရဲပြည်ကို သွားလိုက်လေ"

"သက်ထားရွှေစင်နဲ့လား၊ ငရဲပြည်တင် မဟုတ်ဘူး၊ ကာလပ် လည်း တက်ရဲတယ်"

ဒီတစ်ခါတော့ တာရာတစ်ယောက် သူရိန်ကို ဘယ်လိုမှ စကား ပြောလို့မနိုင်တော့ပေ၊ ထို့ကြောင့် မှုန်ကုတ်ကုတ်မျက်နှာနဲ့ သုတကို လှည့် မေးလိုက်ပြန်တယ်။

"သုတ...ဘာဆက်လုပ်ရမလဲ၊ အကြံပေးစမ်းပါဦးကွာ"

တာရာ့မေးခွန်းကြောင့် သုတ ပိုပြီးငိုင်သွားပါတယ်။ တာရာက မေးပြီး ဘာဆက်လုပ်ရမလဲတဲ့ ဒီမေးခွန်းကို သူ့ကိုယ်သူလည်း ပြန်မေး ချင်ပါတယ်၊ သုတ...မင်း သက်ထားရွှေစင်နဲ့ပတ်သက်ပြီး ဘာဆက် လုပ် မလဲ၊

"သူရိန်"



တာရာက ငြိမ်သက်နေတဲ့ သုတကိုကြည့်ပြီး သူရိန့်ဘက် ပြန် လှည့်လိုက်တယ်။

"ဘာလဲ"

"မင်းစကားတွေ နောက်တာပါလို့ သက်ထားရွှေစင်ဆီမှာ သိုက်ဝန်ခံပေး"

"ဟာ...ဘယ်ဖြစ်မလဲ၊ ငါ့ကို အမျိုးမျိုးပြောတဲ့လူလို့ ထင် မှာပေါ့"

"မင်းကွာ"

တာရာ အံကြိတ်လိုက်ပါတယ်။ ထိုအချိန်မှာပဲ သုတ လှုပ်ရှားလာ ဘယ်။ သူက ရင်တွင်းခံစားချက် ဝေဒနာကို ဘယ်သူမှမသိအောင် ဖုံးကွယ် ရင်းနဲ့...

"မင်းတို့နှစ်ယောက်ကို ငါပြောမယ်၊ တကယ်တော့တစ် ယောက်နဲ့တစ်ယောက် မညီညွတ်လို့ ဒီလိုဖြစ်ကြတာ၊ ခုတော့ သက်ထား ရွှေစင်ကြောင့် မင်းတို့နလုံးသားတွေ ဒဏ်ရာရကုန်ပြီ မဟုတ်လား၊ ဒါ ကြောင့် သက်ထားရွှေစင်နဲ့ပတ်သက်ပြီး ဒီအတိုင်းသာ ထားလိုက်တော့၊ အချိန်တန်ရင် အိမ်ပြန်ရမယ့် လူတစ်ယောက်အပေါ်မှာ သံယောဇဉ်တွေ အလွန်အကျွံဖြစ်သွားရင် ဒီထက်မက ခံစားရလိမ့်မယ်"

"မင်းပြောတာမှန်တယ် သုတ၊ ဒါပေမယ့်ငါက မျှော်လင့်ချက် ဆိုတာကို မသေမချင်း ရှင်သန်ချင်သေးတယ်ကွာ၊ တကယ်လို့ ဆယ် တန်းအောင်ပြီး ရန်ကုန်မှာ ကျောင်းသွားတတ်ရင် သက်ထားရွှေစင်နဲ့ ဘက္ကာသိုလ်မြေမှာ ပြန်ဆုံနိုင်တယ်"

သူရိန်က ရှင်သန်နေဆဲ မျှော်လင့်ချက်တွေနဲ့ပြောတော့ သုတ ခေါင်းခါယမ်းလိုက်ပြီး....

"မဖြစ်နိုင်ဘူး သူရိန်၊ ရန်ကုန်ဆိုတာ အကျယ်ကြီး ငါ ရောက်ဖူးတယ်၊ ပြီးတော့ တက္ကသိုလ်ဆိုတာလည်း အများကြီးပဲ"

"ဒါလည်း ဟုတ်တာပဲ"

www.burmeseclassic.com



သူရိန်ပြန်ပြီး ငြိမ်သက်သွားတယ်။ အဲဒီအချိန်မှာ တစ်စခန်း ထလာသူက တာရာပါ…။

"သုတာ…သတင်းစာထဲထည့်ကြော်ငြာရင်ကော မဖြစ်နိုင်ဘူးလား၊ ဥပမာကွာ ငါတို့ရန်ကုန်ရောက်နေပြီ၊ သက်ထားရွှေစင် အမြန်ဆုံးလာတွေ့ပါ၊ ဘာညာကွိကွပေါ့၊ ဒါဆို ပိုအစဉ်ပြေနိုင်တယ်နော်"

"အဓိပ္ပါယ်မရှိတာကွာ၊ သတင်းစာ ကြော်ငြာခ.က သောင်းဂဏန်းပေးရတာ မင်းဘယ်နှစ်ရက် ထည့်နိုင်မှာလဲ"

"မသိဘူးကွာ…စိတ်ရှုပ်တယ်…သွားမယ်"

တာရာ စိတ်ပျက်စွာနဲ့ လက်ဖက်ရည်ဆိုင်ထဲမှ ရုတ်ချည်း ထွက်သွားတယ်။ မြင်ကွင်းထဲကပျောက်သွားတော့မှ သူရိန်က စိတ်မကောင်းတဲ့လေသံနဲ့ ပြောလိုက်တယ်။

"ဒီကောင်…သက်ထားရွှေစင်ကို အရမ်းချစ်တာ"

"မင်းလည်း မချစ်ဘူးလား"

"အဲဒါပြောမလို့ကွ၊ ဒီကောင် သက်ထားရွှေစင်ကို ချစ်တယ်ဆိုတာ ငါတစ်ဝက်တောင် မမှီဘူး"

"အေး…ဒါဆို မှတ်ထား၊ တကယ်ဆို အချစ်က ဘာမှမဟုတ်ဘူး၊ ဒီဗိုင်းကို မင်းရှင်းလိုက်"

"အင်"

သုတာပါထထွက်သွားတော့ သူရိန်တစ်ယောက်ထဲ ကျန်ခဲ့တယ်။ အဲ…အဖော်အဖြစ် စားပွဲပေါ်မှာ သောက်ပြီးသား လက်ဖက်ရည်ခွက်တွေနဲ့…

"ဟေ့…တစ်ယောက်လာစမ်း"

"လာပြီ…အစ်ကို"

သူရိန်ခေါ်လိုက်တော့ စားပွဲထိုးလေး တစ်ယောက် ပြေးလာပါတယ်။

"ဘယ်လောက်ကျသလဲ"

သူရိန်မေးတော့ စားပွဲထိုးလေးက ကျသင့်ငွေကိုတွက်ပြီး…



"ရှစ်ရာ့ငါးဆယ် အစ်ကို"

"အေး…တကယ်တော့ အချစ်က ဘာမှမဟုတ်ဘူး၊ ရှစ်ရာ့ငါးဆယ်ကို မှတ်ထားလိုက်"

"ဗျာ"

သူရိန် ရှင်ပေးပြီး ဆိုင်ထဲက ထွက်လာခဲ့တယ်။ ဆိုင်အပြင်ရောက်တော့ ဘယ်သွားရင် ကောင်းမလဲလို့ စဉ်းစားလိုက်တယ်။ နောက်ဆုံး သက်ထားရွှေစင်ဆီသွားရန် ဆုံးဖြတ်လိုက်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး မျှော်လင့်ချက်တွေ မကုန်ဆုံးသေးလို့ပါ။

တာရာပြောတဲ့စကားကို သက်ထားမယုံပါစေနဲ့…

သူ့ကို တိတ်တခိုးနဲ့ ချစ်နေတာဖြစ်ပါစေ…

သူရိန် အတွေးတွေနဲ့ လမ်းလျှောက်လာရင် အိတ်တစ်လုံးနဲ့ အေးမြသွယ်ကို မြန်းဆိုတွေ့လိုက်ရလို့ ခြေထောက်က တိခနဲ့ အလိုလို ရပ်သွားပါတယ်။

"ဟဲ့…အေးမြသွယ်"

"ဟယ်…အတော်ပဲ…ငါ့ကို ကူသယ်ပေးစမ်းပါ"

"နင်…ဘယ်သွားမလို့လဲ"

သူရိန့်စိတ်ထဲ ထူးဆန်းသွားလို့ မေးမိတာပါ၊ ဒါကို ဂျပုမက တစ်တောင်လောက်ရှိတဲ့ အရပ်နဲ့ မော့ကြည့်ပြီး…

"နင် တော်တော်ရှည်တာပဲ။ ငါက အရမ်းရှည်ရင် မကြိုက်ဘူး ဒီမှာ အရေးအရမ်းကြီးနေတယ်ဆိုတာ မသိဘူးလား"

"အေးပါဟာ…သိ…သိပါတယ်"

"သိရင် မရှည်နဲ့ ဖြတ်ပစ်လိုက်မယ်"

"ဟာ…ဘာ…ဘာကိုပြောတာလဲ"

"လေကြော…လေကြော…တကတည်းမှပဲ အရွှေးကချော် နေပြန်ပြီ၊ ရော့…အိတ်…သွားမယ်၊ မြန်မြန်လာ၊ အချိန်က သိပ်ရှိတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

**အေးမြသွယ်က** သူရိန့်ကို အိတ်ပေးခဲ့ပြီး ရှေ့ကနေ ကော့ပျံလန် **အောင် ဆက်တောင့်၊** ဆက်တောင့်နဲ့ လျှောက်သွားတယ်။ ဒီတော့ သူရိန် လည်း **ဘာမှန်း** ညာမှန်း မသိဘဲ အိတ်ဆွဲပြီး နောက်ကနေ လိုက်လာခဲ့ရ **တာပေါ့။** ဒီလိုနဲ့ တော်တော်လှမ်းလှမ်းကို ရောက်တဲ့ အခါမှာ "ငှား"ခနဲဆို ဆိုင်ကယ်တစ်စီးနဲ့ လူငယ်တစ်ယောက်လာပြီး အေးမြသွယ် ဘေးနားမှာ ထိုးရပ်လိုက်တယ်။

"သွယ်"

"ဟယ်…ကို"

"သွားကြမယ်"

"အင်း"

အေးမြသွယ် ခေါင်းညိတ်ပြီး သူရိန်ဆီက အိတ်ကိုတောင်းလိုက် တယ်။

"သူရိန်…ပေး…အိတ်…ရပြီ"

အေးမြသွယ်က သူရိန် အလေးခံပြီး သယ်လာတဲ့ အိတ်ကိုယူပြီး ဆိုင်ကယ်နောက်မှာ တတ်ထိုင် လိုက်ပါတယ်။ အဲဒီအချိန်ထိ သူရိန်ဘာမှ နားလည်နိုင်စွမ်းမရှိသေးချေ။

"သူရိန်"

"ဟင်"

"ကျေးဇူးပဲ…သိလား…ငါ ခိုးရာလိုက်သွားပြီ၊ တာ့…တာ့"

"ဟာ"

သူရိန်တစ်ယောက် ဆိုင်ကယ် မောင်းသွားမှ တိတိကျကျကြီး သဘောပေါက်သွားပါရဲ့….



## အခန်း(၁၂)

"ဟင်…မေမေ…သတင်းက သေချာလို့လား"

သုတစိတ်ထဲမှာ မေမေ့စကားကို မယုံနိုင်လွန်းလို့ထပ်မေးလိုက် မိတာပါ။ ဒေါ်စံပယ်က

"သေချာတယ် သား၊ သူရိန့်ကိုရဲတွေလာဖမ်းတာ ရပ်ကွက် ထဲက လူတော်တော်များများ မြင်ကြတယ်"

"ဒီကောင်…ဘာပြဿနာ ရှာတာလဲ"

"အေးမြသွယ်…ခိုးရာလိုက်တာကို အားပေးကူညီလို့တဲ့၊ ကောင်မလေးမှာ ရွှေတွေအများကြီး ပါသွားတယ်၊ပြီးတော့အသက် လည်း ပြည့်သေးဘူး၊ အဲဒါတွေ အားလုံးပေါင်းပြီး အားပေးကူညီမှုနဲ့ တိုင်လိုက် တာ"

"အခု သူရိန် အချုပ်ထဲမှာလား"

""ဟုတ်တယ်…သူမိဘတွေကတော့ ညှိနှိုင်းနေကြတယ်"

""ဒါဆို သားသွားလိုက်ဦးမယ် မေမေ"

မိခင်ကို ခွင့်တောင်းပြီး သုတအပြင်ထွက်လာခဲ့တယ်။ စိတ်ထဲ မှာတော့ တကယ်မကောင်းပါ၊ ဒီကိစ္စကို တာရာနဲ့လပြည့်တို့ သိဦးမှာ မဟုတ်သေးပေ၊ ဒါကြောင့် သူတို့ကိုခေါ်ပြီး သူရိန်ဆီသွားရန် ဆုံးဖြတ် လိုက်တယ်။

လပြည့်ဆီ ရောက်တော့ အိမ်ဘေးမှာ သစ်ပင်ပေါက်စလေးကို ပေါင်းလောင်းနေတာ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လပြည့်"

သုတခေါ်လိုက်တော့ လပြည့်က ရေလောင်းနေရင်းနဲ့ မော့ကြည့်တယ်။

"မင်း ဘာလုပ်နေတာလဲ"

"အတွင်းအားကောင်းတဲ့အပင် စိုက်နေတာကွ"

သုတ စိတ်ပျက်ပျက်နဲ့ လပြည့်ဘေးနားထိုင်လိုက်ပြီး အပင်လေးကို ကြည့်လိုက်တယ်။ သူမြင်ကွင်းထဲမှာတော့ အတွင်းအားကောင်းတဲ့ အပင်ဆိုပေမယ့် ဒန့်ရွဲပင်နဲ့ တူသလိုပဲ။

"လပြည့်"

"ဟင်"

"အားလုံး ရှုပ်ကုန်ပြီ သိလား"

"ဟိုမှာ ပေါက်တူးထောင်ထားတယ်၊ ရှင်းလိုက်လေ"

"ဟာ...မဟုတ်ဘူး"

"ဟုတ်ပါတယ်...ငါ့ကို မျိုးပေးတဲ့လူ ဗိုလ်ကြီး ကိုကြည်မင်းကဒီအပင် ဟာ အတွင်းအား အရမ်းကောင်းတယ်လို့ အာမခံထားတယ်"

"ဟာ...ငါက မင်းရှုပ်သူအကြောင်း ပြောနေတာ"

"ခုမှ ငါကျင့်နေတုန်းပဲ သုတ"

ဒီကောင်ရူး သူထင်ရှစ်သလို ထင်နေပါလား။

"မဟုတ်ရဲ့နာမည်ရင်းက သက်ထားရွှေစင်ကွ"

"အဲဒါ ဘာဖြစ်လဲ"

"သူ့ရိန်နဲ့တာရာ ကြိုက်နေတာလည်း သက်ထားရွှေစင်"

"မဖြစ်နိုင်တာကွာ"

"တကယ်ပြောတာ လပြည့်၊ ဒါကြောင့် ရှုပ်ကုန်ပြီလို့ ငါပြောတာ"

"သူတို့က ကောင်မလေးရဲ့ သိုင်းပညာကို ယှဉ်နိုင်လို့လား"

"မသိဘူး...ခုလာလောဆယ်တော့ သူ့ရိန်အချုပ်ထဲမှာ"



"ငါထင်သားပဲ၊ ဟိုကအကြောပိတ်ပြီး အချုပ်ထဲထည့်လိုက်တာပေါ့"

သုတ အသေးစိတ်ရှင်းပြမနေတော့ပေ၊ ဒီအရူးက သူထင်ချင်သလို ထင်နေတာ၊ ဒီတော့ ဒီအတိုင်းသာ ရှိပါစေတော့။

"ငါ သွားတွေ့မလို့ မင်းကိုလာခေါ်တာ လပြည့်"

"ဘာလဲ အကြောပြန်ဖွင့်ခိုင်းမလို့လား၊ ဒါဆို သွားကြမယ်"

လပြည့်အားတတ်သရောနဲ့ ထလိုက်လို့ သုတ ပုခုံးတွန့်မိသွားတယ်။ ဟုတ်တယ်လေ...ပုံစံက ချက်ချင်းပဲ အကြောဖွင့်ရှာလိုက်လို့ သိုင်းဆိုးဆိုလို ပုံဖမ်းလိုက်တော့ ပုခုံးတွန့်မိသွားတာပေါ့။

ဒီလိုနဲ့ တာရာအိမ်ရောက်တော့ အဆင်သင့်ပဲ တွေ့ရတယ်။

"မင်းတို့နှစ်ယောက် ဘာလာရှုပ်တာလဲ"

တာရာက တွေ့တွေ့ချင်း ခနဲ့လိုက်ပေမယ့် သုတစိတ်ထဲ ဘယ်လိုမှ မခံစားရပေ၊ သူငယ်ချင်းတွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် အထော်အငေါ့လေးတွေ ရှိစမြဲပါ၊ ဒါကို ဖွယူရင် ယူတဲ့ လူက အမှားပဲ၊ ဒီတော့ ဥပေက္ခာပြုပြီး လာတဲ့ကိစ္စကို ပြောပြလိုက်တယ်။

"သူ့ရိန် အချုပ်ထဲမှာ ရောက်နေတယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"အေးမြသွယ်...နိုးရာလိုက်တာကို ပို့ပေးလို့တဲ့"

သုတကြားရသမျှ အကုန်ပြောပြတော့ တာရာ သဘောပေါက်သွားတယ်။

"မထင်ဘူးကွာ...ဒီဂျပုမ အခနေအထိုင် အတော်ပိရိတာပဲ၊ ဘယ်အချိန်ထဲက ရည်းစားရနေတာလဲ၊ ငါတို့ လုံးဝမရိပ်မိဘူး"

"အေးလေ...မင်းတို့လို နေ့တိုင်းနီးပါး သွားနေတဲ့လူတောင် မရိပ်မိဘူးဆိုတော့ ငါတို့က အဝေးကြီးပေါ့"

"တောက်...ခတ်တော် ခုကူပေးတဲ့ ညီအစ်မ၊ သူတို့ ကျတော့ လင်ယူတာ လွယ်လိုက်တာ၊ ရေးထဲသွားပြီး ဆီဝယ်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ကွာ...သူလည်း ပျိုလာတော့မှာမှ မဟုတ်တော့တာ၊ အခု သူရိန်ဆီ သွားကြမယ်"

"အေး...သွားမှကောင်းမှာ၊ တော်ကြာ တစ်သက်လုံး ပြောစရာဖြစ်နေဦးမယ်"

ဒီလိုကျတော့လည်း သူရိန်ပတ်သက်ပြီး အပြစ်မြင်မှာ ကြောက်သားပဲလို့ သုတ တွေးလိုက်မိတယ်။

ထို့နောက် သူတို့သုံးယောက် ရဲစခန်းကို ဆိုက္ကားငှားပြီး စီးလာခဲ့တယ်။ သူရိန့်သတင်းရဲ့ပြန့်ပွားမှုက မြန်သလားမမေးနဲ့ ဆိုက္ကားဆရာတောင် သိနေပြီ။

ရဲစခန်းထဲဝင်လိုက်တော့တာဝန်ကျရဲတပ်သားတစ်ယောက်က လေသံမာမာနဲ့ ဆီးမေးလိုက်တယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ...ဘာကိစ္စလဲ"

သုတလည်း တာဝန်ရှိတဲ့လူရှေ့မှာဆိုတော့ ကြောက်ကြောက်ရွံ့ရွံ့နဲ့

"ဟို...ကျွန်တော်တို့ သူရိန်နဲ့တွေ့ချင်လို့ပါခင်ဗျာ၊ ကျေးဇူးပြုပြီး တွေ့ခွင့်ပေးပါနော်"

"သြော်...တရားခံ အချုပ်သားကို တွေ့ချင်လို့ကိုး"

"ဟုတ်..ဟုတ်ကဲ့ ခင်ဗျာ"

"ဒါဆို တာဝန်မှူးဆီမှာ တွေ့ခွင့်တောင်းလိုက်"

"တာဝန်မှူး ဘယ်မှာလည်း ခင်ဗျာ"

"ဟိုမှာ"

ရဲတပ်သားညွှန်ပြတဲ့နေရာကို ကြည့်လိုက်တော့ ဒုရဲအုပ် ထိုအောင်ကျော်မိုးကို တွေ့လိုက်လို့ သုတ ဝမ်းသာသွားတယ်။

"အစ်ကို"

သုတခေါ်သံကြောင့်ဒုရဲအုပ်ကိုအောင်ကျော်မိုးက စာရေးနေရာမှ မော့ကြည့်တယ်။ သုတကို မြင်တော့ မျက်နှာပြုံးသွားတယ်။



"ညီလေး ဘာကိစ္စလဲ"

"ကျွန်တော်တို့ သူရိန်နဲ့ တွေ့ချင်လို့ပါ အစ်ကို"

"အေးကွ...အစ်ကိုလည်း ဒီကောင် အထဲရောက်နေတာ တွေ့တော့ အံ့သြသွားတယ်"

"ဟုတ်ကဲ့...အစ်ကိုလိုပဲ ကျွန်တော်တို့လည်း အံ့သြနေတာပါ"

ထို့နောက် ဒုရဲအုပ်ကိုအောင်ကျော်မိုးက လုပ်ထုံး၊ လုပ်နည်း ဥပဒေနဲ့အညီ ဆောင်ရွက်ပြီး သူတို့သုံးယောက်ကို အချိန်ကန့်သတ်ကာ တွေ့ခွင့်ပေးလိုက်တယ်။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ခင်မင်မှုဆိုတာ ရှိပေမယ့် ဥပဒေနဲ့ပတ်သက်လာရင် ဥပဒေအညီဆောင်ရွက်ရမှာ ဥပဒေဘက်တော်သားတွေရဲ့တာဝန်ပဲလေ။ ဒါကို ဥပဒေလေးစားတတ်တဲ့ သုတတို့အဖွဲ့ကလည်း နားလည်ပါတယ်။ ဘာကြောင့်လည်း ဆိုတော့ သူတို့ ကိုယ်တိုင်လည်း ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ နေချင်တာ မဟုတ်လား...

သူတို့သုံးယောက် သူရိန်ကို တွေ့တော့ စိတ်မကောင်းဖြစ်သွားကြတယ်။ လပြည့်ကတော့ စိတ်မကောင်းရင်းနဲ့ပဲ ဘယ်အကြောင်း ပိတ်နေသလဲ ဆိုတာ ဖလှလာနေပါတယ်။

"မင်းတို့ကွာ၊ ငါ့အတွက် ဒန်ပေါက်နဲ့ ဆိတ်သားဆီပြန်လေးတောင် ဝယ်မလာကြဘူး"

"ဝယ်စားလေ...ငါ့မှာ ပိုက်ဆံပါတယ်"

"ဟာ...ဒီသောက်ရူး၊ အချုပ်ထဲမှာ ဆိုင်ရှိမလားကွ"

အမှန်က စေတနာနဲ့ လပြည့်ပြောလိုက်တာပါ။ ဒါပေမယ့် ပတ်ဝန်းကျင် အခြေအနေကို နားမလည်တော့ ဝေဒနာ ဖြစ်သွားခဲ့တာပဲ။ ထိုအချိန်မှာပဲ သုတက ကြားဝင်ထိန်းတဲ့အနေနဲ့ သူရိန်ကို မေးလိုက်တယ်။

"မင်း ဘယ်လိုဖြစ်တာလဲ သူရိန်"

"ငါ့ဘဝက အတော်ကံဆိုးတယ် သုတ၊ အေးမြသွယ် မမိုက်

www.burmeseclassic.com

www.burmeseclassic.com

ဘူးကွာ၊ သူဘာသာ မနေနိုင်လို့ လင်နောက်လိုက်တာ ငါ့ကို ကြံဖန်ပြီး ခုတ္တပေးသွားတယ်”

“မင်းကိုယ်တိုင် လိုလိုလားလား ကူညီခဲ့တာ မဟုတ်ဘူးလား”

“ကပ်သီးကပ်သက်ကွာ…ခိုးရာလိုက်မယ်ဆိုတာ ငါလုံးဝ မသိခဲ့ဘူး။ ပြီးတော့ နေ့ခင်းကြီး ဆိုင်ကယ်ပေါ်ရောက်လို့ သူပြောမှ သိရတာ”

“အိမ်က ဘာပြောလဲ”

“အာမခံရအောင် လုပ်ပေးမယ်တဲ့၊ တော်ပါပြီကွာ၊ သူရိန် ဘဝမှာ မိန်းမတွေဆိုရင် ကြောက်သွားပါပြီ၊ တာရာ မင်းလည်း သက်ထားရွှေစင်နဲ့ ပတ်သက်ရင် နောက်ဆုတ်လိုက်တော့၊ အေးမြသွယ်က အရုပ်ပုလို့ ငါ့ကို အချုပ်ထဲပဲ ပို့ခဲ့တာ၊ သက်ထားရွှေစင်က ရှည်တဲ့အတွက် မင်းကို ထောင်ထဲပို့လိမ့်မယ်”

“တို့…နမိတ်မရှိတဲ့ စကားကွာ၊ ငါက မင်းလို လူညံ့မှ မဟုတ်တာ”

“အတူတူပါပဲကွာ…သက်ထားရွှေစင်နဲ့ပတ်သက်ပြီး ငါတို့ ရှုံးခဲ့တာပဲ မဟုတ်လား”

သူရိန်ရဲ့ အချက်ကျကျစကားကြောင့် တာရာ ပါးစပ်ပိတ်သွားတယ်။ အဲဒီအချိန်မှာပဲ သုတရင်ထဲ တစ်မျိုးကြီးဖြစ်နေပါတယ်။ ဘာကြောင့်များ သူတို့လေးယောက်စလုံး သက်ထားရွှေစင်ကို ချစ်မိသွားကြတာလဲ၊ တိုက်ဆိုင်မှုဆိုရင်တောင် မာန်နတ်ရဲ့ လှည့်စားချက်တွေပါလိမ့်မယ်။

“သူရိန်…ငါချစ်တဲ့ မဟုက မင်းတို့ချစ်တဲ့ သက်ထားရွှေစင်လို့ သုတက ပြောတယ်”

“ဘာ…မင်းက သက်ထားရွှေစင်ကို ချစ်တယ် ဟုတ်လား”

“ချစ်တာပေါ့ကွာ…ဒါကြောင့် ငါသိုင်းကျင့်နေတာ”



“သောက်ရွှး…လူပါးဝလို့ကွာ၊ ဟိုကကြားရင် လူဖြစ်ရတဲ့ ဘဝကို ပြန်ပြီးသနားသွားလိမ့်မယ်”

လပြည့်မျက်နှာငယ်လေးနဲ့ ငြိမ်သွားတာကြည့်ပြီး သုတ ဂရုဏာ သက်သွားတယ်။ သူရိန်ကတော့ အချုပ်ထဲမှာ ဖြစ်နေပေမယ့် အသည်းလှလှ၊ အနုကျွဲခပ်ခံလိုက်ရသလို မျက်နှာတစ်ခုလုံး မှုန်ကုတ် နေပါတယ်။

“စိတ်လျှော့လိုက်ပါ သူရိန်ရယ်။ သဝန်တိုခြင်းဟာ ကိုယ့်ကိုကိုယ် ညှင်းပန်းနှိပ်စက်သလိုပဲ လပြည့်လည်း လူပဲကွာ၊ သူ့မှာလည်း ချစ်တတ်တဲ့ နှလုံးသားရှိမှာပေါ့”

“ဒါဆို မင်းလည်း သက်ထားရွှေစင်ကို ချစ်တာပဲလား”

“အမ်”

ချက်ချင်းပဲ သုတအသက်ရှုကြပ်သွားတယ်။ ထိုအချိန်မှာပဲ တာဝင်ရှင် ပေါ်လာပါတယ်။

“မင်းဘာတွေ လျောက်မေးနေတာလဲ ဒီကောင်မှ သက်ထားရွှေစင်ကို မမြင်ဘူးတာ”

သုတ ကျေးဇူးတင်တဲ့မျက်ဝန်းနဲ့ တာရာကို လှည့်ကြည့်လိုက်တယ်။ တော်သေးတာပေါ့၊ ခုမှ အသက်ရှုချောင်သွားတယ်။ ဒါပေမယ့်—

“မင်းရူးနေသလား တာရာ၊ လပြည့်ပြောတယ်လေ၊ သူချစ်တဲ့မဟုဟာ သက်ထားရွှေစင်ဆိုတာ သုတက ပြောတယ်တဲ့၊ ဒါဆိုဒီကောင် သိလို့ပေါ့ကွ”

“ဟာ…ဟုတ်သားပဲ၊ သုတ ငါတို့ကိုမင်းရူးချင်ယောင်ဆောင်နေတာလား”

သုတ ချက်ချင်းပဲ အသက်ရှုပြန်ကြပ်သွားတယ်။ ဒီပြဿနာကို သူဘယ်လို ဖြေရှင်းမလဲ၊ တစ်ချိန်က သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး သူပြောခဲ့တဲ့ စကားတွေ၊ သက်ထားရွှေစင်အပေါ်မှာ ထားခဲ့တဲ့ သူ့ရဲ့ ဘစ်ဖက်သတ် အမြင်တွေ၊ ဒါတွေအားလုံးဟာ အတိတ်မှာ ကျန်ခဲ့ပေမယ့် ပျောက်ကွယ်သွားမှာလား။

www.burmeseclassic.com

www.burmeseclassic.com



"သုတ...မင်း လှုပ်ႏိုင်နေ့မဝနဲ့နော်၊ ကလိမ်ကကျစ်လုပ်ပြီး ခွက်ဈောင်းခုတ်မယ်လို့ စိတ်ကူးထားရင်တော့ ဒီမှာတွေ့လား၊ သူရိန် ဆိုတဲ့ကောင်ရဲ့လက်သီးအကြောင်း ကောင်းကောင်းသိသွားမယ်"

"ဟုတ်တယ်...သုတ၊ မင်းလှုပ်းဝဖို့တော့ စိတ်မကူးနဲ့ တစ်သတ်လုံး ခွင့်မလွှတ်ဘူးမှတ်"

တာရာကပါဝင်ကြိမ်းတော့ သုတဟာနှလုံးသားကိုဂုဏ်သိက္ခာနဲ့ လဲလှယ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"တော်စမ်းပါကွာ...သက်ထားရွှေစင်ဆိုတာ လပြည့်ကြောင့် ငါမြင်ဖူးယုံပဲ မြင်ဖူးခဲ့တာ။ စကားတောင် မပြောဖူးဘူး၊ ဒီမှာ ငါ ပြောခဲ့ဖူးတာပဲ၊ သက်ထားရွှေစင်ကို အသံကြားထဲက ငါက မုန်းနေခဲ့တာ၊ ဘယ်လောက်ပဲ လှလှ ချစ်ဖို့ဆိုတာ လုံးဝ စိတ်ကူးမရှိဘူး၊ ဒီတော့ မင်းတို့ပါးစပ်တွေကိုပိတ်ထားလိုက်တော့အကယ်၍ဆက်ပြောမယ် ဆိုရင်ဘယ်တော့မှ မခေါ်နဲ့ ဒါပဲ"

သုတပြောပြီး လျှို့ဝှက်စွာနဲ့ ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ပါတယ်။ သူဟာ နှလုံးသားတွင် မကပါဘူး၊ သူငယ်ချင်းတွေကိုပါ လိမ်ညာလိုက်ပါပြီ၊ ခွင့်လွှတ်ပါ သက်ထားရယ်။ ကျွန်တော်ဟာ စကားကျွံရင် နုတ်မရဘူးဆိုတဲ့ ဘဝမျိုး ရောက်နေလို့ပါ။

"သုတ...မင်းဘက်က ဒီလို ပြတ်ပြတ်သားသား ပြောတဲ့အတွက် ငါလေးစားတယ်၊ ဒီတော့ ခုအချိန်ကစပြီး သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး အားလုံး မေ့ထားလိုက်တော့၊ သူရိန်အချုပ်ထဲ ရောက်တာ ငါတို့အားလုံးအတွက် သင်ခန်းစာပဲ"

"ဟုတ်တယ်...တာရာပြောတာ ငါလက်ခံတယ်။ ဘယ်မိန်းမမှ ရိုးသားတဲ့ ငါတို့အချစ်တွေနဲ့ မထိုက်တန်ဘူး၊ ဒီတော့ ခုအချိန်ကစပြီး သက်ထားရွှေစင်ကို မေ့လိုက်ကြရအောင်၊ ဒါပေမယ့် ငါတို့မြို့ကိုလာလည်တဲ့ဧည့်သည်တစ်ယောက်အနေနဲ့ မြို့ရဲ့ဂုဏ်သိက္ခာ မကျအောင် မြို့ဖြူစင်စင် စောင့်ရှောက်ရမယ်။ အဲဒီမှာ ငါက ဥက္ကဋ္ဌ၊ ကျန်တဲ့ လူတွေက



အဖွဲ့ဝင်၊ ဒါအဆိန်ပဲ"

သူရိန်က အချုပ်ထဲရောက်နေတာတောင် နေရာယူလိုက်ပါသေးတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သူရိန်စကားကို ဘယ်သူမှ အခြေအတင် မငြင်းတော့ပေ။

ထို့နောက် သူတို့သုံးယောက် အချိန်စေ့သွားလို့ သူရိန်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြတယ်။ ဆုတောင်းတိုင်းသာပြည့်မယ်ဆိုရင် ဆုတောင်းချင်ပါတယ်။

ပျော်ရွှင်စရာကောင်းတဲ့ သူတို့လေးယောက်ရဲ့ ဘဝလေးဟာ ဂိုအတိုင်း ပြန်ဖြစ်ပါစေ။

www.burmeseclassic.com



## အခန်း(၁၃)

နောက်တစ်နေ့......

သူရိန်တစ်ယောက်အေးမြသွယ်မိဘတွေရဲ့ကျေအေးလက်မှတ် တစ်စောင်ကြောင့် အချုပ်ထဲမှ လွတ်မြောက်လာပါတယ်။ ဒါကြောင့် သုတာနဲ့ တာရာလည်း ငတ်ပြတ်နေတဲ့ သူရိန်ကို လက်ဖက်ရည်ဆိုင်မှာ လိုက်ပြီး ညှော့ခံရတယ်။ အလှကားရလို့ စားရမယ်ဆိုရင် သူရိန်က နံပါတ် တစ်၊ ခုပဲကြည့်လေ စားပွဲပေါ်က မုန့်တွေ ကုန်တဲ့အပြင် နောက်ထပ် ဝမူဆာတစ်ပွဲ ထပ်မှာပြီး စားနေတယ်။ အဲဒီမှာ သနားစရာက သုတာနဲ့ တာရာတို့ပါ သူတို့ခမျာ သူရိန်စားတာကို ကြည့်ပြီး တံတွေးတွေချည်း မျိုချနေရတယ်။ ဆိုင်ရှင်ကလည်း သဘောကောင်းပါဘိ၊ အမြဲတမ်း ဖောက်သည်တွေကိုတောင် ရေနွေးအိုးတစ်လုံးကုန်လို့ နောက်ထပ် အသစ်ထပ်ထည့်မပေးတော့ဘူး၊ လပြည့်ကြောင့် ပညာတွေ တိုးပွား လာတယ် ထင်ပါရဲ့။

"ဟဲ...ဟဲ...မင်းတို့ကျွေးလို့လား မသိဘူး၊ အရမ်းစားလို့ ကောင်းတယ်။ ဟေ့...လက်ဖက်ရည် နောက်တစ်ခွက်"

"လွန်ပြီ ထင်တယ်ကွာ"

တာရာ့စကားကြောင့် သူရိန်မျက်နှာ တစ်မျိုးပြောင်းသွားပြီး—

"ငတ်လာတာကွ၊ ငါလို မင်းစားချင်ရင် အချုပ်ထဲဝင်လိုက် ပါလား၊ အင်း...ပြောသာပြောရတာပါ၊ မင်းလိုကောင်မျိုးက ငါလို အချုပ် ထဲက ပြန်ထွက်လာရင်လည်း ကျွေးမယ့်လူ ရှိမှာ မဟုတ်ပါဘူး၊ သော



ချင့်ကကောင်းမှ မကောင်းတာဘဲ၊ ဒီမှာ တာရာ၊ သူများစားတာကို နာလိုဖြစ်တဲ့ လူမျိုးဟာ သေရင် တိရစ္ဆာန်ဖြစ်တတ်တယ်။ ငါ့အိမ်မှာ မင်း ခွေးဖြစ်ရင်တော့ ဝအောင်စားရမှာပါ၊ မစင်တွေ ပေါ်ပါတယ်"

တာရာတစ်ယောက် သူရိန့်စကားကြောင့် စိတ်ထဲ တင်းသွားပါ တယ်။ တကယ်တော့ ဒီဝိုင်းရဲ့ဒကာဟာ သူပါ၊ သူရိန်ဟာ ကျေးဇူးရှင်ကို ပြစ်မှားတဲ့ ငရဲသားတစ်ယောက်ပဲ၊ ဒီလိုကောင်မျိုးကို ဒီအတိုင်း ပစ်ထား လို့တော့ မဖြစ်တော့ဘူး။

"မျိုး...ဆို့...ကာလဝမ်းကျ"

"အဟီး...စားလို့ ကောင်းလိုက်တာ"

သူရိန်က စမူဆာတစ်ခုကို ပါးစပ်ထဲထိုးထည့်ပြီး ရယ်ပြတယ်၊ ပြီးနောက် ရောက်လာတဲ့ လက်ဖက်ရည်ပူပူကြီးကို အောက်ခံပန်းကန် ပြားထဲ လောင်းထည့်ကာ တခဏ အအေးခံလိုက်ပါတယ်။ ပြီးတော့ နှစ် ယောက်စလုံးရဲ့မျက်နှာကို ကြည့်ကာ ဒူးလေးနန့်နေတော့တယ်။ ဒါကို မြင်သက်နေတဲ့ သုတက မြင်သွားလို့ မနေနိုင်၊ မထိုင်နိုင် စပ်စုပြီး မေး လိုက်မိတယ်။

"သူရိန်...မင်းဒူးက ဘာဖြစ်နေတာလဲ"

"ကျင့်နေတာ သုတ"

"အချုပ်ထဲက ပါလာတဲ့ ရောဂါလား"

"ဘာကွ"

သူရိန် ဒေါကန်သွားတာ မြင်တော့ တာရာက...

"သူရိန်...ဟိုဘက်ရပ်ကွက်မှာ ကောင်မလေးတစ်ယောက် ထောက်နေတယ်။ မင်းကို တွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ"

"အထုတ်ထမ်းနိုင်းလို့ နေမှာပေါ့"

"ဩော်...ဒီလိုလား"

တာရာ့စကားကို သူရိန်သဘောပေါက်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့မင်းတို့နှစ်ယောက်ပေါင်းပြီးငါ့ကိုဆော်တာပေါ့၊ ရတယ်လေ...သူရိန်ပါ။ အပူရှိန်တောင်မှုတဲ့ကောင် မဟုတ်ဘူး သတ္တိရှိရင်ပြိုင်ပွဲလေးတစ်ခုလုပ်ချင်တယ်ကွာ၊ ကြေးကတော့ ပါးပါးလေးရယ်။ နှစ်ယောက် တစ်ယောက်ပေါ့၊ ဘယ်လိုလဲ... လောင်းရဲလား"

သူရိန်ပြောပြီး ဒူးကို ပိုလှုပ်လိုက်တယ်။ ပုံစံက တကယ့်ကို မထိတထိပါပဲ၊ မျက်နှာမှာလည်း ကိုယ့်ကိုကိုယ် ယုံကြည်မှုတွေ လွှမ်းကဲနေတယ်။ ဒါကြောင့် သုတနဲ့တာရာ စဉ်းစားသွားပါတယ်။

"ဘယ်လိုလဲ...ဘာသာရေးနဲ့ပတ်သက်ပြီး ဗဟုသုတပြိုင်ပွဲလေးကို မင်းတို့စိတ်မဝင်စားကြဘူးလား၊ မေးခွန်းဆယ်ခုမှာ တစ်ခု ဖြေနိုင်ယုံနဲ့ အနိုင်ပေးမယ်"

"ဘာအကြောင်း မေးမှာလဲ"

"ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အကြောင်းပါဆို"

တာရာက သုတကို ကြည့်လိုက်တယ်၊ ထို့အတူ သုတလည်း တာရာကို ပြန်ကြည့်ပါတယ်၊ တစ်ယောက်ကို တစ်ယောက် ကြည့်နေတဲ့ မျက်ဝန်းတွေထဲမှာ သူရိန်ကို အထင်သေးတဲ့ အရိပ်တွေ ဖြာထွက်နေတယ်။ ထို့နောက် တာရာက နှိပ်ကွက်တဲ့သဘောနဲ့ ပြောလိုက်ပါတယ်။

"ဒီကောင့်မှာ ဘာဦးနှောက်ရှိလို့လဲ သုတ"

တာရာ့စကားကြောင့် သူရိန်က စိတ်မဆိုးတဲ့အပြင် သဘောကျစွာနဲ့ ရယ်မောပြီး...

"ဒါဆို လောင်းကြေးထပ်ပြီး ပြိုင်ကြမယ်လေ"

"မင်း မဟုတ်တာတွေ မမေးရဘူး"

"စိတ်ချစမ်းပါကွာ...ဘာသာရေးနဲ့ ပတ်သက်ပြီး သူရိန့်လိုကောင်မျိုးက ငရဲအကြီးမခံပါဘူး"

"ပြိုင်မယ်ကွာ...ဘာသာရေးနဲ့ ပတ်သက်ပြီး ငါလည်း ဓိနတ္ထပကာသနီကျမ်းကိုအကြိမ်ပေါင်းများစွာ ဖတ်ထားတာ၊ သုတ ဘယ်လိုလဲ"

"မင်းသဘောပဲ"



တာရာနဲ့ သုတ သဘောတူညီမှုရရှိသွားလို့ သူရိန့်မျက်နှာကြီး ပြုံးဖြီးသွားတယ်။ ထို့နောက် အိပ်ထဲက ကျစ်ထားတဲ့ တစ်ထောင်နှစ်ရွက်ကို စားပွဲပေါ်တင်ပြီး...

"ဒါဆို မေးခွန်းတစ်ခုနှစ်ရာနဲ့ ဆယ်ခု နှစ်ထောင်ပေါ့၊ ဘယ်လိုသဘောရလဲ"

"ရပါတယ်ကွာ"

ဒီစကားကိုသုတ ပြောလိုက်တာပါ၊ သူကပြောပြီးပြီးချင်းအိတ်ထဲက တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ကာ သူရိန်ပိုက်ဆံပေါ်ထပ်တင်လိုက်တယ်။ ခုတော့ စားပွဲပေါ်မှာ တစ်ထောင်တန် လေးရွက် ဖြစ်သွားပါတယ်။

"မေးခွန်းတစ်ခု ဖြေနိုင်ယုံနဲ့ ငါတို့အနိုင်နော်"

"စိတ်ချစမ်းပါ သုတရာ၊ သူရိန့်ဆိုတဲ့ ငါက လိမ်မတဲ့လား"

"ဒါဆို မေးတော့ကွာ"

"အေး...သေချာနားထောင်"

သုတနဲ့ တာရာ စိတ်ဝင်တစားနဲ့ နားထောင်လိုက်တယ်၊ အဲဒီအချိန်မှာပဲ သူရိန့်အသံ ပေါ်လာပါတယ်။

"ဂေါတမမြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တယ်။ ဒီတော့ ဘုရားပါရမီဖြည့်ခဲ့တဲ့ လေးသင်္ချေ အမည်ကို ပြောပြစမ်းပါ"

"ဟာ"

"ဟင်"

သူရိန်ရဲ့ ပထမဆုံးမေးခွန်းကြောင့် သုတနဲ့ တာရာတို့ ပါးစပ်မှ အာမေဋိတ်သံ ပြိုင်တူ ထွက်ပေါ်သွားကြပါတယ်၊ ထို့နောက် ပြိုင်တူပဲ ခေါင်းခါယမ်းလိုက်တယ်။ ဒါကြောင့် သူရိန်က သဘောကျသွားပြီး...

"မှတ်ထား...မသေမချင်း မှတ်ထား၊ လေးသင်္ချေဆိုတာ...

သေလ အသင်္ချေ

ဘာသ အသင်္ချေ

www.burmeseclassic.com

www.burmeseclassic.com



ဇယ အသချေ
ရုစိရ အသချေ

ဒါတောင် မသိဘူးလား၊ တော်တော် ညံ့တဲ့ကောင်တွေကွာ၊ ပြောတော့ မိရိုးဖလာ ဗုဒ္ဓဘာသာတဲ့၊ ဟွန်း…မပြောလိုက်ချင်ဘူး"

သူရိန် ပျစ်ပျစ်နစ်နစ် ဝေဖန်တိုက်ခိုက်တာကို သုတနဲ့ တာရာ ငြိမ်ခံနေရပါတယ်။ သူတို့စိတ်ထဲမှာ ဒုတိယမေးခွန်းကို ရအောင်ဖြေမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

"ကဲ…ဒုတိယ မေးခွန်းစမယ်"

သူရိန်စကားကို ခဏရပ်ကာကြည့်လိုက်တယ်။ နှစ်ယောက်စလုံး စိတ်ဝင်စားနေမှန်း သိတော့မှ မေးခွန်းကို စလိုက်တယ်။

"တဏှင်္ကရာ ဘုရားဟာ ဘယ်တိုင်းပြည်မှာ ပွင့်တာလဲ၊ ခမည်းတော်၊ မယ်တော်၊ သက်တမ်း၊ ဒုက္ကရစရိယာကျင့်တဲ့ကာလ၊ တောဓိပင်၊ ကမ္ဘာကိုပြော"

"ဟာ…ဒုက္ခပါပဲ"

သုတ ခေါင်းကုတ်သွားတယ်။

"မသိဘူးကွာ"

တာရာက အမှန်အတိုင်း ဝန်ခံလိုက်တယ်၊ ဒါကြောင့် သူရိန် သဘောကျသွားပြန်တယ်။

"ဟား…ဟား…ဟား…မှတ်ထားကြ၊ တိုင်းပြည်က မောရဝတီ၊ ခမည်းတော်က နရိန္ဒမင်း၊ မယ်တော်က သိရိစန္ဒာ၊ သက်တမ်းက တစ်သိန်း၊ ဒုက္ကရစရိယာကို ဆယ်လကျင့်ပြီး ကန့်ကော်ပင်မှာ ဘုရားဖြစ်တာ၊ ကမ္ဘာက သာရမဏ္ဍ၊ ထပ်ပြောမယ်။ ဉာဏ်တော်က ရှစ်ဆယ့်ရှစ်တောင်ရှိတယ်"

"မင်း ဘယ်ကသိလာတာလဲ"

"အဟင်း…သိပ်အံ့ဩသွားသလား သုတ၊ ဒီလိုပေါ့ကွာ၊ နားထောင် တတိယမေးခွန်းစမယ်။ နှစ်ကျိတ်ရှစ်ဆူ ဘုရားတွေထဲမှာ ဉာဏ်တော်အမြင့်ဆုံး ဘုရားနှစ်ဆူရှိတယ်။ ဘွဲ့တော်က ဘာလဲ"



"မသိဘူး"

"ဟုတ်တယ်…ငါလဲ သုတအတိုင်းပဲ"

"ဟား…ဟား…ဟား…သရဏင်္ကဘုရားနဲ့ သုမနဘုရားကွ ဉာဏ်တော်က ကိုးဆယ်ရှိတယ်။ သေသေချာချာမှတ်၊ တော့၊ အေတွေခဲ့"

သုတနဲ့ တာရာတို့နှစ်ယောက် တော်တော်စိတ်ညစ်သွားကြတယ်။ အလိုလိုမှ မဖြေနိုင်ပါဘူးဆိုမှ အနိုပ်ကွပ်ကလည်း ခံနေရသေးတယ်။ ဒါပေမယ့် နောက်ထပ်မေးခွန်းတွေ ကျန်နေသေးလို့ အားတင်းထားလိုက်ပါတယ်။

"နံပါတယ်မှာလေး… နှစ်ကျိတ်ရှစ်ဆူဘုရားတွေထဲမှာ ဒုက္ကရစရိယာကို အနည်းဆုံးကျင့်ရတဲ့ ဘုရားက ဘယ်ဘုရားလဲ၊ ဘယ်နှစ်ရက် ကျင့်ရသလဲ"

ဒီတစ်ခါလည်း နှစ်ယောက်စလုံး ခေါင်းခါပြလိုက်ကြပါတယ်၊

"မင်းတို့တွေ ညံ့လွန်းပါတယ်ကွာ၊ ဂေါတမမြတ်စွာဘုရားရှေ့က ပွင့်တဲ့ ကဿပဘုရားလေ၊ ခြောက်ရက်ပဲ ကျင့်တာ"

"ဟာ"

သူတို့ မခံချိ မခံသာ ဖြစ်သွားကြတယ်။

"နံပါတ်ငါး…ငါတို့ ဘဒ္ဒကမ္ဘာမှာပွင့်တဲ့ ကကုသန်ဘုရားရဲ့ ခမည်းတော်က ဘယ်သူလဲ"

"မင်းပဲ ဆက်ပြောလိုက်တော့ သူရိန်"

သုတရဲ့မချိတင်ကဲလေသံကြောင့် သူရိန်သဘောကျသွားပြီး…

"အဂ္ဂိဒတ္တ ပုဏ္ဏားကွ၊ ဒါလေးတောင် မသိဘူးတဲ့၊ အံ့ရော ကဲ…နံပါတ်ခြောက်မေးမယ်"

"တော်ပြီ…မမေးနဲ့တော့ သူရိန်"

"ဟင်…ဘာဖြစ်လို့လဲ သုတ"

သုတက သက်ပြင်းချပြီး…

"အရှုံးပေးတယ်ကွာ…နဂိုထဲက မင်းဟာ မသေချာဘဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



မြိုင်မှာ မဟုတ်ဘူးဆိုတာ စဉ်းစားမိဖို့ကောင်းတယ်"

"ဒါဆို ဒီပိုက်ဆံကို ယူ၊ ဒီလိုအိတ်ထဲထည့်လိုက်မယ်နော်"

သူရိန်က ပိုက်ဆံလေးတောင်ကိုယူပြီး ဟန်ပါပါနဲ့ အိတ်ထဲထည့်လိုက်တယ်။ ပုံစံက တကယ့်ကို အမြင်ကပ်စရာပါ။ ပိုက်ဆံအိတ် ထဲရောက်သွားတာနဲ့ တပြိုင်ထဲ ဟစ်ဟော့စ် သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်ပါတယ်။

"နေ့နံက တနင်္လာ၊ နာမည်က နှစ်မျိုးနဲ့ ငါကလေ အရမ်းချစ်ခဲ့၊ မင်းပြောတာ တကယ်လား သူရိန်၊ ငါပြောတာ တကယ်ပဲ သုတ၊ အခု ပိုက်ဆံ ငါ့အိတ်ထဲရောက်၊ အာ...ဟု...အာ...ဟု...ဝရှူး...ဝရှူး...ဝုတ်ဝုတ်...နွီး"

ဒီသီချင်းသံကိုနားထောင်ပြီး သုတက သူရိန်ဆီရောက်သွားတဲ့ ပိုက်ဆံကို ဘယ်လို ပြန်ယူရမလဲဆိုတာ စဉ်းစားလိုက်တယ်။

"ဒါတွေ မင်း ဘယ်လိုလုပ် သိတာလဲ"

"ပြောပြရမှာပေါ့ကွာ...အချုပ်ထဲရောက်နေတဲ့ ဘိုးတော်လိမ်တစ်ယောက်ဆီကပါ၊ သူကိုယ်တိုင် ဒီလိုမေးခွန်းတွေမေးပြီး အချုပ်ထဲမှာ ညာစားနေတာ"

သုတတစ်ယောက် အကြံတစ်ခုရသွားတယ်။

"သူရိန်...မင်းက သင်္ချာဘာသာမှာ တော်တယ်ဆိုတော့ ဂဏန်းတွေအကြောင်း မေးချင်တယ်"

"မင်းထင်တာပဲ သုတရယ်၊ ငါက ဥာဏ်မကောင်းပါဘူး"

"လွယ်လွယ်လေး မေးမှာပါကွာ၊ တစ်ထောင်ကြေးပေါ့"

"လွယ်မှန်း သိပါတယ်ကွာ၊ ဒါပေမယ့် ငါ့ဦးနှောက်ကမှ မကောင်းတာဘဲ၊ တစ်နဲ့ တစ်ပေါင်းရင် နှစ်လို့ မဖြေဘဲ တစ်ဆယ့်တစ်လို့ ဖြေတဲ့ ဦးနှောက်ကွ"

သုတက ဖွဲမလျှော့သေးဘဲ....

"ပေါင်းနှုတ်ပဲ ပေါင်းရမှာ"

"ဉာဏ်မကောင်းပါဘူး ဆိုမှပဲ"



"ဘာမှ မခက်ဘူး...ဂဏန်းရှစ်လုံးကို ပေါင်းရမှာ"

ဒီတစ်ခါတော့ သူရိန်စိတ်ဝင်စားသွားတယ်၊ ဘာပဲဖြစ်ဖြစ် အချောင်ရရင်သူငယ်ချင်းဆိုတဲ့သံယောဇဉ်ကိုခဏဘေးဖယ်ပြီးယူရမှာပဲ။

"အဲဒီလောက် လွယ်လို့လား၊ ဒါဆို လောင်းမယ်ကွာ"

သူရိန်က တစ်ထောင်တန်တစ်ရွက်ကို ဆတ်ခနဲထုတ်ပြီး စားပွဲပေါ်ပစ်ချလိုက်တော့ သုတက ဆတ်ခနဲ ကောက်ယူပြီး...

"ရှစ်...ရှစ်လုံးကို တစ်ထောင်ပြည့်အောင် ပေါင်း။ မှန်ရင် နှစ်ထောင်ရမယ်"

သူရိန်တစ်ယောက်ဟဲ ဘောပင်တစ်ချောင်းနဲ့ အလုပ်ရှုပ်သွားပါတယ်။တာရာတောင်မှ ဘေးကနေပေါင်းတာ အဖြေမရပေ၊ ဒီအခြေအနေကို သုတက ကြည့်ကောင်းကောင်းနဲ့ ကြည့်နေပါတယ်။တော်တော်ကြာတော့ သူရိန်ရဲ့စိတ်လျှော့သံ၊ အရှုံးပေးသံ ပေါ်ထွက်လာပါတယ်၊

"မရဘူး...အရှုံးပေးတယ်ကွာ"

"သောက်သုံးမကျတာ...ပျင်း၊ အေ့...ဒီလောက်လွယ်တာဘဲ"

သုတ ပျစ်ပျစ်နှစ်နှစ်ပြောပြီး ပေါင်းပြလိုက်တယ်။

| | | | |
|---|---|---|---|
| | | | ၈ |
| | | | ၈ |
| | | ၄ | ၈ |
| | ၂ | ၈ | ၈ |
| | ၈ | ၈ | ၈ |
| ၁ | ၀ | ၀ | ၀ |

"ဟာကွာ...လွယ်လွယ်လေးရယ်"

သူရိန်ရဲ့ မချင့်မရဲ ထွက်ပေါ်လာတဲ့ လေသံကြောင့် သုတပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်၊ ထိုအပြုံးက လျှို့ဝှက်တယ်။ နက်နဲတယ်။ သေချာကြည့်ရင် ပဟေဠိဆန်နေပါတယ်။

"သူရိန်...စကားထာထပ်ဖွတ်မယ်၊ အဖြေက လွယ်လွယ်လေးရယ်၊ တစ်ထောင်ကြေး"

"တကယ်လွယ်လား"

"မင်းလို သူများမသိနိုင်တာ မမေးဘူး၊ တကယ့်လွယ်လွယ်လေးကို မေးမှာ"

"ဒါဆို လောင်းဦးမယ်"

သူရိန် ပိုက်ဆံတစ်ထောင်ကို ထပ်ထုတ်လိုက်တယ်။ ပထမတစ်ခါက သူညံ့လွန်းအားကြီးလို့ ခံရတာပါ၊ ဒီတစ်ခါတော့ သေချာစဉ်းစားရမယ်။

"ကဲ...ပြောမယ်...သေချာနားထောင် တစ်ခါက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး အုပ်စိုးတယ်။ အဲဒီ ဘုရင်ကြီး အရမ်းစည်းကမ်းကြီးတာ၊ အလုပ်ဆိုရင်လဲ တာဝန်ကျေမှ ကြိုက်တယ်၊ တစ်နေ့တော့ ဘုရင်ကြီးဟာ တိုင်းခန်း လှည့်လည်ဖို့ အပြင်ကို ထွက်တော်မူလာတယ်၊ အဲဒီအချိန်မှာ ညစောင့် တစ်ယောက်က ဘုရင်ကြီးရှေ့မှာ အမြန်ခစားပြီး—

"အရှင်မင်းကြီး...တိုင်းခန်းမလှည့်ပါနဲ့၊ ညတုန်းက ကျွန်တော်မျိုးရဲ့ အိပ်မက်ထဲမှာ အရှင်မင်းကြီး တိုင်းခန်းလှည့်လည်တဲ့ အချိန် မိုးသက်လေပြင်းတွေ ကျရောက်ပြီး အရှင်မင်းကြီးကို မိုးကြိုး ပစ်တယ်လို့ မြင်မက်ပါသည်ဘုရားလို့ လျှောက်တင်တယ်။ ဘုရင်ကြီးက အိပ်မက်ဆိုရင် ယုံတော့ နိမိတ်မကောင်းဘူးဆိုပြီး နန်းတော်ထဲ ပြန်ဝင်သွားတယ်။ ဒီလိုနဲ့ မကြာပါဘူး၊ ညစောင့် ပြောတဲ့ အတိုင်း တစ်တိုင်းပြည်လုံး မိုးသက်လေပြင်းတွေ အကြီးအကျယ် တိုက်ခတ်ပြီး မိုးကြိုးတွေ တဂျိန်းဂျိန်းနဲ့ ပစ်တော့တာပဲ၊ ဒါကိုမြင်တဲ့ ဘုရင်ကြီးဟာ သူ့ရဲ့အသက်ကို ညစောင့်ကယ်တယ်ဆိုပြီး ဆုလာဘ်တွေ ပေးပြီး အလုပ်က ထုတ်ပစ်လိုက်တယ်။ ကဲ—မေးခွန်းက ဘာဖြစ်လို့ အလုပ်ထုတ်ပစ်လိုက်တာလဲ၊ ဖြေတော့"



"ဒါများ လွယ်လွယ်လေးပါကွာ—အခြားရာထူးမြင့်တဲ့နေရာ ပြောင်းပေးချင်လို့"

"မဟုတ်ဘူး"

"ဒါဆို ပြောတဲ့အတိုင်း မှန်တဲ့အတွက် မနိုင်းရက်လို့"

"မှားတယ်"

"ဒါဆို ဘာကြောင့်လဲ"

"စဉ်းစားလေ...လွယ်လွယ်လေးဟာ"

သူရိန်မျက်မှောင်ကုတ်လိုက်၊ နှုတ်ခမ်းမဲ့လိုက်နဲ့ အပြင်းအထန် စဉ်းစားနေပါတယ်။ ဘာဖြစ်လို့ အလုပ်ထုတ်ပစ်လိုက်တာလဲ၊ သူ့ရဲ့ အသက်သခင် ကျေးဇူးရှင်ကြီးကို...

"သိပြီ...သမီးတော်လေးနဲ့ ပေးစားမလို့"

"ဘာမှ မဆိုင်ဘူး"

သူရိန် တစ်ထောင်တန်လေးကို နမြောတသစွာ ကြည့်ပြီး စိတ်လျှော့လိုက်တယ်။

"မသိဘူးကွာ...အရှုံးပေးတယ်"

"ဒါဆို မှတ်ထား၊ ညစောင့်ဆိုတာ မအိပ်ရဘူး၊ အိပ်မက်ဆိုတာ အိပ်လို့မက်တာ၊ ကျေးဇူးရှင်ဆိုပေမယ့် တာဝန်မကျေလို့ အလုပ်ထုတ်ပစ်လိုက်တာ ရှင်းလား"

"အေး...ဟုတ်သားပဲ...တောက်...နိုင်ပြီးကာမှကွာ အိပ်မက် ကျဝင်ရှုပ်သွားတယ်"

"နောင်တမနဲ့ သူရိန်၊ လောကမှာ မင်းတစ်ယောက်ပဲ လည်တာ မဟုတ်ဘူး၊ ကျန်တဲ့လူတွေမှာလဲ ဦးနှောက်ရှိတယ်"

သူရိန် ငြိမ်သက်သွားတယ်။ သူငြိမ်သက်ပုံက နောင်တရတဲ့ ငြိမ်သက်ပုံမျိုးပါ၊ ပြီးတော့ ဘာစကားမှ မဆိုတော့ဘဲ စိတ်ဆိုးချင်ယောင်ဆောင်ကာ လက်ကျန်စမူဆာနှစ်ခုကို ယူပြီး ထွက်သွားတယ်။

စားပွဲပေါ်မှာတော့ သူရိန် အရှုံးပေးသွားတဲ့ တစ်ထောင်တန်

www.burmeseclassic.com



တစ်ရှက်က လေတိုက်လို့ လှုပ်ခတ်နေပါတယ်။

"ခွေးကောင်…စိတ်ဆိုးတိုင်း ဒီအတိုင်းချည်ပဲ"

"ခွင့်လွှတ်လိုက်ပါ တာရာရယ်၊ ငါတို့ဟာ သူငယ်ချင်းတွေ မဟုတ်ပါလား"

"မတားရားလို့ပါ သူတာရာ"

သူတပြုံးပြုံး ပိုက်ဆံရှင်းလိုက်တယ်၊ အမှန်က တာရာ ရှင်းရမှာပါ ဒါပေမယ့် သူက သူငယ်ချင်းနှစ်ယောက်ကြား စိတ်ခုစရာတွေ ပေါ်လာမှာ ဆိုးလို့ ကြားထဲက ဖြေဆေးဖော်လိုက်တာ။

ပိုက်ဆံမကုန်တော့ဘူးဆိုတော့ တာရာ့မျက်နှာ ပြန်ပြီး ဝင်းပ ကြည်လင်သွားတယ်။

ထို့နောက် သူတို့နှစ်ယောက် ဆိုင်ထဲမှ ငြိမ်ငြိမ်သက်သက်လေး ပြန်လာခဲ့ကြပါတော့တယ်။



မထင်မှတ်ဘူးလေ
တကယ်ချစ်လိုက်မိတယ်
တစ်ဘဝလုံးအတွက်ပေါ့
တစ်ယောက်ထဲကိုပဲ
သီးသီးသန့်သန့်ချစ်မို့
ဆုံးဖြတ်လိုက်မိတဲ့ အချိန်ကျမှ
အကြောင်းအမျိုးမျိုးနဲ့
ဝေးကြမို့
ဖြစ်လာရတယ်
ဘာပဲဖြစ်ဖြစ်
ချစ်သူကို ချစ်နေရတဲ့
ကိုယ့်ရဲ့စိတ်ကို
ကိုယ်ကျေနပ်တယ်
တစ်ခါတစ်ရံလေ
နှလုံးသားရဲ့အလိုဆန္ဒကို
ဦးနှောက်နဲ့ ထိန်းချုပ်သင့်တဲ့
အရာတွေ
အများကြီး ရှိတတ်ပါတယ်
အဲဒီထဲမှာ
အချစ်လဲပါတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ဒုန်း...ဒုန်း...ဒုန်း...သား ညည်းသည်လာတယ်"

"ဘယ်သူလဲ မေမေ"

"တစ်ခါမှ မမြင်ဖူးဘူး သား၊ နာမည်က သက်ထားရွှေစင်တဲ့"

"ဟင်"

သုတာခန္ဓာကိုယ် ဆက်ခနဲ တုန်သွားပြီး၊ အခန်းတံခါးကို ဖွင့်ကာ အမြန်ထွက်လိုက်တယ်၊ တံခါးဝမှာ ရောက်နေတဲ့ မေမေ့ မျက်နှာက အလို မကျသလိုပဲ၊

"သား...ရှုပ်ရှုပ်ရှက်ရှက် မလုပ်နဲ့နော်"

"ရိုးရိုးသားသား မိတ်ဆွေတွေပါ မေမေ"

"ဒါဆိုပြီးတာပဲ၊ မိန်းမတစ်ယောက်ရဲ့မာယာထောင်ချောက်ထဲ ဝင်ရလို့ သူရိန်လို အချုပ်ထဲ ရောက်သွားဦးမယ်"

ဒေါ်စံပယ်က စိုးရိမ်စိတ်ကလေးနဲ့ သားကိုဆုံးမပြီး အခန်းရှေ့က နေ ပြန်လှည့်ထွက်သွားတယ်။ သုတ စိတ်ထဲမှာတော့ သက်ထားရွှေစင် အိမ်ရောက်လာတာဟာ ထူးဆန်းနေပါတယ်။

ဘာကိစ္စလဲ မသိဘူး။

သုတ အဖေတွေနဲ့အတူ ဧည့်ခန်းထဲကို ထွက်လိုက်တော့ ထိုင်နေ တဲ့ သက်ထားရွှေစင်ကို တွေ့မိတယ်၊ သူမပုံစံလေးက အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လို၊ ကြည့်လို့မဝအောင်ကို လှနေတယ်၊

သူမရှေ့ကို သူရောက်တော့ မျက်လုံးဝင့်ကာ ပြုံးပြတယ်၊



ကြောင့် သူ့ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားတယ်၊ တိတ်တခိုးနဲ့ ချစ်မိသော ချစ် သူ၊ ဘဝမှာ ချစ်ခွင့်သာရှိပြီး ဖွင့်ပြောခွင့်မရသော ကောင်မလေးတစ် ယောက်အခု သူ့ရှေ့ကိုရောက်လာပြီ၊ ဘာလုပ်ရမလဲ သူစဉ်းစားနေချိန်မှာပဲ သူမရဲ့အသံလေးပေါ်လာတယ်။

"ကိုသုကို လာနှုတ်ဆက်တာ"

"ဗြော်...သက်ထားပြန်ရတော့မှာပါလား"

သုတုန်ရီလိုက်မောသွားတယ်။ တစ်ချိန်ချိန်မှာ ခွဲခွာရမယ်ဆိုတာ သိပါလျက်နဲ့ ချစ်မိသွားတာ သူ့ရဲ့အပြစ်ပါ။

"ဟုတ်ကယ် ကိုသု၊ သက်ထားပြန်ရတော့မယ်၊ ပထမ အစီ အစဉ်က အောင်စာရင်းထွက်ကာနီး နှစ်ရက်အလိုမှ ပြန်မလို့ပါ၊ အေးမြ သွယ် ယောကျ်ားနောက်လိုက်သွားတဲ့ ပြဿနာပေါ်လာလို့ အိမ်က ချက် ချင်း ဖုန်းဆက်ပြီး ပြန်ခေါ်တာ"

သူမက ပြောရင်းဝမ်းနည်းလာတယ်။ တကယ်ဆို သူမ မပြန်ချင် သေးပါ၊ သူမ ပျော်ရွှင်နေတဲ့ ဒီမြို့လေးနဲ့ သူမ သံယောဇဉ်ရှိတဲ့ ကောင် လေးရှိနေလို့ပါ၊ တွေ့ဆုံခင်မင်မှုဟာ ဘာမှ မကြာလိုက်ပေမယ့် နှလုံး သားရဲ့ အနက်ရှိုင်းဆုံးနေရာမှာ သူရှိနေပါတယ်။ ဒါကို သူမကလွဲပြီး ဘယ်သူသိမှာလဲ။

"သူရိန်နဲ့ တာရာတို့လည်း သက်ထားပြန်မယ်ဆိုတာ သိ လား"

"ဟင်...သူတို့နဲ့ ကိုသုက......"

သက်ထား တအံ့တဩဖြစ်သွားတဲ့ ပုံစံလေးကို ကြည့်ပြီး သုတ သက်ပြင်းချလိုက်တယ်၊ ပြီးမှ...

"ကျွန်တော်တို့ လေးယောက်ဟာ အခင်မင်ဆုံး သူငယ်ချင်း တွေပါ၊ သက်ထားနဲ့ မရင်းနှီးတဲ့အချိန်ထဲက သက်ထားရွှေစင် ဆိုတဲ့နာမည် ကို သူရိန့်ပါးစပ်က စကြားခဲ့ရတယ်။ အဲဒီနောက် "မဟာ" ဆိုတဲ့နာမည်နဲ့ ဒုံ ဒေတ်တို့နှစ်ယောက် ခင်ခဲ့တယ်။ မထင်မှတ်ဘဲ မဟာဟာ သက်ထား

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင် ဆိုတာ သိရတဲ့နောက်တော့…"

သူ့စကားကို ဆက်မပြောနိုင်တော့ပေ။ ဝမ်းနည်းကြေကွဲခြင်းတွေဟာ အလိပ်လိုက်နဲ့ရင်ထဲမှာ ပြည့်ကျပ်လို့…

"ကျွန်မ သူတို့ကို ခင်ပါတယ် ကိုသု၊ ဒါပေမယ့် ချစ်သူတစ်ယောက်အနေနဲ့တော့ ဘယ်လိုမှ စဉ်းစားလို့ မရခဲ့ဘူး လပြည့်လည်း ဒါပဲ"

"ကျွန်တော် အားလုံးကို သိပါတယ်။ အချစ်ဆိုတဲ့ ခံစားချက်ဟာ ဇန်တီးလုပ်ယူလို့မရသလို အချိန်ယူပြီးမှလည်း ပေါ်လာတာ မဟုတ်ဘူး။ သူကိုသတိမထားမိတဲ့အချိန်မှာ လျှပ်တပျက်ပေါ်လာပြီး လူတွေရဲ့နှလုံးသားမှာ ဝင်ရောက်ခိုအောင်းတတ်ကြတာ"

"ကိုသုတ အချစ်ကြောင်း တော်တော်နားလည်တယ်နော်၊ အဲဒီလို ခိုအောင်းပြီးရင် ဘာဖြစ်တတ်လဲ ကိုသု"

"မထင်မှတ်တဲ့ အချိန်မှာပဲ ပေါ်လာတဲ့ အချစ်ကြောင့်ပဲ လူတွေရဲ့နှလုံးသားတွေ ခံနိုင်ရည်အားနည်းပြီး ဖွဲဖွဲလမ်းလမ်းနဲ့ ရူးသွပ်ကုန်ကြတယ် သက်ထား"

"ကျွန်မရင်ထဲမှာ ကိုသု အမြဲတမ်းရှိနေမှာပါ"

ထိုစကားကို သူမက အိပ်ယာကနိုးထလာတဲ့ လူတစ်ယောက်လို ပြောလိုကလို့ သူ့ရင်ထဲ တနင့်တပိုးကြီး ခံစား လိုက်ရပါတယ်။ ဒါပေမယ့် သူမ မသိအောင် ဟန်ဆောင်ဖုံးကွယ်ပြီး…

""ဝမ်းသာပါတယ် သက်ထား။ လူ့ဘဝဆိုတာ ဘယ်လောက်ပဲ သံယောဇဉ်ရှိရှိ အချိန်တန်ရင် ကိုယ့်သဘိုင်းကိုယ်ရေးပြီး ကိုယ့်ရာဇဝင်ကိုယ် ကမ္ပည်းရေးထိုးရမှာပါ။ ဒါဟာ ဘယ်သူမှ မငြင်းနိုင်တဲ့ အမှန်တရားတစ်ခုပဲ"

"ကိုသု"

"ပြောလေ…သက်ထား"

"ကျွန်မအတွက် စကားတစ်ခွန်းလောက် ပြောပေးပါလား



တစ်ဘဝလုံးအတွက် အမှတ်ရနေမယ့် စကားမျိုးပေါ့။ ကျွန်မရင်ထဲမှာ ထာဝရ သိမ်းထားချင်လို့ပါ"

"ပင်ပန်းပါတယ် သက်ထား၊ အရှုံးအကြောင်းအရာတွေကကျော့စိုင်းတာနဲ့ မေ့ပစ်ကြတာ အကောင်းဆုံးပါပဲ"

"ဒါဆို ကိုသုရင်ထဲမှာ သက်ထားရွှေစင်ဆိုတဲ့ ကောင်မလေးတစ်ယောက် မရှိဘူးပေါ့။ ဟုတ်လား"

သုတ ပါးစပ်ပိတ်ထားလိုက်ပါတယ်။ တကယ်တော့ သူဟာ ပုထုဇဉ်ပီပီ အတ္တရှိတဲ့ လူတစ်ယောက်ပါ၊ ချစ်တဲ့သူကို ချစ်တယ်လို့ ဖွင့်ပြောချင်တာပေါ့၊ ဒါပေမယ့် သက်ထားနဲ့ပတ်သက်ပြီး မမြင်ကွယ်ရာမှာ သူပြောခဲ့တဲ့စကားတွေကဒီလိုပဲ လေထုထဲမှာ ပျောက်ပျက်သွားမှာလား—

"ရတယ်လေ…ကိုသုရင်ထဲမှာ ကျွန်မနဲ့ပတ်သက်ပြီး ဘာမှ မရှိရင်လဲ ပြီးတာပါပဲ"

"ကျွန်တော် သက်ထားကို အမြဲတမ်း သတိတရရှိနေမှာပါ"

"ဟင်"

သူမ နားလည်လိုက်ပါပြီ၊ ကိုသုဟာ ဟန်ဆောင်ခြင်း အတတ်ပညာကို အကျွမ်းကျင်ဆုံး တတ်မြောက်ခဲ့တဲ့ လူတစ်ယောက်ပါ။ သူမ လိုချင်တဲ့စကားတွေ သူ့ရင်ထဲမှာ ရှိနေတာကို သိနေခဲ့တယ်။ ဒါကို ဘာဖြစ်လို့ ဖွင့်မပြောတာလဲ၊ သူမထင်သလို မဟုတ်ဘူးဆိုရင် သူမရဲ့လှုကဲခပ်တဲ့ပညာ အရမ်းညံ့သွားပြီပေါ့၊ တကယ်တော့ ကိုသုသာ သူမလိုချင်တဲ့ စကားကို ဖွင့်ပြောရင် ပြန်ပေးဖို့ အဖြေလည်း ရှိနေပါတယ်၊ ခုတော့…

"ကိုသု…မနက်ဖြန် ခြောက်နာရီကားနဲ့ ကျွန်မပြန်ရမယ်၊ ခွဲခွာခြင်းရဲ့ အထိမ်းအမှတ်တစ်ခုအဖြစ် ကိုသုလိုက်ပို့ပေးနိုင်မယ်လို့ ဘင်ပါတယ်။ ဒီည ကိုသုစဉ်းစားပါ၊ ကျွန်မလိုချင်တဲ့ ကိုသုရင်ထဲက စကားကို ကားပေါ်တက်ခါနီးမှ ဖွင့်ပြောရင်တောင် ကိုသုကို ပြန်ပေးဖို့အဖြေ အဆင်သင့်ရှိနေပါတယ်။ ဒါပဲနော် ကျွန်မ သွားတော့မယ်"

သုတ ဝမ်းနည်းစွာနဲ့ ခေါင်းညိမ့်ပြမိတယ်။ သူ့ရင်ထဲက အချစ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို သူမမြင်သွားပြီ၊ နောက်ပြီး သူမရင်ထဲက အချစ်တွေကိုလည်း ထုတ်ဖော်ပြခဲ့တယ်။

ဒါပေမယ့်
သူ
တို့
နှစ်
ယောက်
ဟာ.....................။





*သစ်သားဧရာ*
*ငှါးကြောင့်*
*မင်းနှလုံးသားတွေ*
*အက်ရာရသွားမှာကို*
*အရမ်းကြောက်မိကယ်ကွာ။*
*ငါဟာ*
*ယောကျ်ားတစ်ယောက်ပါ*
*ဘယ်သူပဲဖြစ်ဖြစ်ပေါ့*
*ကိုယ်ချစ်တဲ့ချစ်သူကိုတော့*
*ရယူပိုင်ဆိုင်ချင်ကြပါတယ်*
*ငါ့အရမ်းမှားခဲ့တယ် သစ်ထူး*
*ရင်နှင့်အောင်ခံစားရမယ့်*
*အလှမ်းဝေးတဲ့မုန်းသိရဲ့သားနဲ့*
*ငါ*
*ကိုယ်တိုင်*
*ဝင်ကာလိုက်မိတယ်...............။*

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ခြောက်နာရီကားနဲ့ သက်ထားရွှေစင် ပြန်တော့မယ်"

ဒီစကားကို သူရိန်နဲ့ တာရာ ပြိုင်တူပြောလိုက်တာပါ။ ထိုစကားတစ်ခွန်းကြောင့် သူတို့သူငယ်ချင်းလေးယောက်ကြားထဲမှာ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားပြီး အားလုံး အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြတယ်။

သူတို့အားလုံး သုတအိမ်မှာ လာဆုံကြတာပါ၊ တကယ်တော့ သုတအိမ်က လွတ်လပ်တယ်။ သူတို့ပြောချင်တာ ပြောလို့ရတယ်။

"တောက်…ကိုအေးရှိုကလည်း ခုအချိန်ထိ ပြန်မလာသေးဘူး။ အတွင်းအားကောင်းတဲ့ အပင်ကလည်း နေ့တိုင်းရေပုံးလိုက်လောင်းနေတာတောင် ခြောက်သွားတယ်၊ ငါက သက်ထားရွှေစင် မပြန်ခင် သိုင်းပညာတစ်ပွဲတစ်လမ်း စမ်းပြီး ရည်းစားစကားပြောချင်တာ"

လပြည့်အသံကြောင့် အတွေးတွေနဲ့ ကိုယ်စီငြိမ်နေကြတဲ့ သူငယ်ချင်းသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါတယ်၊ ထို့နောက် သူရိန်က သက်ပြင်းချကာ….

"သက်ထားရွှေစင်နဲ့ပတ်သက်ပြီး အားလုံးကို မေ့ထားဖို့ စိတ်ကူးထားကြပေမယ့် တကယ်တမ်းကြတော့ ရင်ထဲမှာ မမေ့နိုင်ကြဘူး ခုတော့ သက်ထားရွှေစင်နဲ့ဝေးရပြီ၊ လူ့ဘဝဆိုတာ ချစ်တဲ့သူနဲ့ နေရမှ အဓိပ္ပါယ်ရှိပြီး ပြည့်စုံတာ"



သူရိန့်စကားကြောင့် သုတရင်ထဲမှာ အလွမ်းတွေပိုပြီး ရင့်ရော်သွားပါတယ်၊ သူချစ်တဲ့ ချစ်သူနဲ့ မနက်ဖြန်ဆို ဝေးရတော့မယ်။ ချစ်ချင်းနဲ့ ဝေးခဲ့ပြီးတဲ့နောက်ပိုင်းမှ နှလုံးသားခံစားချက်ကို ဘယ်လိုကုစားမလဲ၊

"ဘာပဲဖြစ်ဖြစ် ချစ်တဲ့သူတစ်ယောက်အနေနဲ့မဟုတ်တောင် ငါတို့ မြို့လေးကို လာလည်တဲ့ သူငယ်ချင်းမိတ်ဆွေ၊ ဧည့်သည် တစ်ယောက်အဖြစ် လိုက်ပို့သင့်တယ်၊ ဘယ်လိုလဲ သုတ၊ မင်းလည်း လိုက်ပို့ပေးမှာလား"

တာရာ့စကားကြောင့် သုတရဲ့စိတ်တွေပိုပြီး နုံးချိသွားပါတယ်၊

"တာရာပြောတာမှန်တယ် သုတ၊ မင်းနဲ့ သက်ထားရွှေစင် ဘယ်လောက်ရင်းနှီးတယ်ဆိုတာ ငါတို့မသိပေမယ့် လိုက်ပို့သင့်တယ်"

သူရိန်ကပါ တာရာစကားကို ထောက်ခံလိုက်ရို့ သုတမှာ မဖြစ်သလို ဟန်ဆောင် လိမ်ညာလိုက်ရတယ်။

"ငါနဲ့ ဘာဆိုင်လို့လဲကွာ…မင်းတို့နဲ့ အဓိကပတ်သက်တာပဲ သက်ထားရွှေစင်ဆိုတာ လပြည့်ကြောင့်သာ ငါနဲ့သိခဲ့တာ၊ သာမန်ထက် ဘာမှမပိုဘူး"

"ဟုတ်တယ်ကွ…ဒီကောင်လည်း ငိုးပိုပဲ သက်ထားရွှေစင်ရဲ့ သိုင်းပညာကို ကြောက်ပြီး ထွက်ပြေးခဲ့ရတာ"

အရေးထဲ လပြည့်က ဂုဏ်ဖော်နေပြန်သေးတယ်။ သူရိန်က…

"ဟုတ်ပါတယ်…တကယ်တော့ မင်းနဲ့လပြည့်က အနေသာကြီးပါ၊ ငါတို့နှစ်ယောက်သာ လိုက်ပို့သင့်တာ"

"သက်ထားရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ နှုတ်ဆက်လက်ပြဘယ်ဆိုတာ ဘယ်တော့မှ ပြန်မဆုံနိုင်တဲ့ လူတွေအတွက်ပါ"

"ဒါဆို ငါတို့သွားမယ် သုတ၊ လက်ဆောင်ပစ္စည်းတော့ သယ်ပေးရမယ်"

သူရိန်ကပြောပြီး တာရာကိုခေါ်ကာ အိမ်ထဲက ထွက်သွားတယ်။ လပြည့်ကတော့ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေတုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း…လိုက်မပို့ဘူးလား လပြည့်"

"ဟာ…ငါကြောက်တယ် သုတ"

ဒါလည်းကောင်းပါတယ်။ ဦးနှောက်မပြည့်တဲ့ လပြည့် နှလုံးသားမှာ အချစ်နဲ့ပတ်သက်ပြီး သူ့လို မခံစားစေချင်ပါ၊ လှတဲ့အရုပ်လေးကိုမြင်ရင် လိုချင်တဲ့ ကလေးတစ်ယောက်လို အရုပ်ကလေး ပျောက်ကွယ်သွားရင် လိုချင်တဲ့စိတ်လည်း ပျောက်ဆုံးသွားစေချင်ပါတယ်။

"ငါ အနားယူချင်ပြီ လပြည့်၊ မင်းသွားစရာရှိရင်သွားလေ"

"အေးကွ…ဒီနေ့ ကိုရီးယားအချစ်ဇာတ်လမ်းတွဲအသစ် ရောက်မယ်လို့ပြောတယ်။ သွားယူလိုက်ဦးမယ်"

"ဟင်…မင်း လိုင်းပြောင်းသွားပြီလား"

"ဟုတ်တယ်…အချစ်ကမှ တကယ်ခံစားလို့ ကောင်းတာ သိုင်းဇာတ်တွေက အမြဲတမ်းချနေတာပဲ၊ အချစ်အကြောင်း မပါဘူးကွ"

"ဟုတ်ပြီ"

သုတ ဘုရားတချိန်မှာ လပြည့်က သုတ်ခနဲ အိမ်ပေါ်က ဆင်းသွားတယ်။

နောက်ထပ်လည်း တစ်ယောက်ထဲပဲ ကျန်တော့ပါလား။

BURMESE CLASSIC



ဝေးကွာခြင်းနဲ့သာ
ဘဝခရီးဆက်ရမယ်ဆိုရင်
ခံစားနိုင်မယ် မထင်ဘူး
မျှော်လင့်ချက်
ကောင်းခြည်တစ်ခု
မတွန်းသုံးသ၍
မျှော်လင့်ချင်စိတ်တယ်
နှလုံးသားရဲ့
လက်ခံနိုင်တဲ့ စွမ်းအားတစ်ခု
ပျောက်ဆုံးမသွားသ၍
ဝေးရမယ်ဆိုတာကို
ငြင်းဆန့်မြဲပါသက်ထား……။

www.burmeseclassic.com

www.burmeseclassic.com



သုတာ အိပ်ယာတနိုးတော့ မနက်ခုနစ်နာရီ။

ညက အိပ်ဆေးရဲ့တန်ခိုးက အစောကြီးနိုးတတ်တဲ့ သူရဲ့ အတွင်းကို ဖျက်စီးစေခဲ့တယ် မဟုတ်လား။

သူ ကိုယ်လက်သန့်စင်ပြီးလို့မှ မကြာသေးဘူး၊ အိမ်ပေါ်ကို သူရိန်နဲ့တာရာ တက်လာကြတယ်။ မျက်နှာတွေမှာလည်း မဆိုစလောက် တင်းမာနေကြပါတယ်။

"မင်း အခုမှ အိပ်ယာထတာလား"

သူရိန်စကားကြောင့် သုတာ ပခုံးတစ်ချက်တွန့်ပြီး...

"အေးလေ...ဘာဖြစ်လို့လဲ"

"ဟန်ဆောင်ကောင်းလှချည်လား သုတ၊ သက်ထားရွှေစင်နဲ့ ပတ်သက်ပြီး မှန်မှန်ပြောစမ်း"

"ဟာ...ဘယ်လိုလဲ ငါဘာမှ နားမလည်ဘူး"

"ဟား...ဟား....ဟား..သိပ်ရယ်စရာကောင်းတဲ့ ဟန်ဆောင်မှုပဲ သုတ၊ သက်ထားရွှေစင်ဟာ ငါးနာရီထဲက ကားဂိတ်ကို ရောက်နေတာ၊ မင်းနဲ့ပတ်သက်ပြီး သက်ထားရွှေစင် ဖွင့်ဟသွားခဲ့တယ်။ နောက်ဆုံး မင်းအိမ်ကိုလာပြီး နှုတ်ဆက်တာက အစပေါ့။ မင်းပြောမှ ငါတို့လေး ယောက်ဟာ သူငယ်ချင်းတွေမှန်း သူသိတာတဲ့၊ ဒီမှာသုတ အချစ်ဆိုတဲ့ ဝေါဟာရတစ်ခုက အရမ်းကို ကျယ်ပြန့်တယ်။ အချစ်စစ်၊ အချစ်မှန်ဟာ ဒီလောကမှာ အမှန်တကယ်ရှိနေတယ်ဆိုရင်တောင် မင်းလိုတွေဝေတဲ့



တဲ့ ယောက်ျားမျိုးအတွက် မဟုတ်နိုင်ဘူး၊ သက်ထားရွှေစင်ဟာ မင်းကို ကားထွက်သွားတဲ့အထိ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်သွားခဲ့တယ်"

သူရိန်က စကားကိုရပ်ကာ ဘာမှမရှိတဲ့ အုတ်နံရံကို ငေးကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ တာရာ့အသံက ဆက်ပြီး ပေါ်ထွက်လာပြန်တယ်။

"သုတ...မင်းဟာ သူငယ်ချင်းတွေကို ညာတယ်။ သက်ထားရွှေစင်ကို ညာတယ်။ ပြီးတော့ မင်းရဲ့နှလုံးသားကို မင်း ပြန်ညာတယ်၊ မင်းဟာ ဘဝမှာ အကြီးမားဆုံးသော အမှားတစ်ခုကို ကျူးလွန်မိသွားပြီ ကားပေါ်တတ်သွားတဲ့အချိန်မှာ သက်ထားရွှေစင်ရဲ့ လွင့်ကြွေသွားတဲ့ မျက်ရည်တစ်ပွင့်၊ ခန့်မှန်းရခက်တဲ့ မထိတထိအပြုံး၊ လျှို့ဝှက်စွာ တွန့်သွားတဲ့ နှုတ်ခမ်းတစ်စုံ၊ ဒါတွေကို ဘယ်လိုနည်းနဲ့ ပြန်ပေးဆပ်မလဲ"

"ဟာ"

သုတ အရမ်းကို တုန်လှုပ်သွားပါတယ်။ တကယ်လို့သာ သက်ထား ဒီလိုဖြစ်ခဲ့ရင် သူ အရမ်းမှားသွားပါပြီ။

"တကယ်တော့ အချစ်ဆိုတာ ရယူခြင်းလည်း မဟုတ်ဘူး ပေးဆပ်ခြင်းလည်း မဟုတ်ဘူး၊ ချစ်သူကို သစ္စာရှိရှိ ချစ်တတ်ပြီး၊ အချစ်ရဲ့ အရသာကို ခံစားတတ်မှ အချစ်လို့ခေါ်ကာ၊ ပြီးတော့ ပေးဆပ်ခြင်းနဲ့ ချစ်ခွင့်ရတဲ့ အချစ်လည်း ချိုမြိန်ပါတယ်တဲ့"

"ဒီစကားကို ငါတို့နှစ်ယောက်ရှေ့မှာ သက်ထားရွှေစင် ပြောသွားတာ၊ မင်းကို ရည်ရွယ်ပြီး ပြောတယ်လို့ ငါတို့သတ်မှတ်တယ်"

သူလွမ်းဆွေးရိပ်တွေစွာနဲ့ အဝေးကို မျှော်ကြည့်လိုက်တယ်၊ ဘဝမှာ အချစ်ဆိုတဲ့ ဒဏ်ရာ၊ ဒဏ်ချက်တွေနဲ့ သူ့ဘဝကြီးကို ဆက်လက်ရှင်သန်ဦးမှာပါလား။

www.burmeseclassic.com

www.burmeseclassic.com



**သက်ထားရေ**

တစ်နေ့ ပြန်ဆုံခွင့်ရချင်ပါတယ်။ အဲဒီအချိန်ကြရင် ငါ့အတွက်မင်းကျခဲ့တဲ့မျက်ရည်တွေကိုအကြင်နာလက်နဲ့သုတ်ပေးပါရစေ။

ခုတော့ မင်းအတွက်

**သက်**...ဆုံးတိုင်အောင်

**ထား**...ခဲ့ပေမယ့်

**ရွှေ**.....အဆင်းလို

**စင်**.......ကြယ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ရန်ကုန်သူ သက်ထားရွှေစင် သိပါစေ....။

ရိုးသားစွာကြိုးစားလျက်

နေခ

[illegible]

မြတ်စာပေ

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ( Central Hotel) ဘေး
☎ :01 - 704490 : 09 - 5031034

BURMESE CLASSIC
www.burmeseclassic.com